မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

အတွဲ (၅၂)
အမှတ် (၂၅၂)

Established in 1914

Myanma Alinn Daily

၁၃၇၅ ခုနှစ်၊ နယုန်လဆန်း ၆ ရက်

၂၀၁၃ ခုနှစ်၊ ဇွန် ၁၄ ရက်၊ သောကြာနေ့။

ထစ်ချုန်းမိုး

၁၄-၆-၂၀၁၃

နေပြည်တော်နှင့် ရန်ကုန်မြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။

လေဖိအားနည်းရပ်ဝန်း ဖြစ်ပေါ်

နေပြည်တော် ဇွန် ၁၃

ယနေ့နံနက် ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းတွင် လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နေသည်ဟု မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သတင်းထုတ်ပြန်ထားသည်။

(သတင်းစဉ်)

ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်အဆင့်မြှင့်တင်မှုများ ပြုလုပ်နေ

သတင်းမှတ်စု-မောင်သစ္စာ
ဓာတ်ပုံ-တင်စိုး

ရန်ကုန် ဇွန် ၁၃

ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်သည် ခရီးသည်များဝင်ထွက်သွားလာမှု တဖြည်းဖြည်းများပြားလာလျက်ရှိသဖြင့် အဆင့်မြှင့်တင်မှုနှင့် တိုးချဲ့မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ မကြာမီ ဂျပန်ကုမ္ပဏီတစ်ခုက တာဝန်ယူလုပ်ကိုင်တော့မည် ဖြစ်သည်။

လောလောဆယ်တွင် ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်ရှိ ပြည်တွင်းခရီးသည်နားနေဆောင်ကို ဖြိုချမှုများပြုလုပ်လျက်ရှိပြီး အဆင့်မြှင့်တင်မှုပြုလုပ်ရန် စီစဉ်နေသည်။ အဆိုပါ ခရီးသည်နားနေဆောင်ကို နှစ်ထပ်ပြုလုပ်ရန် စီစဉ်နေကြောင်း သိရသည်။

ထို့အတူ လေယာဉ်ရပ်နားရာ ဧရိယာတစ်ခုကိုလည်း လေယာဉ်ပြေးလမ်း၏ တောင်ဘက်တွင် တိုးချဲ့ပြုလုပ်လျက်ရှိသည်။ အဆိုပါ လုပ်ငန်းများကို လောလောဆယ်တွင် လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်နေခြင်းဖြစ်သည်။

ထိုသို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်လုပ်ငန်းများကို မကြာမီ ဂျပန်နိုင်ငံမှ ကုမ္ပဏီတစ်ခုက တာဝန်ယူဆောင်ရွက်မည်ဖြစ်ရာ နိုင်ငံတကာ လေဆိပ်များအတိုင်း အရည်အသွေးစံချိန်မီဖြစ်စေရန် စီစဉ်လုပ်ကိုင်သွားမည် ဖြစ်သည်။

ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်သည် တစ်နှစ်လျှင် ခရီးသည် ဝင်ထွက်သွားလာမှုဦးရေ ၂ ဒသမ ၇ သန်းခန့်ရှိနေရာ လာမည့် ၂၀၁၅ ခုနှစ်တွင် နှစ်စဉ်ခရီးသည် အဝင်အထွက် ၅ ဒသမ ၅ သန်းအထိ ဝင်ထွက်သွားလာနိုင်ရေး မျှော်မှန်းပြီး လေဆိပ်လုပ်ငန်းများကို အဆင့်မြှင့်တင်မှုများ ပြုလုပ်နေခြင်း ဖြစ်သည်။

မြန်မာနိုင်ငံသို့ စီးပွားရေးသမားများ၊ ကုမ္ပဏီများ၊ ကမ္ဘာလှည့်များနှင့် အခြားသော ကိစ္စရပ်အမျိုးမျိုးဖြင့် လာရောက်ကြသူ ပြည်ပမှ ဧည့်သည်များအတွက် ပိုမိုအဆင်ပြေစွာလာရောက်နိုင်ရေးအတွက် ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်ကို အဆင့်မြှင့်တင်မှုများ ပြုလုပ်ခြင်းဖြစ်သည်။

(မြန်မာ့အလင်း)

သူတို့အလုပ်လုပ်တဲ့နေရာမှာ စိုးရိမ်စရာ မရှိတဲ့အတွက် မပြန်လိုသေးပါဘူးလို့ အများစုက ပြောကြပါတယ်

နေပြည်တော် ဇွန် ၁၃

မြေပြင်ကွင်းဆင်းစုံစမ်းရန်နှင့် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် တွေ့ဆုံဆွေးနွေးရန် မလေးရှားနိုင်ငံတွင် ရောက်ရှိနေသည့် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်ယော်၊ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်ဝင်းမော်ထွန်း ခေါင်းဆောင်သည့် အထူးကိုယ်စားလှယ်အဖွဲ့သည် ဇွန် ၁၂ ရက်တွင် မလေးရှားနိုင်ငံ၌ မြန်မာအလုပ်သမားများနှင့်တွေ့ဆုံပြီး ၁၃ ရက်တွင် မလေးရှားနိုင်ငံ ပြည်ထဲရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် တွေ့ဆုံခဲ့ကြောင်း သိရှိရသည်။

သတင်းအဖွဲ့က ဒုတိယဝန်ကြီး ဦးဇင်ယော်အား ဇွန် ၁၂ ရက်တွင် တယ်လီဖုန်းဖြင့် ဆက်သွယ်မေးမြန်းခဲ့သည်များကို တင်ပြလိုက်ပါသည်-

မေး။ ။ ဒုတိယဝန်ကြီးတို့အနေနဲ့ မလေးရှားနိုင်ငံမှာ လက်ရှိဆောင်ရွက်နေတာလေးတွေနဲ့ပတ်သက်ပြီး ပြောပြပေးစေချင်ပါတယ်ခင်ဗျာ။

စာမျက်နှာ ၈ ကော်လံ ၁ ▲

နိုင်ငံခြားရေးဝန်ကြီးဌာန
ဒုတိယဝန်ကြီး ဦးဇင်ယော်။

ကာကွယ်တောများအတွင်းမှ ကျေးရွာ ၁၀၀၀ ကျော်ခွင့်ပြုမည်

သီးနှံသစ်တောရောနှောနည်းစနစ်ဖြင့် အစုအဖွဲ့ပိုင်သစ်တောများ တည်ဆောက်ပြီး ဆက်လက်လုပ်ကိုင်ခွင့်ပြုမည်

နေပြည်တော် ဇွန် ၁၃

ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းစဉ်များကို နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်နှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနသည် သစ်တောကြိုးဝိုင်းနှင့် ကြိုးပြင်ကာကွယ်တောများအတွင်း ခွင့်ပြုချက်မရှိဘဲ နှစ်ကာလအတန်ကြာအခြေချနေထိုင်လျက်ရှိသည့် ဒေသခံပြည်သူများ၏ ဘဝရပ်တည်မှုနှင့် လူမှုစီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ ပထမအဆင့်အနေဖြင့် ပြည်ထဲရေးဝန်ကြီးဌာနအမည်ပေါက်စာရင်းဝင်ကျေးရွာ ၁၂၁၃ ရွာအား ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် သစ်တောမြေအဖြစ်မှ ပယ်ဖျက်ပေးမည်ဖြစ်ကြောင်း သိရှိရသည်။

ထိုသို့ ဆောင်ရွက်ခွင့်ပြုရာတွင် ကျေးရွာမြေ ဧရိယာ ၂၄၄၄၇ ဒသမ ၄၄ ဧက၊ လယ်မြေဧရိယာ ၂၉၅၃၁၉ ဒသမ ၇၇ ဧကနှင့် စာသင်ကျောင်း၊ ကျေးလက်ကျန်းမာရေး ဆေးပေးခန်းစသည့် အများပိုင်မြေနှင့် သာသနာ့နယ်မြေများ ၂၆၁၂၁ ဒသမ ၉၂ ဧက စုစုပေါင်း ဧရိယာ ၃၄၅၈၈၉ ဒသမ ၁၃ ဧကအား သစ်တောကြိုးဝိုင်းနှင့် ကြိုးပြင်ကာကွယ်တောအဖြစ်မှ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စွန့်လွှတ်ပယ်ဖျက်ပြီး ဒေသခံပြည်သူများအား တရားဝင် နေထိုင်လုပ်ကိုင်ခွင့်ပြုမည် ဖြစ်သည်။

စာမျက်နှာ ၅ ကော်လံ ၁ ❐



မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

စားနပ်ရိက္ခာပြည့်စုံကြွယ်ဝရေး

လူသားတိုင်းအတွက် ဘဝတွင် အဓိကလိုအပ်ချက်ဖြစ်သည့် စားရေး၊ ဝတ်ရေး၊ နေရေး အခြေခံလိုအပ်ချက်များအနက် နေ့စဉ်နှင့်အမျှ မရှိမဖြစ်လိုအပ်ချက်သည် စားရေးဖြစ်သည်။ နေ့စဉ်တိုးတက်လျက်ရှိသည့် လူဦးရေအတွက် စားနပ်ရိက္ခာ ဖူလုံရေးသည် အရေးကြီးသောအချက်ဖြစ်သည်။ လက်ရှိ ကမ္ဘာ့လူဦးရေသန်းပေါင်း ၇၀၀၀ ကျော်သည် လာမည့် ၂၀၅၀ ပြည့်နှစ်ကာလတွင် သန်းပေါင်း ၉၀၀၀ ကျော်ရှိလာမည် ဖြစ်သည်။ တိုးတက်လာမည့် လူဦးရေအတွက် စားနပ်ရိက္ခာလိုအပ်ချက်ကို နှစ်ဆ၊ သုံးဆ ပိုမိုတိုးတက်ထုတ်လုပ်နိုင်ရန် ဆောင်ရွက်ကြရမည် ဖြစ်သည်။

မြန်မာနိုင်ငံသည် သဘာဝရေမြေသယံဇာတ ပေါကြွယ်ဝပြီး စိုက်ပျိုးရေးအတွက်လည်း သင့်တင့်ကောင်းမွန်သော ရာသီဥတုအခြေအနေရှိသည်။ သီးနှံထုတ်လုပ်မှုများကို တိုးမြှင့်ပြီး တိုးတက်အောင်ထုတ်လုပ်သကဲ့သို့ မွေးမြူရေးကဏ္ဍတွင်လည်း တိုးမြှင့်ဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံ၏ လူဦးရေ ၇၀ ရာခိုင်နှုန်းသည် ကျေးလက်ဒေသတွင် နေထိုင်လျက်ရှိကြရာ ကျေးလက်နေပြည်သူများ၏ တစ်ဦးချင်း ဝင်ငွေတိုးရေးအတွက် စိုက်ပျိုးရေးနှင့်အတူ မွေးမြူရေးကိုလည်းတွဲဖက်ပြီး ပေါင်းစည်းလယ်ယာလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ကြသည်။ မွေးမြူရေးလုပ်ငန်းသည် တောင်သူများအတွက် နေ့စဉ်ဝင်ငွေရရှိပြီး တစ်ပိုင်တစ်နိုင်လုပ်ငန်းမှ စီးပွားဖြစ်မွေးမြူနိုင်သည်အထိ တိုးမြှင့်ဆောင်ရွက်ကြသည်။

ကျေးလက်နေပြည်သူများနှင့် မြို့ပြအခြေခံပြည်သူများ လိုအပ်သောငွေကြေးအရင်းအနှီးပံ့ပိုးပေးရေးအတွက် အသေးစားငွေရေးကြေးရေးလုပ်ငန်းများက ဆောင်ရွက်ပေးလျက်ရှိသည်။ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနကလည်း မွေးမြူရေးနည်းပညာများ၊ အထောက်အပံ့များ ပံ့ပိုးပေးလျက်ရှိသည်။ မွေးမြူရေးလုပ်ကိုင်သူများသည် တိရစ္ဆာန်ကောင်ရေ တိုးပွားရန်၊ မျိုးကောင်းမျိုးသန့်များကို ခေတ်မီနည်းစနစ်ဖြင့် မွေးမြူကြရန်၊ ထုတ်လုပ်မှုတိုးတက်ရန်၊ ကူးစက်ရောဂါကင်းရှင်းစွာဖြင့် မွေးမြူထုတ်လုပ်ရန် အရေးကြီးပေသည်။ သဘာဝအခြေခံ မွေးမြူထုတ်လုပ်သည့်စနစ်ဖြင့်လည်း ဆောင်ရွက်ကြရန် လိုအပ်ပေသည်။

မြန်မာနိုင်ငံ၏ရေထွက်ကုန်ပစ္စည်းနှင့် စပ်လျဉ်း၍ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်တွင် အမေရိကန် ဒေါ်လာ ၆၅၃ ဒသမ ၈၅ သန်း ပြည်ပသို့ တင်ပို့နိုင်ခဲ့သည်။ သားငါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်ကသာမက တိုင်းရင်းသားပုဂ္ဂလိကလုပ်ငန်းရှင်များ၊ အသင်းအဖွဲ့များသည် ငါး၊ ပုစွန်၊ ကဏန်း၊ ငါးရှဉ့်စသည်တို့ကို မွေးမြူထုတ်လုပ်လျက်ရှိသည်။ ကဏန်းနှင့် ငါးရှဉ့်သည် ပြည်ပတင်ပို့ရာတွင် ဈေးကောင်းရရှိပြီး ဝယ်လိုအား မြင့်တက်လျက်ရှိသည်။ ခေတ်မီ ငါးမွေးမြူရေးနည်းစနစ်များကို အသုံးပြုခြင်း၊ ငါးမျိုးကောင်းမျိုးသန့်များကို မွေးမြူခြင်း၊ သားဖောက်ခြင်းတို့ကို ဆောင်ရွက်ခြင်းဖြင့် ပြည်တွင်းစားသုံးမှုသာမက ပြည်ပသို့ တင်ပို့ရောင်းချနိုင်ခြင်းဖြင့် ဝင်ငွေများတိုးတက်ရရှိစေမည် ဖြစ်သည်။

စားနပ်ရိက္ခာကြွယ်ဝရန်နှင့် ပြည်သူများ လူမှုစီးပွားဖွံ့ဖြိုးရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းကို နည်းစနစ်မှန်ကန်စွာနှင့် တန်ဖိုးမြှင့် ထုတ်လုပ်သွားပါက စားနပ်ရိက္ခာများ ပြည်တွင်းစားသုံးမှု ပြည့်စုံကြွယ်ဝနေမည် ဖြစ်ပါကြောင်း။ ။

ပြည်တွင်းသတင်း

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ညီလာခံတက်ရောက်

နေပြည်တော် ဇွန် ၁၃

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့၌ မေ ၂၀ မှ ၂၈ ရက်အထိ ကျင်းပခဲ့သည့် (၆၆)ကြိမ်မြောက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ညီလာခံ၊ မေ ၂၉ မှ ၃၀ ရက်အထိ ကျင်းပခဲ့သည့် (၁၃၃) ကြိမ်မြောက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ စီမံခန့်ခွဲမှုဆိုင်ရာဘုတ်အဖွဲ့အစည်းအဝေးနှင့် အမေရိကန်နိုင်ငံ ဘော်စတွန်မြို့ ဟားဗတ်တက္ကသိုလ်၌ ဇွန် ၂ မှ ၅ ရက်အထိ ကျင်းပခဲ့သည့် Ministerial Health Leaders Forum တို့သို့ တက်ရောက်ခဲ့သည်။

(၆၆)ကြိမ်မြောက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ညီလာခံဖွင့်ပွဲ အခမ်းအနားကို ဂျီနီဗာမြို့ရှိ Palais des Nations အဆောက်အအုံ Assembly Hall ၌ ကျင်းပရာ အဖွဲ့ဝင်နိုင်ငံပေါင်း ၁၉၅ နိုင်ငံမှ ကျန်းမာရေးဝန်ကြီးများ၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်နှင့် ကိုယ်စားလှယ်အဖွဲ့၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများတက်ရောက်ခဲ့ကြသည်။

ညှိနှိုင်းဆွေးနွေး

အစည်းအဝေး ကျင်းပနေစဉ်အတွင်း ပြည်ထောင်စုဝန်ကြီးသည် မေ ၂၀ ရက်တွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အရှေ့တောင်အာရှဒေသဆိုင်ရာ ညွှန်ကြားရေးမှူး Dr. Samlee Plianbangchang နှင့် လည်းကောင်း၊ မေ ၂၁ ရက်တွင် နီပေါလ်နိုင်ငံနှင့် သီရိလင်္ကာနိုင်ငံများမှ ကျန်းမာရေးဝန်ကြီးများနှင့် လည်းကောင်း၊ မေ ၂၂ ရက်တွင် မြောက်ကိုရီးယားနိုင်ငံနှင့် အရှေ့တီမော(လ်)နိုင်ငံများမှ ကျန်းမာရေးဝန်ကြီးများနှင့် လည်းကောင်း သီးခြားစီ တွေ့ဆုံဆွေးနွေးခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် မေ ၂၁ ရက်တွင် Aligning for better results; IHP+ technical briefing၊ မေ ၂၂ ရက်တွင် Accelerating Achievement of Health related MDGs; The Global Fund New Funding Model Implication for Country Level Cooperation and WHO's Supplant Technical briefing နှင့် မေ ၂၄ ရက်တွင် Meeting of the Global Fund Implementers အစည်းအဝေးများသို့ တက်ရောက်ဆွေးနွေးခဲ့သည်။ မေ ၂၇ ရက်တွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် Dr. Magret Chan နှင့် တွေ့ဆုံ၍ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ဌာနေကိုယ်စားလှယ် ခန့်ထားရေးဆိုင်ရာကိစ္စနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ စီမံချက်လုပ်ငန်းများ ပိုမိုတိုးမြှင့်ဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ ညှိနှိုင်းဆွေးနွေးခဲ့ပြီး ဂျီနီဗာမြို့၌ Mr. Mark Edington, Head of Grant Management Division, Global Fund နှင့် တာဝန်ရှိသူများအား တွေ့ဆုံ၍ ကမ္ဘာ့ရန်ပုံငွေ အစီအစဉ်ဖြင့် အဓိကရောဂါကြီးသုံးမျိုး တိုက်ဖျက်ရေးလုပ်ငန်းများတွင် ရန်ပုံငွေ ခွဲဝေသုံးစွဲမှုဆိုင်ရာကိစ္စများ ညှိနှိုင်းဆွေးနွေးခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် မေ ၂၉ ရက်မှ ၃၀ ရက်အထိ ဂျီနီဗာမြို့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ဌာနချုပ်ရုံး Executive Board အစည်းအဝေးခန်းမ၌ ကျင်းပသည့် (၁၃၃)ကြိမ်မြောက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ စီမံခန့်ခွဲမှုဆိုင်ရာဘုတ်အဖွဲ့ အစည်းအဝေးသို့ တက်ရောက်ခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် မေ ၃၀ ရက်တွင် မော်လ်ဒိုက်နိုင်ငံ ကျန်းမာရေးဝန်ကြီးနှင့်တွေ့ဆုံ၍ ဆေးပညာသင်ကြားရေးနှင့် ကုသရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေးကိစ္စများ ညှိနှိုင်းဆွေးနွေးခဲ့သည်။

မေ ၃၁ ရက်တွင် ပြင်သစ်နိုင်ငံ လီယွန်မြို့ရှိ SANOFI PASTEUR ကာကွယ်ဆေးထုတ်စက်ရုံသို့ သွားရောက်လေ့လာခဲ့သည်။ ဇွန် ၂ ရက်တွင် အမေရိကန်နိုင်ငံ ဘော်စတွန်မြို့ Sheraton Commander ဟိုတယ်၌ China Medical Board ဥက္ကဋ္ဌ Dr. Lincoln Chen နှင့် တွေ့ဆုံခဲ့သည်။ ထို့နောက် Harvard တက္ကသိုလ် Loeb House ၌ ကျင်းပသည့် Ministerial Health Leader's Forum ဖွင့်ပွဲသို့ တက်ရောက်ခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် ဇွန် ၃ မှ ၅ ရက်အထိ Harvard Kennedy School တွင် ကျင်းပသည့် Harvard Ministerial Health Leader's Forum သို့ တက်ရောက်ခဲ့သည်။ ဇွန် ၆ ရက်တွင် အမေရိကန်နိုင်ငံ Minneapolis မြို့ရှိ Medtronic ဌာနချုပ်သို့ သွားရောက်ကာ Vice -President and General Manager, Mr. Marshalls Stanton နှင့် တွေ့ဆုံ၍ နှလုံးရောဂါကုသရေး ခေတ်မီနည်းပညာများ လေ့ကျင့်သင်ကြားပေးရေးနှင့် ပညာသင်များ စေလွှတ်နိုင်ရေးကိစ္စများ ဆွေးနွေးခဲ့သည်။

ထို့နောက် Minnesota, Rochester မြို့ရှိ MAYO CLINIC သို့သွားရောက်လေ့လာခဲ့သည်။ ပြည်ထောင်စုဝန်ကြီးသည် ဇွန် ၇ ရက်တွင် နယူးယောက် Crotonville ရှိ GE Leadership Institute သို့သွားရောက်လေ့လာ၍ သင်တန်းသားများ စေလွှတ်နိုင်ရေးနှင့် စီမံခန့်ခွဲမှုဆိုင်ရာကိစ္စများ ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဥတုရာသီ တောကိုမှီ

ပုစွန်ရောဂါကျရောက်မှု ကွင်းဆင်းစစ်ဆေးဆောင်ရွက်လျက်ရှိ

ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ်နှင့် တွံတေးမြို့နယ်တို့ရှိ ရေချိုပုစွန်သားပေါက်များ ရောဂါကျရောက်သေဆုံးလျက်ရှိကြောင်း သတင်းရရှိခဲ့ပါသည်။

အကြောင်းကြားထား

အဆိုပါ ဒေသများရှိ ရေချိုပုစွန် သားပေါက်ထုတ်လုပ်သော စခန်းများနှင့် ငါး/ပုစွန် မွေးမြူရေးကန်များသို့ ရောဂါကျရောက်မှုဖြစ်စဉ်များအပေါ် ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံပုစွန်မွေးမြူရေးလုပ်ငန်းရှင်များအသင်းတို့နှင့် ပူးပေါင်း၍ ကွင်းဆင်းစစ်ဆေးရေးအဖွဲ့များဖြင့် ကွင်းဆင်းဆောင်ရွက်လျက်ရှိပြီး ပုစွန်ရောဂါကျရောက်ခြင်းမှ ကြိုတင်ကာကွယ်နိုင်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာနများသို့လည်း အကြောင်းကြားထားပြီး ဖြစ်ပါသည်။

ငါး/ပုစွန် မွေးမြူသူများအနေဖြင့် ရောဂါကျရောက်မှုဖြစ်စဉ် အခြေအနေများအား အောက်ဖော်ပြပါတယ်လီဖုန်းနံပါတ်များသို့ အချိန်နှင့်တစ်ပြေးညီ သတင်းပို့ဆောင်ရွက်ကြပါရန် အကြောင်းကြားပါသည်။

၀၆၇-၄၀၈၄၇၆၊ ၀၆၇-၄၁၈၅၃၈၊ ၀၁-၆၄၇၅၂၁၊ ၀၁-၅၄၁၂၉၄
ငါးလုပ်ငန်းဦးစီးဌာန

ပြည်တွင်းသတင်း

ရေထုလေထုညစ်ညမ်းမှုကြောင့် ကြုံတွေ့ရမည့်ဆိုးကျိုးများလျော့နည်းရေး အဖြေရှာဆောင်ရွက်

နေပြည်တော် ဇွန် ၁၃

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနနှင့် အရှေ့အာရှအက်စစ်ဖြစ်ထွန်းမှုကွန်ရက် (EANET) အဖွဲ့တို့ ပူးပေါင်းကျင်းပသည့် အမျိုးသားအဆင့် လေထုညစ်ညမ်းမှုနှင့် အက်စစ်ဖြစ်ထွန်းမှုဆိုင်ရာဆွေးနွေးပွဲကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြတ်တော်ဝင်ဟိုတယ်၌ ကျင်းပသည်။

အဆိုပါ ဆွေးနွေးပွဲသို့ တက်ရောက်လာသည့် ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်က အက်စစ်ဖြစ်ထွန်းမှုကြောင့် သဘာဝပတ်ဝန်းကျင်နှင့် လူသတ္တဝါများအပေါ် ကျရောက်နိုင်သည့် ဆိုးကျိုးများ လျော့နည်းစေရေးအတွက် အက်စစ်ဖြစ်ထွန်းမှုဆိုင်ရာ အသိပညာရှိရန် လိုအပ်ကြောင်း၊ အသိပညာပေးခြင်း လုပ်ငန်းများကို လူငယ်လူရွယ်များမှတစ်ဆင့် မိဘပြည်သူများထံ အလွယ်တကူသိရှိနိုင်ပြီး အနာဂတ်မြန်မာနိုင်ငံ၏ ရေထု လေထု အရည်အသွေး ထိန်းသိမ်းရေးတွင် များစွာအထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း၊ အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့် ကိုယ်စားလှယ်များအနေဖြင့် ဘာသာရပ်အလိုက် အသိပညာများကို ဖလှယ်ဝေငှကြပြီး အက်စစ်ဖြစ်ထွန်းမှု၊ ရေထုလေထု ညစ်ညမ်းမှုတို့ကြောင့် ကြုံတွေ့ရမည့် ဆိုးကျိုးများ လျော့နည်းစေရေးအတွက် ပူးပေါင်းအဖြေရှာပြီး အတူတကွ လက်တွဲဆောင်ရွက်ကြရန် လိုအပ်ကြောင်းဖြင့် အမှာစကား ပြောကြားသည်။ **(အပေါ်ယာပုံ)**

ဆက်လက်၍ အရှေ့အာရှ အက်စစ်ဖြစ်ထွန်းမှု ကွန်ရက်အဖွဲ့မှ အတွင်းရေးမှူး Dr. Supat Wangwongwatana နှင့် Deputy Director General, Dr.Jesada Luangjame တို့က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားကြပြီး ဆွေးနွေးပွဲသို့ တက်ရောက်လာကြသူများနှင့် အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြသည်။

ထို့နောက် ဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ Introduction to the Acid Deposition Monitoring Network in East Asia(EANET) and other related Atmospheric Pollutions၊ Acid Deposition Monitoring Activities of the EANET, the State of Acid Deposition and Air Pollution in East Asia၊ EANET Activities in Myanmar၊ Ambient Air Pollution in Myanmar၊ Environment Conservation Policy of Myanmar စသည့် ခေါင်းစဉ်များဖြင့် ပြည်တွင်းပြည်ပ ပညာရှင်များက ဆွေးနွေးပြောကြားကြသည်။

ပြည်တွင်းပြည်ပ ပညာရှင်များ၏ ဆွေးနွေးတင်ပြချက်များအပေါ် တက်ရောက်လာကြသူများက မြန်မာနိုင်ငံ၏ ရာသီဥတုဆိုင်ရာလက်ရှိဖြစ်ပေါ်နေမှုများနှင့် အနာဂတ် ကြုံတွေ့ရမည့် အခြေအနေများကို မေးမြန်းဆွေးနွေးကြကာ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က အကြံပြုတင်ပြချက်များနှင့် ဆွေးနွေးပွဲရလဒ်များအား သုံးသပ်ပြောကြား၍ ဆွေးနွေးပွဲကိုရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

မြန်မာ-ထိုင်း အဆင့်မြင့်ပညာရေးဆိုင်ရာ ဆွေးနွေးပွဲနှင့် ပြပွဲကျင်းပ

ရန်ကုန် ဇွန် ၁၃

“Myanmar-Thailand Co-operation in Higher Education: Strengthening Links” အစီအစဉ်အရ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာနများအောက်ရှိ တက္ကသိုလ်များနှင့် ထိုင်းနိုင်ငံ အဆင့်မြင့်ပညာရေးကော်မရှင်အောက်ရှိ တက္ကသိုလ်များ ပူးပေါင်းကျင်းပသည့် အဆင့်မြင့်ပညာရေးဆိုင်ရာ ဆွေးနွေးပွဲနှင့် ပြပွဲကို ယနေ့ နံနက်ပိုင်းက ရန်ကုန်မြို့ ပြည်လမ်းရှိ ရန်ကုန်တက္ကသိုလ် စိန်ရတုခန်းမ၌ ကျင်းပသည်။

ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမျိုးမြင့်၊ ထိုင်းနိုင်ငံ အဆင့်မြင့်ပညာရေး ကော်မရှင်နှင့် တာဝန်ရှိသူတို့က အဆင့်မြင့်ပညာရေးဆိုင်ရာပြပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီးနောက် ထိုင်းနိုင်ငံပညာရေးဝန်ကြီးနှင့် ဧည့်သည်တော်များ၊ ဒုတိယဝန်ကြီးနှင့် အဖွဲ့ဝင်များသည် အဆင့်မြင့်ပညာရေးဆိုင်ရာ ပြပွဲအတွင်း လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမျိုးမြင့်၊ ထိုင်းနိုင်ငံ အဆင့်မြင့်ပညာရေးကော်မရှင်နှင့် တာဝန်ရှိသူများ အဆင့်မြင့်ပညာရေးဆိုင်ရာ ပြပွဲကို ကြည့်ရှုကြစဉ်။ (သတင်းစဉ်)

အဆင့်မြင့်ပညာရေးဆိုင်ရာပြပွဲတွင် ထိုင်းတက္ကသိုလ် ၂၃ ခုတို့နှင့် နိုင်ငံတကာကျောင်းများနှင့် ဆက်သွယ်ကာ ပညာသင်ကြားနိုင်မှုနှင့် ပညာရေးဆိုင်ရာ အခွင့်အလမ်းများကို ပြသထားကြောင်း သိရသည်။

ယင်းနောက် ပညာရေးဆိုင်ရာ ဆွေးနွေးပွဲကို စိန်ရတုခန်းမအတွင်း ကျင်းပရာ ထိုင်းနိုင်ငံပညာရေးဝန်ကြီး H.E. Mr. Phongthep Thepkanjana၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမျိုးမြင့်တို့က အဖွင့်အမှာစကားပြောကြားကြပြီး မြန်မာ-ထိုင်းအဆင့်မြင့်ကဏ္ဍ ပူးပေါင်းဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ဆွေးနွေးကြသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံပြန်တမ်း

ဝန်ထမ်းအဖွဲ့ အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့ အစည်းအကြီးအမှူးများ ခန့်ထားခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများအား အစမ်းခန့်ကာလ (၁)နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

	အမည်	**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ ဌာန**
(က)	ဦးသန်းလှိုင်	ညွှန်ကြားရေးမှူးချုပ် မြေတိုင်းဦးစီးဌာန ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန
(ခ)	ဦးအောင်နိုင်ဦး	ညွှန်ကြားရေးမှူးချုပ် ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာန အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန
(ဂ)	ဒေါ်ခင်စန်းဦး	ညွှန်ကြားရေးမှူးချုပ် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်ထူးအား ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ ၂၉ ရက်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

၃။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါပုဂ္ဂိုလ်များအား ၎င်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

	အမည်၊ ရာထူး၊ ဌာန	**ခန့်ထားသည့် ရာထူး၊ ဌာန**
(က)	ဦးမောင်မောင်တင့် ဒုတိယညွှန်ကြားရေးမှူးချုပ် (ရုံးအဖွဲ့မှူး) စီမံကိန်းရေးဆွဲရေးဦးစီးဌာန အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန	ညွှန်ကြားရေးမှူးချုပ် စီမံကိန်းစိစစ်ရေးနှင့်တိုးတက်မှု အစီရင်ခံရေးဦးစီးဌာန အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန
(ခ)	ဗိုလ်မှူးကြီးအောင်တင်စိုး ကာကွယ်ရေးဝန်ကြီးဌာန	ပါမောက္ခချုပ် ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ပြည်ထောင်စုရာထူးဝန်အဖွဲ့

သံအမတ်ကြီးဦးဟောက်ဒိုဆွမ်း ကနေဒါဘုရင်ခံချုပ်ထံ သံအမတ်ခန့်အပ်လွှာပေးအပ်

နေပြည်တော် ဇွန် ၁၄

ကနေဒါနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးဟောက်ဒိုဆွမ်းသည် ၎င်း၏ခန့်အပ်လွှာကို ၂၀၁၃ ခုနှစ် ဇွန် ၁၀ ရက်တွင် အော်တာဝါမြို့၌ ကနေဒါနိုင်ငံ ဘုရင်ခံချုပ်နှင့် ကာကွယ်ရေးဦးစီးချုပ် ဒေးဗစ်ဂျွန်စတန် ထံ ပေးအပ်ခဲ့ပြီးဖြစ်သည်။ **(သတင်းစဉ်)**

ယနေ့ မိုးလေဝသ

နေပြည်တော်နှင့် ရန်ကုန်မြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

နိုင်ငံတကာသတင်း

တရုတ်စီးပွားရေးတိုးတက်မှု ကမ္ဘာ့ဘဏ်က လျှော့ချခန့်မှန်း

ပေကျင်း ဇွန် ၁၃

စီးပွားရေးတိုးတက်မှုနှေးကွေးလာခြင်းနှင့် ကမ္ဘာ့စီးပွားရေးကျဆင်းလာခြင်းတို့ကို အကြောင်းပြု၍ တရုတ်နိုင်ငံ၏ စီးပွားရေးတိုးတက်မှုကို ကမ္ဘာ့ဘဏ်က လျှော့ချခန့်မှန်းလိုက်ကြောင်း ဇွန် ၁၃ ရက်က ဘီဘီစီသတင်းတွင် ဖော်ပြသည်။

ကမ္ဘာ့ဘဏ်က တရုတ်နိုင်ငံ၏ ၂၀၁၃ ခုနှစ် စီးပွားရေးတိုးတက်မှုကို ၇ ဒသမ ၇ ရာခိုင်နှုန်းရှိလိမ့်မည်ဟု လျှော့ချခန့်မှန်းခဲ့သည်။ ကမ္ဘာ့ဘဏ်က စောစောပိုင်းတွင် ၈ ဒသမ ၄ ရာခိုင်နှုန်း တိုးတက်လိမ့်မည်ဟု ခန့်မှန်းထားခဲ့သည်။

ကမ္ဘာ့စီးပွားရေးတိုးတက်မှုသည် ၂ ဒသမ ၄ ရာခိုင်နှုန်းမှ ၂ ဒသမ ၂ ရာခိုင်နှုန်းသို့ လျှော့ချခန့်မှန်းလိုက်သည်။ ကမ္ဘာ့ဒုတိယအကြီးဆုံး တရုတ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုသည်လည်း ကျဆင်းလိမ့်မည်ဟု ကမ္ဘာ့ဘဏ်က ပြောကြားသည်။ လွန်ခဲ့သောဆယ်စုနှစ်များက တရုတ်နိုင်ငံသည် ပို့ကုန်များတင်ပို့မှုနှင့် အစိုးရဦးဆောင်သော ရင်းနှီးမြှုပ်နှံမှုတို့တွင် အဓိကမှီခိုအားထားခဲ့ရသည်။

သို့သော်လည်း အဓိကဈေးကွက်ဖြစ်သည့် အမေရိကန်နှင့် ဥရောပတို့တွင် တရုတ်နိုင်ငံ၏ ပို့ကုန်ဝယ်လိုအား ကျဆင်းလာသည်။ တရုတ်နိုင်ငံအနေဖြင့် ပြည်ပတင်ပို့မှုကျဆင်းလာသော်လည်း ပြည်တွင်း ဝယ်လိုအားကို တိုးမြှင့်သွားရန် အစီအမံများ ချမှတ်ဆောင်ရွက်လျက်ရှိသည်။ **(ဘီဘီစီ)**

ညစာစားပွဲမှအပြန် အစာအဆိပ်သင့်

ကွမ်ကျိုး ဇွန် ၁၃

တရုတ်နိုင်ငံတောင်ပိုင်း ကွမ်တုံပြည်နယ် စားသောက်ကုန်ထုတ်လုပ်ရေး ကုမ္ပဏီတစ်ခုမှ ဝန်ထမ်း ၁၆၀ ခန့်သည် အစာအဆိပ်သင့်နေကြောင်း ကုမ္ပဏီသတင်းရပ်ကွက်က ဇွန် ၁၂ ရက်တွင် ပြောကြားသည်။ ယင်းတို့သည် ဇွန် ၁၀ ရက်က တုံကွမ်မြို့ အခြေစိုက် တုံကွမ်ရှုချီ အစားအစာထုတ်လုပ်ရေးကုမ္ပဏီတွင် ညစာစားပြီးနောက် ဖျားနာခြင်း၊ ပျို့အန်ခြင်းနှင့် ဗိုက်နာခြင်းစသော အစာအဆိပ်သင့်မှုများ ဖြစ်ပွားခဲ့ကြောင်း ၄င်းကုမ္ပဏီမှ မီဒီယာဆက်ဆံရေးအရာရှိက ဆင်ဟွာသို့ပြောကြားသည်။ ဇွန် ၁၂ ရက် နံနက် ၁၀ နာရီခန့်က အဆိုပါကုမ္ပဏီဝန်ထမ်း ၁၀၃ ဦးသည် ဆေးရုံသို့ အမြန်တက်ရောက်ကုသမှု ခံယူခဲ့ရကြောင်း၊ အများစုမှာ ဆေးရုံမှ ပြန်ဆင်းနိုင်ခဲ့ပြီဖြစ်ကြောင်း၊ ၄၅ ဦးမှာ ဆေးကုသမှု ခံယူနေဆဲဖြစ်ကြောင်း ယင်းကုမ္ပဏီမှ ပြောသည်။ **(ဆင်ဟွာ)**

ကန်သမ္မတနှင့် ဂျပန်ဝန်ကြီးချုပ်တို့ ဖုန်းဖြင့် ဆွေးနွေး

ဝါရှင်တန် ဇွန် ၁၃

အမေရိကန်ခေါင်းဆောင်နှင့် တရုတ်နိုင်ငံသမ္မတတို့ မကြာသေးမီက တွေ့ဆုံခဲ့ပြီးနောက် ဇွန် ၁၂ ရက်က အမေရိကန်သမ္မတ ဘားရက်အိုဘားမားနှင့် ဂျပန်နိုင်ငံဝန်ကြီးချုပ် ရှင်ဇိုအာဘေးတို့သည် ဖုန်းဖြင့် ပြောဆိုဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြကြောင်း အမေရိကန်နိုင်ငံ အိမ်ဖြူတော်အစိုးရက ပြောကြားခဲ့သည်။

"နှစ်နိုင်ငံ ခေါင်းဆောင်နှစ်ဦး မကြာသေးမီက တရုတ်သမ္မတနဲ့ တွေ့ဆုံခဲ့တဲ့အကြောင်း၊ အရှေ့တရုတ်ပင်လယ်ပြင်နဲ့ပတ်သက်တဲ့ ဆွေးနွေးမှုများ၊ ငြိမ်းချမ်းရေးများ ဆက်လက်တည်ဆောက်သွားနိုင်ရေး စတာတွေကို သဘောတူညီခဲ့ကြပါတယ်" ဟု ၎င်းအစိုးရက ဖြည့်စွက်ပြောကြားခဲ့သည်။ အရှေ့တရုတ်ပင်လယ်ပြင်၌ တရုတ်အခေါ် ရှင်ကာကူကျွန်း၊ ဂျပန်အခေါ် ဒိုင်အောယုကျွန်းမှာ ပိုင်ဆိုင်မှု အငြင်းပွားနေဆဲဖြစ်သည်။

သမ္မတအိုဘားမားနှင့် ဝန်ကြီးချုပ် ရှင်ဇိုအာဘေးတို့သည် မြောက်ကိုရီးယားနျူကလီးယားဖယ်ရှားရှင်းလင်းရေး အတူတကွပူးပေါင်း လုပ်ဆောင်ရန်နှင့် မြောက်အိုင်ယာလန်တွင် မကြာမီကျင်းပတော့မည့် ဂျီ-၈ ထိပ်သီးအစည်းအဝေး၌ အသီအမြင်များဖလှယ်၍ ရင်းနှီးပွင့်လင်းစွာ အတူတကွဆောင်ရွက်နိုင်ရေးတို့ကိုလည်း ကတိကဝတ်ပြုခဲ့ကြကြောင်း ဖော်ပြထားသည်။ **(အေအက်ဖ်ပီ)**

အဆင့်မြင့်ဆွေးနွေးပွဲပျက်ပြားခဲ့ရမှုအပေါ် မြောက်ကိုရီးယားက တောင်ကိုရီးယားကိုအပြစ်ဆို

ပြုံယမ်း ဇွန် ၁၃

တောင်နှင့်မြောက်ကိုရီးယားတို့သည် အဆင့်မြင့်ဆွေးနွေးရန် စီစဉ်ထားပြီးနောက် ဆွေးနွေးပွဲဖျက်သိမ်းလိုက်သဖြင့် မြောက်ကိုရီးယားက တောင်ကိုရီးယားကို ဆွေးနွေးပွဲပျက်ပြားစေရန် ဖျက်လိုဖျက်ဆီးလုပ်နေသည်ဟု အပြစ်တင်ပြောဆိုလိုက်ကြောင်း ဇွန် ၁၃ ရက်က ရိုက်တာသတင်းတွင် ဖော်ပြသည်။

တောင်ကိုရီးယားသည် အထက်စီးဖြင့် ဖျက်လိုဖျက်ဆီးလုပ်နေကြောင်း၊ ကိုယ်စားလှယ်အကြီးအကဲကို အလဲအလှယ်ပြုလုပ်ခြင်းဖြင့် ပျက်စီးအောင်လုပ်နေကြောင်း မြောက်ကိုရီးယားက ပြောကြားသည်။

ပျက်ခဲ့ရ

ယင်းဆွေးနွေးပွဲသည် လအတန်ကြာ တင်းမာမှုများဖြစ်ပွားခဲ့ပြီးနောက် ဆွေးနွေးရန်စီစဉ်ထားပြီးမှ ပျက်စီးသွားခဲ့ခြင်းဖြစ်သည်။ မူလက နှစ်ဖက်ကိုယ်စားလှယ်ပါဝင်မှုအပေါ် သဘောတူညီထားခဲ့ကြသော်လည်း တောင်ကိုရီးယားမှ ကိုယ်စားလှယ်အကြီးအကဲ လဲလှယ်လိုခြင်းကြောင့် မြောက်ကိုရီးယားနှင့် ဆွေးနွေးပွဲပျက်ခဲ့ရသည်။

မြောက်ကိုရီးယားက ယင်းကဲ့သို့ အပြစ်ပြောဆိုခြင်းအပေါ် စိတ်ပျက်မိကြောင်း တောင်ကိုရီးယားဘက်က ပြောသည်။ ကိုရီးယားနှစ်နိုင်ငံသည် ၂၀၀၇ ခုနှစ် နောက်ပိုင်း ဝန်ကြီးအဆင့် ဆွေးနွေးပွဲကျင်းပခြင်း မရှိသေးကြောင်း သိရသည်။ **(ရိုက်တာ)**

ကမ္ဘောဒီးယား၌ လူရာပေါင်းများစွာ သွေးလှူဒါန်း

ဖနောင်ပင် ဇွန် ၁၃

ကမ္ဘောဒီးယားနိုင်ငံသား ရာပေါင်းများစွာနှင့် ယင်းနိုင်ငံ၌ လာရောက်အလုပ်လုပ်ကိုင်နေသူ နိုင်ငံခြားသား ဒါဇင်များစွာတို့သည် (၁၀)ကြိမ်မြောက် ကမ္ဘာ့သွေးလှူဒါန်းနေ့ ဇွန် ၁၂ ရက်က သွေးလှူဒါန်းမှုများ ပြုလုပ်ခဲ့ကြကြောင်း ဆင်ဟွာသတင်းတစ်ပုဒ်တွင် ရေးသားထားသည်။

ယခုကဲ့သို့ သွေးလှူဒါန်းမှုသည် တန်ဖိုးမဖြတ်နိုင်သော အသက်ပေါင်းများစွာကို ကယ်တင်လိုက်ခြင်းပင် ဖြစ်ပါကြောင်း ကမ္ဘောဒီးယားနိုင်ငံ ကျန်းမာရေးဝန်ကြီး မမ်ဘွတ်ဟမ်းက သွေးလှူဒါန်းသူများအား ဂုဏ်ပြုပြောကြားခဲ့သည်။

ဆက်လက်လှူဒါန်းသွားရန် တိုက်တွန်းပါကြောင်းနှင့် သွေးလှူဒါန်းမှုကြောင့် လှူဒါန်းသူ၏ကျန်းမာရေးအား အန္တရာယ်မဖြစ်စေနိုင်ကြောင်း သွေးလိုနေသော လူသားများအတွက် သွေးလှူရှင်များ၏ သွေးများဖြင့် အသက်ကယ်နိုင်မည်ဖြစ်ကြောင်း ၎င်းက ဖြည့်စွက်ပြောကြားခဲ့သည်။ လှူဒါန်းသော သွေးများအား အိတ်ချ်အိုင်ဗွီ၊ အသည်းရောင်အသားဝါ ဘီပိုး၊ စီပိုး၊ ကာလသားရောဂါနှင့် ငှက်ဖျားရောဂါ ရှိ မရှိ စစ်ဆေးမည်ဖြစ်ပြီး အဆိုပါ ရောဂါပိုးရှိနေသည့် သွေးများအား ဖျက်ဆီးပစ်မည်ဟု ၎င်းက ဆိုသည်။ **(ဆင်ဟွာ)**

ပီရူးနိုင်ငံက ပထမဆုံးပြည်တွင်းဖြစ်ဒုံးကျည်စမ်းသပ်ပစ်လွှတ်

လီမာ ဇွန် ၁၃

ပီရူးနိုင်ငံက ၎င်း၏နည်းပညာရာနှုန်းပြည့်ဖြင့် တည်ဆောက်ထားသည့် အာကာသအတွင်း ရောက်ရှိနိုင်သော ပထမဆုံး ပြည်တွင်းဖြစ်ဒုံးကျည်ကို အောင်မြင်စွာ စမ်းသပ်ပစ်လွှတ်ခဲ့ကြောင်း အမျိုးသားအာကာသသုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးကော်မရှင်အဖွဲ့(ကိုနီဒါ) ခေါင်းဆောင်က ဇွန် ၁၂ ရက်တွင် ပြောကြားခဲ့သည်။

Paulet 1-B အမည်ရှိ အဆိုပါဒုံးကျည်ကို ပီရူးနိုင်ငံမြို့တော် လီမာတောင်ပိုင်း ပူကူဆာမာခရိုင်ရှိ သိပ္ပံသုတေသနအခြေစိုက်စခန်းမှ ဇွန် ၁၁ ရက်က ပစ်လွှတ်ခဲ့ခြင်းဖြစ်ကြောင်း ကိုနီဒါအဖွဲ့ခေါင်းဆောင် မာရီယိုပီမင်န်တယ်လ်ဟာဂွါရက်စ်က ပြောကြားခဲ့သည်။

Paulet 1-B ဒုံးကျည်တီထွင်ထုတ်လုပ်ခြင်းသည် ပီရူးအာကာသလုပ်ငန်းတွင် သမိုင်းမှတ်တိုင်တစ်ခုဖြစ်ခဲ့ကြောင်း၊ အဘယ်ကြောင့်ဆိုသော် ပီရူးနည်းပညာတစ်ခုတည်းဖြင့် ယင်းဒုံးကျည်ကိုပထမဆုံးအကြိမ်တည်ဆောက်ပြီး အာကာသအတွင်းသို့ ပစ်လွှတ်ခဲ့ခြင်းကြောင့်ဖြစ်ကြောင်း ပီမင်န်တယ်လ်က အတည်ပြုပြောကြားခဲ့သည်။

Paulet 1-B ဒုံးကျည်ထုတ်လုပ်မှုစီမံကိန်းကို ပီရူးသိပ္ပံပညာရှင်များက နှစ် ၂၀ ကြာ လုပ်ဆောင်ခဲ့ကြကြောင်း ၎င်းက ပြောကြားသည်။ အဆိုပါဒုံးကျည်ပစ်လွှတ်သည့် အခမ်းအနားသို့ သိပ္ပံနှင့် နည်းပညာတီထွင်မှု လွှတ်တော်ကော်မတီဥက္ကဋ္ဌ၊ သိပ္ပံဆိုင်ရာအသိုင်းအဝိုင်းမှ ကိုယ်စားလှယ်များ၊ တက္ကသိုလ်မှ အရာရှိများနှင့် ပီရူးလေတပ်မှူးများ တက်ရောက်ကြည့်ရှုခဲ့ကြသည်။ **(ဆင်ဟွာ)**

မောင်မွေး ရေးသားသည်

❒ *ရှေ့ဖုံးမှ*

အထက်ပါ ကျေးရွာများတွင် ဒေသခံပြည်သူများ လုပ်ကိုင်လျက်ရှိသည့်ယာမြေများကို သီးနှံ သစ်တောရောနှောစိုက်ပျိုးနည်း စနစ်ဖြင့် ဒေသခံပြည်သူ အစုအဖွဲ့ပိုင်သစ်တောများတည်ထောင်ပြီး ဆက်လက်လုပ်ကိုင်ခွင့် ပြုမည်ဖြစ်သည်။

နိုင်ငံတော်အစိုးရသည် ကျေးလက်နေပြည်သူလူထု၏ အခြေခံစားဝတ်နေရေး လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်သည့်အနေဖြင့် နှစ်ကာလအတန်ကြာ အခြေချနေထိုင်လျက်ရှိသော အိမ်ခြေ ၅၀ နှင့်အထက် ကျေးရွာများအား ဆက်လက်ခွင့်ပြုပေးနိုင်ရေးအတွက် စိစစ်ဆောင်ရွက်လျက်ရှိသည်။ သို့သော်လည်း ဥပဒေနှင့်အညီ ဖွဲ့စည်းထားသည့် သစ်တောနယ်မြေများ (ကြိုးဝိုင်း/ ကြိုးပြင်ကာကွယ်တောများ) အတွင်း တရားမဝင် ထပ်မံကျူးကျော်ဝင်ရောက်ပါက တည်ဆဲဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ဆောင်ရွက်မည်ဖြစ်ကြောင်း သိရှိရသည်။

စီမံဆောင်ရွက်

ထို့အပြင် သစ်တောသယံဇာတနှင့် ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေး၊ သဘာဝပတ်ဝန်းကျင် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်ရှိနှင့်အနာဂတ်ကာလအတွက်ပါ ရည်ရွယ်၍ သစ်တောကြိုးဝိုင်း/ကြိုးပြင် ကာကွယ်တောများကို မူဝါဒ၊ ရည်မှန်းချက်များနှင့်အညီ ထပ်မံတိုးချဲ့ ဖွဲ့စည်းဆောင်ရွက်မည်ဖြစ်ရာ ဒေသခံပြည်သူများ၏ ဆန္ဒနှင့်လိုလားချက်များအား အလေးထား၍ လူမှုစီးပွားရေးနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးတို့ကို ဟန်ချက်ညီ စီမံဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

◆ *ကျောဖုံးမှ*

ဝူရှူးအားကစားနည်းမှာ တရုတ်နိုင်ငံမှ ဆင်းသက်လာသည့် အားကစားနည်းတစ်ခုဖြစ်သောကြောင့် မြန်မာဝူရှူးအဖွဲ့မှာ ယခင်ကတည်းက နိုင်ငံတကာပြိုင်ပွဲများ ယှဉ်ပြိုင်ခါနီးတွင် တရုတ်နိုင်ငံသို့ သွားရောက်လေ့ကျင့်ခြင်းများရှိခဲ့သည်။ မြန်မာဝူရှူးအဖွဲ့သည် ဆီးဂိမ်းပြိုင်ပွဲအတွက် လေ့ကျင့်နေသော ကစားသမားများကို ခေါ်ယူသွားမည်ဖြစ်ကြောင်း သိရသည်။ ဆီးဂိမ်းအကြို အာဆီယံဖိတ်ခေါ် ဝူရှူးပြိုင်ပွဲကို စက်တင်ဘာလအတွင်း နေပြည်တော်၌ ကျင်းပမည်ဖြစ်သည်။ ဆီးဂိမ်းပြိုင်ပွဲအတွက် လေ့ကျင့်နေသည့် ကစားသမားများထဲတွင် နိုင်ငံ့ဂုဏ်ဆောင် လက်ရွေးစင်ဟောင်း အောင်စည်သူလည်း တစ်ကျော့ပြန် ပြန်လည်ပါဝင်လာသည်။ အောင်စည်သူသည် ၂၀၀၉ လာအိုဆီးဂိမ်းပြိုင်ပွဲတွင် ပြိုင်ပွဲယှဉ်ပြိုင်ခါနီးမှ ခါးတွင် ဒဏ်ရာအပြင်းအထန်ရရှိကာ သုံးနှစ်ကျော်ကြာ အနားယူနေရသူဖြစ်ပြီး ယခုမှ ပြိုင်ပွဲဝင်နိုင်ခြင်းလည်း ဖြစ်သည်။ အောင်စည်သူမှာ ၂၀၀၇ ထိုင်းဆီးဂိမ်းပြိုင်ပွဲတွင် နိုင်ငံအတွက် ရွှေတံဆိပ်ရယူနိုင်ခဲ့သူဖြစ်သည်။

(၂၇)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲအတွက် လေ့ကျင့်နေသည့် မြန်မာဝူရှူးအဖွဲ့တွင် အားကစားသမားများအဖြစ် ထောက်လု(အမျိုးသား) အောင်စည်သူ၊ ကျော်ဇင်သစ်၊ သူရစိုး၊ ဝေဖြိုးအောင်၊ စိုးကျော်၊ စိန်သီဟအောင်၊ ထက်ဟန်ကျော်၊ စိုးထက်လင်း၊ ငြိမ်းချမ်းကိုကို၊ အမျိုးသမီး- ဝေမာထွန်းသိန်း၊ စန္ဒီဦး၊ အိမ့်မိမိ၊ သန့်စူဇန်၊ အေးသစ္စာမြင့်၊ ဆန်းဆို (အမျိုးသား) ထွန်းထွန်းဝင်း၊ ဝေယံလင်း၊ သန်းထိုက်ဦး၊ ရာထုမောင်၊ ကျော်လင်းထွန်း၊ သန့်ဇင်အောင်၊ ကျော်စွာဝင်း၊ ကျော်ဇင်ဝင်း၊ ရဲမင်းစိုး၊ ကျော်ကျော်၊ ညီအောင်ဝင်း၊ (အမျိုးသမီး) လှလှဝင်း၊ စုလှိုင်ဦးနှင့် ခိုင်ခင်ဦးတို့ ပါဝင်ကြသည်။

❍ *ကျောဖုံးမှ*

အဆိုပါစီမံချက်သည် အတိတ်ကာလကဆောင်ရွက်ခဲ့သည့် စီမံကိန်းများ၏အတွေ့အကြုံ၊ အားနည်းချက်၊ အားသာချက်များအပေါ် အခြေခံ၍ ရေးဆွဲခဲ့ခြင်းဖြစ်၍ ဒေသခံပြည်သူလူထုနှင့် အကျိုးဆက်စပ် ပတ်သက်သူများ၏ ထောက်ခံပူးပေါင်းပါဝင်မှုကို အတိုင်းအတာတစ်ခုအထိ ရရှိခဲ့ကြောင်း၊ စီမံချက်၏ရည်ရွယ်ချက်များ ပြည့်မီရေးကို ပံ့ပိုးကူညီရန်အတွက် နော်ဝေနိုင်ငံအစိုးရနှင့် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်တို့က ရန်ပုံငွေနှင့် နည်းပညာ အကူအညီများပေး၍ အင်းလေးကန် ထိန်းသိမ်းကာကွယ်ရေးနှင့် ပြန်လည်ထူထောင်ရေး စီမံကိန်းကို ၂၀၁၂ ခုနှစ်မှစ၍ ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့အပြင် နော်ဝေနိုင်ငံအစိုးရ၏ ရန်ပုံငွေပံ့ပိုးမှုဖြင့် နိုင်ငံတကာဖွံ့ဖြိုးရေး သိပ္ပံအဖွဲ့ (IID) နှင့် ကုလသမဂ္ဂမြို့ရွာနှင့်အိုးအိမ် ပြန်လည်ထူထောင်ရေးအစီအစဉ် (UN-HABITAT) တို့မှလည်း စီမံချက်များရေးဆွဲလျက်ရှိကြောင်း၊ ရန်ပုံငွေပံ့ပိုးပေးသော နော်ဝေနိုင်ငံအစိုးရနှင့် နည်းပညာပူးပေါင်းပါဝင် ဆောင်ရွက်ကြသော အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ဒေသခံလူမှုရေး အဖွဲ့အစည်းများအား အထူးပင် ကျေးဇူးတင်ပါကြောင်း။

ထို့အပြင် အတိတ်ကာလအတွေ့အကြုံ၊ လက်ရှိဆောင်ရွက်နေသော စီမံကိန်းမှ ရလဒ်များနှင့်ပေါင်းစပ်ပြီး အမျိုးသားအဆင့် အင်းလေးကန် ရေရှည်တည်တံ့ရေးနှင့် သဘာဝပတ်ဝန်းကျင် အခြေအနေကောင်းများ ထိန်းသိမ်းရေး ရေရှည်စီမံကိန်းတစ်ခု ပေါ်ပေါက်လာစေရန် သက်ဆိုင်ရာ အကျိုးဆက်စပ်ပတ်သက်သူများနှင့် ညှိနှိုင်းဆောင်ရွက်သွားမည် ဖြစ်ကြောင်း။

အင်းလေးကန်ဒေသမှာ ဆက်လက်ဆောင်ရွက်မည့် စီမံကိန်း စီမံချက်များနှင့် လုပ်ငန်းစဉ်များတွင် ရာသီဥတုပြောင်းလဲမှုကို ထိန်းညှိခြင်းနှင့် ပြောင်းလဲလာသည့်အခြေအနေများနှင့်အညီ ဒေသခံပြည်သူလူထုက ခံနိုင်ရည်ရှိမှုနှင့် တုံ့ပြန်ဆောင်ရွက်နိုင်မှုရှိစေမည့်လုပ်ငန်းစဉ်များ ထည့်သွင်းရေးဆွဲဆောင်ရွက်သွားရန် လိုကြောင်း ပြောကြားသည်။

နှုတ်ခွန်းဆက်စကားပြောကြား

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ နော်ဝေနိုင်ငံ သံအမတ်ကြီးနှင့် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် မြန်မာနိုင်ငံ Country Director တို့က နှုတ်ခွန်းဆက်စကားပြောကြားကြသည်။

ယင်းနောက် သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ငါးနှစ်လုပ်ငန်းစီမံချက် အကောင်အထည်ဖော်ဆောင်ရွက်ထားရှိမှုများနှင့် ဆက်လက်ဆောင်ရွက်မည့်အစီအစဉ်များ၊ UNDP၊ UNESCO၊ UN-HABITAT နှင့် နိုင်ငံတကာဖွံ့ဖြိုးရေးသိပ္ပံအဖွဲ့တို့မှ ပူးပေါင်းကူညီဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သစ်ပင်ကိုနှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

သေဆုံးကျွဲသား စားမိသူများ ဆေးရုံတက်ကုသရ

မိုးမောက် ဇွန် ၁၃

ကချင်ပြည်နယ် မိုးမောက်မြို့နယ် ခုံဆင့်ကျေးရွာတွင် ဇွန် ၁ ရက်က သေဆုံးကျွဲသားစားမိရာမှ ရွာသားများ ရောဂါများရရှိပြီး ဗန်းမော်ပြည်သူ့ဆေးရုံသို့ တက်ရောက်ကုသခဲ့ကြောင်း သိရသည်။

သေဆုံးသွားသော ကျွဲသားကို ခုံဆင့်ကျေးရွာ၊ မန်နောင်ကျေးရွာ၊ နောင်ပေါ်ကျေးရွာတို့မှ ပြည်သူများ စားမိရာမှ ဇွန် ၄ ရက်တွင် ရောဂါရရှိပြီး ဗန်းမော်ဆေးရုံသို့ ဇွန် ၇ရက် နံနက် ၁၀ နာရီ မိနစ် ၄၀က တက်ရောက်ကုသခဲ့ကြသည်။

ဒေါင့်သန်းရောဂါ လက္ခဏာရှိသည်ထင်၍ သွေးစစ်ကြည့်သည့်အခါ ရောဂါပိုးရှိသည်ကို မတွေ့ရကြောင်း၊ ဇွန် ၇ ရက်မှစ၍ ဇွန် ၈ ရက်၊ ဇွန် ၉ ရက်များတွင် ရောဂါရရှိသူများ ဆေးရုံသို့ရောက်ရှိခဲ့ရာ အမျိုးသား၊ အမျိုးသမီးပေါင်း ၂၃ ဦးရှိ၍ ၁၅ ဦး ဆင်းသွားပြီး ယခု အမျိုးသား၊ အမျိုးသမီး ရှစ်ဦးရှိနေကြောင်း၊ ကျွဲမှာ ဆီးချုပ်၊ ဝမ်းချုပ်ဖြစ်၍သေသည်ဟု ဆေးရုံတက်သူများက ၎င်းအားပြောပြကြောင်း၊ ခုံဆင့်၊ မန်နောင်၊ နောင်ပေါ်ရွာများမှ ကျွဲသေစားသူများ ဆေးရုံသို့ ရောက်ရှိလာကြောင်း ဇွန် ၁၃ရက် ညတာဝန်ကျ ဆရာဝန်တစ်ဦးက ပြောပြသည်။ အချင်းဖြစ်ကိစ္စ သတင်းရရချင်း မိုးမောက်မြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးနှင့် မြို့နယ်ကျန်းမာရေးအဖွဲ့များ ခုံဆင့်ကျေးရွာ၊ နောင်ပေါ်၊ မန်နောင်ကျေးရွာများသို့ သွားရောက်၍ ရောဂါရှာဖွေကုသခြင်း၊ ထပ်မံဖြစ်ပွားသောသူများ ရှာဖွေစစ်ဆေးခြင်းနှင့် ကျန်းမာရေးပညာပေးခြင်းများ ကူညီဆောင်ရွက်ပေးကြကြောင်း သိရသည်။ **ဆီမီးခုံ နန်းရီ**

ပြည်တွင်းသတင်း

စစ်တွေမြို့၌ ပုဒ်မ ၁၄၄ ထုတ်ပြန်၍ ညမထွက်ရအမိန့် နှစ်လတိုးမြှင့်

စစ်တွေ ဇွန် ၁၃

ဒေသတည်ငြိမ်အေးချမ်းရေးကိုရှေးရှု၍ စစ်တွေမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ၂၀၁၃ ခုနှစ် ဇွန်လ ၁၀ ရက်နေ့ ညနေပိုင်းမှစ၍ ပုဒ်မ ၁၄၄ ညမထွက်ရအမိန့်ကို ထုတ်ပြန်ထားသည်။

နေ့စဉ် ည ၁၀ နာရီမှ နံနက် ၄ နာရီအချိန်အတွင်း စစ်တွေမြို့နယ်ရှိ လမ်းများပေါ်တွင် ညမထွက်ရအမိန့် ထုတ်ပြန်ထားပြီး ၎င်းအမိန့်သည် ၂၀၁၃ ခုနှစ် ဇွန်လ ၁၀ ရက်နေ့ ညနေပိုင်းမှစ၍ ၂၀၁၃ ခုနှစ် ဩဂုတ်လ ၁၀ ရက်နေ့ ညနေပိုင်းအထိဖြစ်ကြောင်း၊ နောက်ထပ် အမိန့်တစ်စုံတစ်ရာ မထုတ်မချင်း ဤအမိန့်အာဏာတည်ကြောင်း သိရသည်။ **စောလွင် (စစ်တွေ)**

ပခုက္ကူမြို့ပေါ်ရှိ စာသင်ကျောင်းများ ကောလာဟလကြောင့် ရုတ်ရုတ်သဲသဲဖြစ်ပွား

ပခုက္ကူ ဇွန် ၁၃

ပခုက္ကူမြို့ပေါ်ရှိ ရပ်ကွက်အချို့တွင် ယနေ့ မွန်းလွဲပိုင်းက ကျောင်းများကို မီးရှို့မှုကြောင့် မီးလောင်မှုဖြစ်ပွားကြောင်း၊ ကျောင်းသား ကျောင်းသူများအား အဆိပ်ခတ်ထားသည့်မုန့် ကျွေးကြောင်း စသည်ဖြင့် ကောလာဟလများထွက်ပေါ်ပျံ့နှံ့ခဲ့ရာ ကျောင်းသား မိဘများနှင့် ဒေသခံများ စိုးရိမ်ပူပန်မှုကြောင့် စာသင်ကျောင်းများသို့ စုရုံးသွားရောက်ခဲ့ကြကြောင်း သိရသည်။

ရှင်းလင်းပြောကြား

ဖြစ်စဉ်မှာ ယနေ့မွန်းလွဲ ၁ နာရီခန့်တွင် ပခုက္ကူမြို့ အမှတ်(၃)ရပ်ကွက် အမက(၁၇)ကျောင်း မီးလောင်နေကြောင်း ဆိုင်ကယ်သမားအချို့က အော်ဟစ်သွားကြသည်ဟုဆိုကာ တစ်ယောက်စကား တစ်ယောက်နားဖြင့် သတင်းပျံ့နှံ့သွားပြီး မိဘများစိုးရိမ်သောကဖြစ်ကာ ကျောင်းရှေ့တွင် စုရုံးခဲ့ကြပြီး မိမိတို့ကလေးများကို ပြန်လည်ခေါ်ယူကြခြင်းကြောင့် ကျောင်းအုပ်ကြီးနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးမှ တာဝန်ရှိသူများက ကောလာဟလသာဖြစ်ကြောင်း ရှင်းလင်းပြောကြားကြသည်။

အုတ်အော်သောင်းတင်း

ဆက်လက်၍ ခရိုင်နှင့် မြို့နယ်အဆင့်တာဝန်ရှိသူများ ဆက်လက်ရောက်ရှိလာပြီး အခြေအနေကိုထိန်းသိမ်းကာ မမှန်ကန်သောသတင်းများ၊ ကောလာဟလများသာဖြစ်ကြောင်း ရှင်းလင်းပြောကြားစဉ်မှာပင် မြို့အနောက်ပိုင်းရှိ အမက (၉) နှင့် TTC ကျောင်းတို့တွင် ကလေးများအား အဆိပ်ခတ်ထားသည့်မုန့်များကျွေးကြောင်းနှင့် မြို့အရှေ့ပိုင်းရှိ အမက (၁၇)နှင့်အထက(၁)တို့တွင် ကျောင်းများအား မီးရှို့ကြောင်း ကောလာဟလများ ဆက်လက်ပျံ့နှံ့ခဲ့ခြင်းကြောင့် မြို့တစ်ခွင်ရှိ ကျောင်းများတွင် လှုပ်လှုပ်ရှားရှားရုတ်ရုတ်သဲသဲ ဖြစ်သွားခဲ့ရကြောင်း သိရသည်။

ခရိုင်နှင့် မြို့နယ်အဆင့်အုပ်ချုပ်ရေးမှူးများ၊ ရဲတပ်ဖွဲ့ဝင်များ၊ ယာဉ်ထိန်းရဲတပ်ဖွဲ့နှင့် ပညာရေးဌာနမှ တာဝန်ရှိသူများ မြို့ပေါ်စာသင်ကျောင်းများသို့ ရောက်ရှိခဲ့ပြီးနောက် အခြေအနေမှာ တည်ငြိမ်အေးချမ်းသွားခဲ့သည်။ ကောလာဟလသတင်းများ ထွက်ပေါ်မှုနှင့်ပတ်သက်၍ ယုံကြည်မှုမရှိရန်နှင့် ထူးခြားမှုတစ်စုံတစ်ရာရှိပါက သက်ဆိုင်ရာအုပ်ချုပ်ရေးမှူးရုံး၊ ရဲစခန်း၊ ရဲကင်းများသို့ သတင်းပေးပို့ကြရန် နှိုးဆော်ထားကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

[illegible] (Open Tender) ခေါ်ယူခြင်း

[illegible]

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ မိတ္ထီလာမြို့ရှိ တည်ဆောက်ရေးလုပ်ငန်းများ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့၊ ချမ်းအေးသာယာရပ်ကွက်၊ အဆင့်မြှင့်တည်ဆောက်ရန်အတွက် အောက်ပါလုပ်ငန်းများတည်ဆောက်နိုင်သော မြန်မာနိုင်ငံသား တိုင်းရင်းသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်-

စဉ်	လုပ်ငန်းအမည်	လုပ်ငန်းပမာဏ
၁။	ရှစ်ခန်းတွဲ သုံးထပ် RC (၆၁၀ Sq/Ft)	၁၀ လုံး
၂။	ခြောက်ခန်းတွဲ နှစ်ထပ် RC/Steel Structure (၆၈၀ Sq/Ft)	၉၂ လုံး
၃။	ခြောက်ခန်းတွဲ သုံးထပ် RC (၉၅၀ Sq/Ft) Shophouse	၆ လုံး

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၁၄-၆-၂၀၁၃ရက်မှ စတင်၍ ရောင်းချမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါများကို ၂၇-၆-၂၀၁၃ရက် ၁၄:၀၀နာရီ နောက်ဆုံးထား၍ တင်သွင်းရန်ဖြစ်ပါသည်။

၃။ တင်ဒါတင်သွင်းလွှာများကို မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ဦးစီးမှူးရုံး၊ ၆၆လမ်း(အရှေ့ကျုံးလမ်း)၊ (၁၆)လမ်းနှင့် (၁၉)လမ်းကြား၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့တွင် ဝယ်ယူတင်သွင်းရမည်ဖြစ်ပြီး အသေးစိတ် အချက်အလက်များ သိရှိလိုပါက ဖုန်း-၀၂-၆၁၁၇၁နှင့် ၀၉-၄၂၈၃၂၀၁၃၇တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ကန့်ကွက်နိုင်ပါကြောင်း

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ဘုရင့်နောင်၊မြေကွက်အမှတ် က/၆၄A၊ မြေကွက်တည်နေရာအမှတ် က/၆၄A၊ကံ့ကော်လမ်း၊ဘုရင့်နောင်ပွဲရုံ၊ မရမ်းကုန်းမြို့နယ် ဦးကျော်မင်း၊ ဒေါ်ရီရီချို အမည်ပေါက်၂၅နှစ်ဂရန်မြေအား အမည်ပေါက် ဒေါ်ရီရီချို ကွယ်လွန်သဖြင့် ဦးကျော်မင်း၇/ပတတ(နိုင်)၀၄၈၁၅၅က တစ်ဦးတည်းသောခင်ပွန်း တော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

[illegible]

Hein Htet San Law Firm

ဆောင်းပါးနှင့်ပြည်တွင်းသတင်း

ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးနှင့် အများပြည်သူ့ဝန်ဆောင်မှုမီဒီယာ (၃)

ဗညားအောင်

ယမန်နေ့မှအဆက်

အများပြည်သူဝန်ဆောင်မှုမီဒီယာအတွက် ဘဏ္ဍာရေးအထောက်အပံ့

အများပြည်သူဝန်ဆောင်မှုမီဒီယာအတွက် လိုအပ်သည့် ရန်ပုံငွေကို မည်သည့်နည်းဖြင့် ထောက်ပံ့မည်ဆိုသည့်အချက်သည် အရေးကြီးသောအချက် ဖြစ်သည်။ အခြေခံအားဖြင့် အများပြည်သူဝန်ဆောင်မှုမီဒီယာအတွက် ရန်ပုံငွေထောက်ပံ့သည့်နည်းစနစ်သည် အယ်ဒီတာလွတ်လပ်ခွင့် အပါအဝင် အများပြည်သူဝန်ဆောင်မှုမီဒီယာ၏ အခြေခံမှုများအပေါ် နိုင်ငံရေးအရ၊ စီးပွားရေးအရ ဝင်ရောက်စွက်ဖက်မှု မပြုနိုင်အောင် အကာအကွယ်ပေးနိုင်ရမည်ဖြစ်သည်။ အများပြည်သူဝန်ဆောင်မှုမီဒီယာအတွက် ရန်ပုံငွေ မည်မျှခွင့်ပြုမည်ဆိုသည့် ဆုံးဖြတ်ချက်သည် အများပြည်သူဝန်ဆောင်မှုမီဒီယာ၏ စွမ်းဆောင်နိုင်မှုနှင့် အနာဂတ်ရည်မှန်းချက်များအပေါ်တွင်သာ မူတည်နေရမည်ဖြစ်ပြီး အများပြည်သူဝန်ဆောင်မှုမီဒီယာ၏ သတင်းရေးသားချက်များအပေါ် နှစ်သက်မှုမရှိခြင်းကြောင့် ရန်ပုံငွေဖြတ်တောက်ခြင်း၊ လျှော့ချခြင်းမျိုးမဖြစ်အောင် ဥပဒေဖြင့် အကာအကွယ်ပေးထားရမည်ဖြစ်သည်။ တစ်ဖက်ကလည်း အများပြည်သူဝန်ဆောင်မှုမီဒီယာအနေဖြင့် ရန်ပုံငွေသုံးစွဲမှုများအပေါ် ပွင့်လင်းမြင်သာမှုနှင့် တာဝန်ခံမှု အပြည့်အဝရှိမည်ဖြစ်သည်။ ထို့ပြင် အများပြည်သူဝန်ဆောင်မှုမီဒီယာ၏ စွမ်းဆောင်နိုင်မှုနှင့် ဘဏ္ဍာငွေသုံးစွဲမှုများကို စောင့်ကြည့်အကဲဖြတ်မည့် သီးခြားလွတ်လပ်သော အဖွဲ့တစ်ဖွဲ့လည်း ရှိရန်လိုအပ်မည်ဖြစ်သည်။

ထို့ပြင် အများပြည်သူဝန်ဆောင်မှုမီဒီယာအနေဖြင့် ဘဏ္ဍာရေး အရင်းအမြစ်တစ်ခုတည်းကိုသာ အားကိုးနေရခြင်းမှ ရှောင်လွှဲနိုင်ရန်အတွက် ကွဲပြားသည့် အရင်းအမြစ်များထံမှ ရန်ပုံငွေရရှိရန်လည်း လိုအပ်ပေသည်။ ထို့ကြောင့် နိုင်ငံတကာမှ အများပြည်သူဝန်ဆောင်မှုမီဒီယာများကို လေ့လာပါက အများစုသည် လွှတ်တော်မှသတ်မှတ်ခွင့်ပြုသည့် ပြည်သူ့ရန်ပုံငွေ (Public Funding)နှင့် ကြော်ငြာအပါအဝင် အခြားစီးပွားရေးလုပ်ငန်းများမှ ဝင်ငွေကို ပေါင်းစပ်အသုံးပြုသည်ကို တွေ့ရမည်ဖြစ်ပါသည်။ နိုင်ငံအချို့မှ အများပြည်သူဝန်ဆောင်မှုမီဒီယာများတွင် ရန်ပုံငွေထောက်ပံ့မှုစနစ်ကို အောက်ပါအတိုင်းလေ့လာနိုင်ပါသည်-

ပြင်သစ်နိုင်ငံတွင် အများပြည်သူဝန်ဆောင်မှုမီဒီယာ ရှစ်ခုရှိပြီး လုပ်ငန်းအပေါ်မူတည်ကာ ပြည်သူရန်ပုံငွေရရှိမှု

နိုင်ငံ	ပြည်သူ့ရန်ပုံငွေ	ကြော်ငြာ	အခြား(ရုပ်သံအစီအစဉ် ရောင်းချခြင်း စသည်ဖြင့်)
ဩစတြေးလျ (ABC)	၈၀%	၂၀%	
ကနေဒါ (CBC)	၆၆%	၂၃%	၁၁%
ပြင်သစ်	၉၉% မှ ၄၈%ထိ		
ဂျပန် (NHK)	၉၈%	၂%	
တောင်အာဖရိက (SABC)	၂၃.၅%	၇၆.၃%	
ယူနိုက်တက်ကင်းဒမ်း (BBC)	၈၂%	၁၇%	၁%
ဂျာမနီ(ARD)	၈၂%	၉%	၉%
နော်ဝေ(NRK)	၉၈%	၂%	
ဆွီဒင်(SR,SVT)	၉၈%	၂%	
ဒိန်းမတ်(DBC)	၉၁%	၁%	၈%
ထိုင်း(Thai PSB)	၁၀၀%		

ကွာခြားပါသည်။ ပျမ်းမျှတွက်ချက်ပါက ၆၉. ၁% ရရှိပါသည်။

ထိုနိုင်ငံများအနက် တောင်အာဖရိကနိုင်ငံတစ်ခုတည်းတွင်သာ ကြော်ငြာဝင်ငွေကို အဓိကထား အသုံးပြုသည်ကို တွေ့ရမည်ဖြစ်ပါသည်။ သို့သော် ၂၀၁၂ ခုနှစ် စက်တင်ဘာလ ၂၄ ရက်နေ့နှင့် ၂၅ရက်နေ့တို့၌ ရန်ကုန်မြို့တွင် ပြုလုပ်ခဲ့သည့် အများပြည်သူဝန်ဆောင်မှုမီဒီယာဆိုင်ရာ နိုင်ငံတကာဆွေးနွေးပွဲတွင် Political transition and media reform; South Africa experiences ခေါင်းစဉ်ဖြင့် ဆွေးနွေးချိန်တွင် ပါဝင်ဆွေးနွေးသူများက တောင်အာဖရိက၏ အများပြည်သူဝန်ဆောင်မှုမီဒီယာဖြစ်သည့် SABC သည် ကြော်ငြာဝင်ငွေကို အားထားရသဖြင့် အခြားပုဂ္ဂလိက စီးပွားရေးမီဒီယာများနှင့် ပုံစံတူသွားကြောင်း၊ အများပြည်သူဝန်ဆောင်မှုမီဒီယာ၏ အခြေခံမှုများကို ဖြည့်ဆည်းနိုင်ခြင်းမရှိတော့ကြောင်း ထောက်ပြဆွေးနွေးခဲ့ကြသည်။ တောင်အာဖရိက ကိုယ်စားလှယ်ကလည်း အဆိုပါထောက်ပြချက်များကို ၎င်းတို့အနေဖြင့်လည်း SABCကို ပြန်လည်ဖွဲ့စည်းရန် ဆောင်ရွက်နေကြောင်း ဆွေးနွေးခဲ့သည်။ ထိုင်းနိုင်ငံကမူ အရက်နှင့်ဆေးလိပ်အပေါ် ကောက်ခံသည့်အခွန်အားလုံးကို အများပြည်သူဝန်ဆောင်မှုမီဒီယာသို့ တိုက်ရိုက်လွှဲပြောင်းပေးသည့်အတွက် ကြော်ငြာဝင်ငွေအပေါ် မှီခိုရန်မလိုသည်ကိုလည်း တွေ့ရပါသည်။

ယနေ့ မြန်မာနိုင်ငံတွင် အကောင်အထည်ဖော် ဆောင်ရွက်နေသည့် မီဒီယာပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်အရ နိုင်ငံပိုင်မီဒီယာများကို အများပြည်သူဝန်ဆောင်မှုမီဒီယာအဖြစ်သို့ ပြောင်းလဲဖွဲ့စည်းရမည်ဖြစ်သည်။ ထိုသို့ဖွဲ့စည်းရာတွင် အများပြည်သူဝန်ဆောင်မှုမီဒီယာ အခြေခံမှုများကို ဖော်ဆောင်နိုင်ရန်အတွက် အယ်ဒီတာလွတ်လပ်ခွင့်ကို အာမခံနိုင်မည့် စီးပွားရေး အကျိုးစီးပွားဆိုင်ရာဖိအားများမှ လွတ်ကင်းသည့် ရန်ပုံငွေ ထောက်ပံ့သည့်စနစ်တစ်ခုရှိရန် လိုအပ်ပါသည်။ အဆိုပါ လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန်အတွက် ယူနက်စကိုအပါအဝင် နိုင်ငံတကာမီဒီယာအဖွဲ့အစည်းများမှ ပညာရှင်များနှင့် ဆွေးနွေးတိုင်ပင်ခဲ့ရာတွင် နိုင်ငံအများအပြားတွင် ကျင့်သုံးနေသည့် ပြည်သူ့ရန်ပုံငွေနှင့် ကြော်ငြာဝင်ငွေနှစ်ခု ပေါင်းစပ်အသုံးပြုသည့်စနစ်ကိုအသုံးပြုရန် ထောက်ခံတင်ပြခဲ့ကြပါသည်။ ရန်ပုံငွေရယူမှု အချိုးအစားကို စဉ်းစားကြရာတွင် ပြည်သူ့ဘဏ္ဍာငွေအပေါ်တွင်လည်း ဝန်ထုပ်ဝန်ပိုးမဖြစ်စေရန်၊ စီးပွားရေး အကျိုးစီးပွားများလည်း လွှမ်းမိုးမှုမခံရစေရန်နှင့် သင့်တော်သည့် အချိုးအစားဖြစ်သော ရန်ပုံငွေလိုအပ်ချက်၏ ၇၀ ရာခိုင်နှုန်းကို ပြည်သူ့ရန်ပုံငွေအဖြစ် နိုင်ငံတော်ဘဏ္ဍာမှ ရယူရန် ၃၀ ရာခိုင်နှုန်းကို ကြော်ငြာဝင်ငွေမှရယူရန် သတ်မှတ်ခဲ့ပါသည်။ တစ်နည်းအားဖြင့် အများပြည်သူဝန်ဆောင်မှုမီဒီယာကို အများပိုင်ကုမ္ပဏီအဖြစ် ရှုမြင်ကြည့်လျှင် ပြည်သူများက အစုရှယ်ယာ ၇၀ရာခိုင်နှုန်းကို ပိုင်ဆိုင်ပြီး ကြော်ငြာရှင်များက ၃၀ ရာခိုင်နှုန်းသာ ပိုင်ဆိုင်သည်ဟု ဆိုနိုင်သည်။ ထို့ကြောင့် အများပြည်သူဝန်ဆောင်မှုမီဒီယာများ အနေဖြင့် အများစုရှယ်ယာပိုင်ရှင်ဖြစ်သော ပြည်သူများ၏ အကျိုးစီးပွားကိုသာ ဦးစားပေးဆောင်ရွက်ရမည်ဖြစ်သည်။

ထိုကဲ့သို့ ကြော်ငြာဝင်ငွေကို ၃၀ ရာခိုင်နှုန်း သတ်မှတ်ခဲ့ခြင်းကြောင့် အများပြည်သူဝန်ဆောင်မှုမီဒီယာများတွင် အများဆုံးထည့်သွင်းနိုင်သည့် ကြော်ငြာစာမျက်နှာအရေအတွက်၊ ထုတ်လွှင့်ချိန်စသည်တို့ကို ဥပဒေဖြင့် ကန့်သတ်ခဲ့ရသည်။ ယခုတင်သွင်းထားသည့် ဥပဒေကြမ်းအရ အများပြည်သူဝန်ဆောင်မှုသတင်းစာများအနေဖြင့် ပုံနှိပ်စာမျက်နှာ၏ ၃၀ ရာခိုင်နှုန်းကိုသာ ကြော်ငြာထည့်သွင်းခွင့်ရှိပြီး အများပြည်သူဝန်ဆောင်မှုအသံလွှင့်ဌာနအနေဖြင့် အစီအစဉ်တစ်ခု၏ ထုတ်လွှင့်ချိန် ၁၀ ရာခိုင်နှုန်း၊ တစ်နေ့တာ ထုတ်လွှင့်ချိန်စုစုပေါင်း၏ ၇ ဒသမ ၅ ရာခိုင်နှုန်းသာ ကြော်ငြာဖော်ပြခွင့်ရရှိမည်ဖြစ်ပါသည်။ ထို့ကြောင့် နိုင်ငံပိုင်မီဒီယာများအနေဖြင့် အများပြည်သူဝန်ဆောင်မှုမီဒီယာအဖြစ်သို့ ပြောင်းလဲပြီးချိန်တွင် ကြော်ငြာမှရရှိသည့် အမြတ်အစွန်းများလျော့နည်းသွားမည်ဖြစ်သည်။ သို့သော် အများပြည်သူဝန်ဆောင်မှုမီဒီယာကို စီးပွားရေး၊ အကျိုးစီးပွားများ၏ ဖိအားပေးမှုမှ ကင်းလွတ်စေရန်အတွက် အဆိုပါ ကန့်သတ်ချက်ကို မဖြစ်မနေလိုက်နာရမည်ဖြစ်ပါသည်။ ။

(ဆက်လက်ဖော်ပြပါမည်)

ကွတ်ခိုင်မြို့နယ်တွင် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်များပေးအပ်

မူဆယ် ဇွန် ၁၃

ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်ခရိုင် ကွတ်ခိုင်မြို့နယ်တွင် သားစဉ်မြေးဆက် လယ်ယာမြေလုပ်ပိုင်ခွင့် မှတ်ပုံတင်လက်မှတ်ထုတ်ပေးခြင်းကို မေ ၂၅ ရက် နမ့်ဖတ်ကာကျေးရွာအုပ်စု၌ ရှမ်းပြည်နယ် စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးစိုင်းဆာလူက တောင်သူ ၈၇ ဦးအား လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ၉၃စောင်ကို ပထမအကြိမ် ပေးအပ်ခဲ့သည်။

ပေးအပ်

ဒုတိယအကြိမ် တောင်သူများအား လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်များကို ဇွန် ၁၁ ရက်နှင့် ၁၂ ရက်တို့တွင် အင်မိန်း၊ ဟိုကျန့်၊ မိုင်းယု၊ ပန်ကိုင်ပန်လော့၊ အူရာဘွမ်မန်ပြိန်း ကျေးရွာအုပ်စုများမှ တောင်သူ ၁၂၀ အတွက် သားစဉ်မြေးဆက် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ၁၇၀ စောင်ကို မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဆန်းမြင့်၊ အတွင်းရေးမှူး မြေစာရင်းဦးစီးအရာရှိ ဦးသန်းဝင်းနှင့် အဖွဲ့ဝင်များက ဒုတိယအကြိမ် ထပ်မံပေးအပ်ခဲ့ရာ ကွတ်ခိုင်မြို့နယ်တွင် စုစုပေါင်းတောင်သူ ၂၀၇ ဦးအတွက် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ၂၆၃ စောင်ကို ပေးအပ်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

အယ်လ်စိုး(Iprd)

ပြင်စလူမြို့ ပေါ်ရပ်ကွက်သုံးခု၌ ရေစီးရေလာကောင်းမွန်ရေးဆောင်ရွက်

ပြင်စလူ ဇွန် ၁၃

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် ပြင်စလူမြို့နယ်ခွဲ ပြင်စလူမြို့သည် ရပ်ကွက်သုံးခုဖြင့် ဖွဲ့စည်းထားပြီး မြို့ပေါ်လမ်းမကြီးများအနက် အဓိကလမ်းမကြီးများကို ကျောက်ချောလမ်းခင်း အသုံးပြုထားသည်။ ယခု မိုးဦးရာသီ၌ ရေမြောင်းများတွင် အမှိုက်များပိတ်ဆို့ခြင်း၊ ရေနုတ်မြောင်းများ၊ နုန်းမြေများကြောင့် တိမ်လာသဖြင့် ရေစီးလမ်းပိတ်ကာ လမ်းမပေါ် ရေကျော်ခြင်းများဖြစ်ပေါ်ခဲ့သည်။ ခရီးသွားပြည်သူများ သွားလာရ အဆင်ပြေစေရန် ပြင်စလူမြို့နယ်ခွဲ စည်ပင်သာယာရေးအဖွဲ့နှင့် မြို့မိမြို့ဖများ ဦးဆောင်ကာ မြို့နယ်ခွဲဌာနဆိုင်ရာတာဝန်ခံများ၊ မီးသတ်တပ်ဖွဲ့များ၊ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့များ၊ ပြည်သူများပူးပေါင်းပါဝင်လျက် ရေနုတ်မြောင်းတူးဖော်ခြင်း၊ အမှိုက်များ ဆယ်ယူဖယ်ရှားခြင်းတို့ကို အဖွဲ့သုံးဖွဲ့ခွဲကာ ဇွန် ၃ ရက် နံနက်က အမှတ်(၁)ရပ်ကွက် ကုမုဒြာလမ်း၊ အမှတ်(၂)ရပ်ကွက် သဇင်လမ်းနှင့် အမှတ်(၃)ရပ်ကွက် ပြည်ထောင်စုလမ်းမကြီးနှင့် ကမ်းနားလမ်းတို့တွင် ဆောင်ရွက်ကြရာ စည်ပင်သာယာရေးအဖွဲ့ ပြင်စလူမြို့နယ်ခွဲ တာဝန်ခံဦးမြင့်ဆန်းက စနစ်တကျ ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

(မြို့နယ် ပြန်/ဆက်)

ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း ကွင်းဆင်းလေ့လာ

နေပြည်တော် ဇွန် ၁၃

ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာန နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့ ကျန်းမာရေးဝန်ထမ်းသင်တန်းကျောင်းမှ သင်တန်းကျောင်းအုပ်ကြီး ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာထွန်းအောင်ကြည် ခေါင်းဆောင်သော တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီးမှ မြို့နယ်ကျန်းမာရေးဦးစီးဌာန သင်တန်း (၁/၂၀၁၃) သို့ တက်ရောက်လာကြသော သင်တန်းသား သင်တန်းသူများသည် ဇွန် ၈ ရက် နံနက် ၉ နာရီက လယ်ဝေးမြို့နယ် သာဝတ္တိကျေးလက်ကျန်းမာရေးဌာနသို့ သွားရောက်၍ ကျေးလက်ကျန်းမာရေးဌာန၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို လက်တွေ့ကွင်းဆင်းလေ့လာခဲ့ကြသည်။

သာဝတ္တိကျေးလက်ကျန်းမာရေးဌာနတွင် လယ်ဝေးမြို့နယ် ကျန်းမာရေးဦးစီးဌာနမှူး ခုတင် ၂၀၀ ဆေးရုံအုပ်ကြီး ဒေါက်တာခေါ်ခင်စန်းမြင့်၊ မြို့နယ်ကျန်းမာရေးမှူးအဆင့် (၁) ဦးမြင့်ဆွေ၊ ကျေးလက်ကျန်းမာရေးဌာန ကျန်းမာရေးမှူး ဦးကျော်မိုးတို့က မြို့နယ်အတွင်း ကျေးလက်ကျန်းမာရေး ဌာနများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများနှင့် သာဝတ္တိကျေးလက်ကျန်းမာရေးဌာန၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းပြောကြားပြီး သင်တန်းသားသင်တန်းသူများ၏ မေးမြန်းချက်များကို တာဝန်ရှိသူများက ပြန်လည်ဖြေကြားကြသည်။

ဆက်လက်၍ သင်တန်းသားသင်တန်းသူများသည် သာဝတ္တိမဟာပရဟိတ ဖွံ့ဖြိုးရေးဂေဟာ၊ စမတောင်သို့ သွားရောက်ပြီး မိဘမဲ့ကလေးများအတွက်ငွေကျပ် ၁၂၀၀၀၀ကို လှူဒါန်းခဲ့ကြောင်း သိရသည်။

(ကျန်းမာရေး)

ပြည်သူ့ကျန်းမာရေးအတွက် ကြိုတင်ကာကွယ်

ကြံခင်း ဇွန် ၁၃

ကြံခင်းမြို့ပေါ် သုံးရပ်ကွက်တွင် မေ ၁၀ ရက် နံနက်ပိုင်းက မြို့နယ်အုပ်ချုပ်ရေးမှူးဦးတင်ရီ၏ ကြီးကြပ်မှုဖြင့် မြို့နယ်စည်ပင်သာယာရေး အဖွဲ့ အမှုဆောင်အရာရှိ ဦးမင်းဇော်နှင့် ဝန်ထမ်းများ၊ ကျန်းမာရေးဦးစီးဌာနနှင့် ဌာနပေါင်းစုံမှ ဝန်ထမ်းများ၊ အစိုးရမဟုတ်သော (NGO)အဖွဲ့အစည်းများပူးပေါင်း၍ ခြင်ဆေးဖျန်းခြင်း၊ အဘိတ်ဆေးခတ်ခြင်း၊ တစ်အိမ်တက်ဆင်း ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းဆောင်ရွက်ခြင်း၊ လမ်းဘေးဝဲယာရှိ ရေမြောင်းများ ရေစီးရေလာကောင်းအောင် ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **(ဝဇ)**

MRTV-4

၁၄-၆-၂၀၁၃ (သောကြာနေ့)

နံနက်ပိုင်း

၅း၂၀ MRTV-4 သတင်း
၅း၄၀ **ဓာတ်(၆)ပါးနှင့် ဒိဋ္ဌိဖြုတ်၍ မဂ်ဉာဏ်ရပုံ**
တရားတော် (ပခုက္ကူဆရာတော်) ဘဒ္ဒန္တသုန္ဒရ
၈း၄၀ Kid's Show
၉း၁၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **လေညင်းလေးရဲ့ပျော်ရွှင်မှု** (အပိုင်း-၁၃၅)
၁၁း၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ရင်ခုန်သံစည်းချက်** (အပိုင်း-၂၅)
၁၂း၀၅ Minute to Win It
၃း၀၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မင်းမရှိလို့မဖြစ်** (အပိုင်း-၉၁)
၄း၀၀ Cartoon Series (Go!Go! Griggles)
၄း၄၀ Kid's Show
၅း၁၀ Minute to Win It
၆း၀၀ MRTV-4 သတင်း
၆း၁၅ Health Fix
၆း၂၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မင်းမရှိလို့မဖြစ်** (အပိုင်း-၉၂)
၇း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မိဖုရားနှင့်ကျွန်တော်** (အပိုင်း-၁၁)
၉း၁၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ရင်ခုန်သံစည်းချက်** (အပိုင်း-၂၆)
၉း၃၅ Movie Talk **ဘဝနိဂုံး** (အပိုင်း-၂)
၁၀း၁၅ သီချင်းကောင်းကောင်း သီချင်းတောင်း
၁၁း၂၀ အများထဲကတစ်ယောက်
၁၁း၄၀ လားရှိုးမြို့မှ ကြိုဆိုပါ၏
၁း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **လေညင်းလေးရဲ့ပျော်ရွှင်မှု** (အပိုင်း-၁၃၆)
၁း၃၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ရင်ခုန်သံစည်းချက်** (အပိုင်း-၂၆)

ဒုတိယဝန်ကြီး ဦးခင်မောင်အေး ကရင်နှင့်မွန်ပြည်နယ်အတွင်း ကွင်းဆင်းစစ်ဆေး

နေပြည်တော် ဇွန် ၁၃

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးခင်မောင်အေးသည် ဇွန် ၉ ရက်တွင် ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် ရွာသာအေးရွာရှိ ကြက်မွေးမြူရေးအစုအဖွဲ့နှင့် ဆိတ်မွေးမြူရေးအစုအဖွဲ့ဝင် ၄၀ တို့အား တွေ့ဆုံသည်။ **(ယာပုံ)**

ဇွန် ၁၀ ရက်တွင် သံဖြူဇရပ်မြို့နယ် စက်စဲကျေးရွာအနီးရှိ ကျောက်ပုစွန်မဖမ်းရ ဇုန်အနီး ပင်လယ်ကမ်းစပ် သဘာဝအခြေအနေများနှင့် ကျောက်ပုစွန်မဖမ်းဆီးရဇုန် သတ်မှတ်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး စက်စဲကျေးရွာနေ ရေလုပ်သားအစုအဖွဲ့ဝင် ၄၀ ကျော်နှင့် တွေ့ဆုံကာ ဘားအံနှင့်သထုံငါးသားဖောက်စခန်းများသို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

၂၀၁၄ ပညာသင်နှစ် ဘွဲ့လွန်ဆေးပညာ သင်တန်းများ ဝင်ခွင့်အတွက် လျှောက်လွှာများခေါ်ယူ

နေပြည်တော် ဇွန် ၁၃

၂၀၁၄ ပညာသင်နှစ်အတွက် ကျန်းမာရေးဝန်ကြီးဌာန ဆေးသိပ္ပံပညာဦးစီးဌာနအောက်ရှိ တက္ကသိုလ်များတွင် ဖွင့်လှစ်မည့် ဘွဲ့လွန်ဆေးပညာဒီပလိုမာသင်တန်းများ၊ ဆေးပညာမဟာသိပ္ပံသင်တန်းများ၊ သွားဘက်ဆိုင်ရာဆေးပညာ မဟာသိပ္ပံသင်တန်းများ၊ သူနာပြုမဟာသိပ္ပံသင်တန်း၊ ဆေးဘက်ဆိုင်ရာ နည်းပညာ မဟာသိပ္ပံသင်တန်းများ၊ ဆေးဝါး မဟာသိပ္ပံသင်တန်း၊ ပါရဂူဘွဲ့ သင်တန်းများ၊ ဆေးဝါးသိပ္ပံဆိုင်ရာ ပါရဂူဘွဲ့သင်တန်းများ ဝင်ခွင့်အတွက် လျှောက်လွှာခေါ်ယူထားကြောင်း၊ သတ်မှတ်အရည်အချင်းနှင့်ပြည့်စုံသူများ လျှောက်ထားနိုင်ပြီး လျှောက်လွှာများကို ဩဂုတ် ၁၆ ရက် နောက်ဆုံးပေးပို့ လျှောက်ထားရမည်ဖြစ်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို ဆေးသိပ္ပံပညာဦးစီးဌာနတွင် မေးမြန်းစုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကုန်တင်ယာဉ်ပိုင်ရှင်များ အမြတ်ရရှိမှုနည်းပါး

ရန်ကုန် ဇွန် ၁၃

ရှမ်းပြည်နယ် ဒေသထွက်ကုန် အာလူးနှင့်ဂေါ်ဖီများ ရန်ကုန်ဈေးကွက်တွင် ဈေးမြင့်ဖြင့် ရောင်းချရသော်လည်း ကုန်ပို့ကားခများ မြင့်တက်လာခြင်းမရှိ၍ ကုန်တင်ယာဉ်ပိုင်ရှင်များ အမြတ်ရရှိမှုနည်းနေသည်ဟု ကားပိုင်ရှင်တစ်ဦးက ဆိုသည်။

ရက်သတ္တပတ်အတွင်း အာလူးတစ်ပိဿာအကြီး ငွေကျပ်နှစ်ရာခန့် ဈေးမြင့်တက်လာခြင်း၊ ဂေါ်ဖီထုပ်များ လက်လီဈေးကွက်တွင် တစ်ထုပ်လျှင် ငွေကျပ်တစ်ထောင်အထိ ဈေးမြင့်လာခြင်းတို့ကြောင့် အာလူးနှင့်ဂေါ်ဖီကုန်သည်များ အကျိုးအမြတ်ရရှိမှုများလာသော်လည်း အောင်ပန်း၊ ဟဲဟိုးစသော ဒေသများမှ ရန်ကုန်သို့ အာလူး တစ်ပိဿာလျှင် ၂၅ ကျပ်မှ ၂၈ ကျပ်အတွင်း၊ ဂေါ်ဖီ ၁၂ ဘီးကားတစ်စီးလျှင် ငွေကျပ်လေးသိန်းခန့်သာရရှိကြောင်း ရှမ်းဒေသမှ လာသော ကုန်တင်ယာဉ်လုပ်သား တစ်ဦးက ဆိုသည်။

ရန်ကုန်မှ အောင်ပန်း၊ ဟဲဟိုးဒေသများသို့ ပိဿာ ၃၀ ဝင် ကုန်တစ်အိတ်လျှင် ပျမ်းမျှငွေကျပ် နှစ်ထောင်ဝန်းကျင်ရရှိရာ ၁၂ ဘီးကားတစ်စီးလျှင် ကားခငွေကျပ် ခြောက်သိန်းငါးသောင်းဝန်းကျင်ရကြောင်း၊ အပြန်ခရီးတွင် ကုန်စိမ်းတင်ဆောင်လာလျှင် အသွားအပြန်ကားခ ငွေကျပ် ဆယ်သိန်းဝန်းကျင်ရရှိကြောင်း၊ စက်သုံးဆီဖိုး ဂါလန် ၉၀ ဝန်းကျင်အတွက် ငွေကျပ်လေးသိန်းခန့်၊ လမ်းတံတားအသုံးပြုခ အသွားအပြန် ငွေကျပ်တစ်သိန်း ငါးသောင်းဝန်းကျင်၊ ယာဉ်လုပ်သားနှစ်ဦး လုပ်အားခ ငွေကျပ် ကိုးသောင်း၊ ပုံမှန်ခြောက်ရက်ခရီးအတွက် ယာဉ်လုပ်သားနှစ်ဦး စားစရိတ် ငွေကျပ် ခြောက်သောင်း၊ ကုန်တင်ဆောင်ပေးသည့် နှစ်ဖက်ကားဂိတ်များ၏ ဂိတ်ကြေး လုပ်အားခ ငွေကျပ် ခြောက်သောင်းဝန်းကျင် စုစုပေါင်း ကုန်ကျစရိတ် ရှစ်သိန်းခန့်ရှိရာ အသွားအပြန် ပုံမှန်ခြောက်ရက်သာကြာမြင့်ပါက ၁၂ ဘီး ကုန်တင်ယာဉ်ပိုင်ရှင်တစ်ဦးအတွက် ငွေကျပ် နှစ်သိန်းဝန်းကျင်သာ ကျန်ရှိကြောင်း ကုန်တင်ယာဉ်ပိုင်ရှင်တစ်ဦးက ဆိုသည်။

၂၀၁၁ မှ စတင်၍ယာဉ်+ကုန်တန်ချိန် ကန့်သတ်မှု ရွေ့ပြေးလုပ်ဆောင်သော ဩဂုတ်၊ စက်တင်ဘာလဝန်းကျင်တွင် ကားခနှုန်းများ မြင့်မားလာခဲ့သဖြင့် ကုန်တင်ယာဉ်ပိုင်ရှင်များ အကျိုးအမြတ်များစွာ ရရှိခဲ့သော်လည်း ၂၀၁၂ ခုနှစ်မှစ၍ ပုံမှန်အကျိုးအမြတ်ဖြင့်သာ လုပ်ဆောင် ပြေးဆွဲနေရကြောင်း၊ ယခုနှစ်မိုးရာသီအစပိုင်းတွင် နယ်စုံကုန်ရှားပါးပြီး ကုန်ပို့ခနှုန်းများ အတက်-အဆင်း ခရီးစဉ်များတွင် ကားခဈေးနှုန်းများ နိမ့်ကျနေသည့်အတွက် ဝင်ငွေပိုမိုနည်းလာကြောင်း သိရသည်။ တစ်တန်လျှင် ကားခငွေကျပ် ၇၂,၀၀၀ နှုန်းထိဇွန်လဒုတိယပတ်တွင် မြင့်တက်ခဲ့သော ရန်ကုန်-မူဆယ်ကားခနှုန်းသည် ဇွန် ၁၄ ရက်မှစတင်ကျင့်သုံးမည့် ကြိုတင်ငွေခွန် (ပို့ခွန်)အတွက် ကောက်ခံမှုကြောင့် အခြေအနေစောင့်ကြည့်ရန် ဆန်တင်ပို့မှုနည်းလာသည့်အတွက် တစ်တန်လျှင် ငွေကျပ်ခြောက်သောင်း ရှစ်ထောင်နှုန်းသို့ ဇွန် ၁၃ ရက်တွင် ကျဆင်းသည်ဟု သိရသော်လည်း ကားရှား၊ ကုန်ရှားနေသည်ဟု ဂိတ်ပိုင်ရှင်တစ်ဦးက ဆိုသည်။

ခင်ဆိုင်

နွေစပါးနှင့်မိုးစပါး နှစ်သီးစိုက်ပျိုးနိုင်မည့် နမ့်လောက်ဆည်

တာချီလိတ် ဇွန် ၁၃

မိုးစပါးစိုက်ရာသီ စိုက်ပျိုးရေလုံလောက်စွာရရှိရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ချောင်းပိတ်မြောင်းပိတ်ဆည် စတင်ရေလွှတ်ခြင်းကို ဇွန် ၁၂ ရက် နံနက်ပိုင်းက တာချီလိတ်မြို့နယ် ဖန်မင်ကျေးရွာအုပ်စု ဝမ်းကောင်းမွန်ကျေးရွာအနီးရှိ အဆိုပါဆည်တွင် ကျင်းပခဲ့သည်။

အခမ်းအနားတွင် ခရိုင်ဆည်မြောင်းဦးစီးဌာနမှ ဦးစီးအရာရှိ ဦးဟန်ထွန်းနှင့် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ဦးလှသိန်းတို့က ဆည်တည်ဆောက်မှုလုပ်ငန်းရပ်များကို ရှင်းလင်းပြောကြားကာ ခရိုင်အုပ်ချုပ်ရေးမှူးက ဆည်ရေကိုစတင်လွှတ်ပေးသည်။ အဆိုပါဆည်သည် သဘာဝအတိုင်းစီးဆင်းနေသော နမ့်လောက်ချောင်းကို ကျောက်စီကွန်ကရစ်တမံဖြင့် ရေထိန်းသိမ်းကာ မိုင်းကိုးနှင့် ဖန်မင်ကျေးရွာအုပ်စုများအတွင်းရှိ မိုးစပါးစိုက်ဧက ၅၅၄ ဧက၊ နွေစပါးစိုက်ဧက ၂၅၀ ခန့်ကို ရေပေးဝေနိုင်မည်ဖြစ်ရာ ယခင်ကမိုးကောင်းသောက်လယ်များကို ယခုနှစ်မှစတင်ကာ ဆည်ရေထိန်းသိမ်းမှုစနစ်ဖြင့် နွေစပါးကိုပါ တိုးချဲ့စိုက်ပျိုးသွားနိုင်မည်ဖြစ်ကာ ဆည်တည်ဆောက်မှုအတွက် ငွေကျပ် သိန်း ၁၇၀ ကျော် အကုန်အကျခံတည်ဆောက်ထားသည့် ကိုယ့်အားကိုယ်ကိုး ကျေးလက်ဆည်ဖြစ်ကြောင်း သိရှိရသည်။

ဖန်မင်ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများတွင် မော်ဘီ-၃၊ ဒေသမျိုးရင်းဖြစ်သည့် ခေါက်ဟောင် (ခ) ဆန်မွှေးနှင့် ကောက်ညှင်းကို အဓိကထားစိုက်ပျိုးလျက်ရှိရာ တစ်ဧကအထွက်နှုန်း ပျမ်းမျှ တင်း ၈၀ ထွက်ရှိရာ ယခု နမ့်လောက်ဆည်တည်ဆောက်ပြီးစီးသည့်အတွက် နွေစပါးနှင့်မိုးစပါး နှစ်သီးစားအဖြစ် စိုက်ပျိုးနိုင်တော့မည်ဖြစ်ရာ ဒေသခံပြည်သူများ၏ လယ်ယာစိုက်ပျိုးရေးကို ပိုမိုအကျိုးပြုဆောင်ရွက်သွားနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

မောင်ယဉ်ကျေး

ပြည်တွင်းသတင်း

ဟာရိတ၏ စာအုပ်စင်

မြန်မာ့တော်လှန်ရေးခရီးကြမ်းမှ အောင်မြင်မှုမှတ်တမ်း (၁၉၃၉-၁၉၄၆)

မှုရင်းစာရေးဆရာ ဒေါက်တာ ဘမော်က နှစ်ပေါင်း ၂၀ ကျော်ကြာ ရေးသားပြုစုကာ ၁၉၆၆ ခုနှစ်တွင် အင်္ဂလိပ်ဘာသာ စာမူအဖြစ် အနောက်တိုင်းသို့ ရောက်ရှိသွားခဲ့သော စစ်အတွင်း ကိုယ်တွေ့မှတ်တမ်းစာအုပ်ဖြစ်သည်။ ဒုတိယကမ္ဘာစစ်ကာလ နိုင်ငံတွင် အမြင့်ဆုံး ရာထူးအာဏာကို ရရှိထားခဲ့သူ၏ အတွေ့အကြုံများနှင့် အတွေးအမြင်များ၊ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်နှင့် ထိုခေတ်ကာလ သမိုင်းတစ်ကွေ့ ပုံရိပ်များကို ဤစာအုပ်တွင် လေ့လာတွေ့ရှိနိုင်ပါသည်။ ဒေါ်သူဇာမော်ထွန်း ဖုန်း-၀၁-၅၃၈၆၆၉ က ဖြန့်ချိပြီး တန်ဖိုးငွေကျပ် ၈၅၀၀ ဖြစ်သည်။

နမ့်လွေချောင်းလေး သက်သေတည်

ဤစာအုပ်ပါအကြောင်းအရာ အားလုံးလိုလိုသည် စိတ်ကူးယဉ် သက်သက်မဟုတ်ဘဲ ကိုယ်တွေ့ ဖြစ်ရပ်များသာဖြစ်ပါသည်ဟု စာရေးသူ ဘိုမျိုး(ရွှေဘို)က ၎င်း၏အမှာစာထဲတွင် ဖော်ပြထားသည်။ ဤစာအုပ်တွင် "နမ့်လွေချောင်းလေးသက်သေတည်" အပါအဝင် စာရေးသူ၏ လက်ရာ ၂၅ခုတို့ကို စုစည်းဖော်ပြထားရာ ကိုယ်တွေ့အခြေခံဝတ္ထု၊ ဆောင်းပါးများဖြစ်ပြီး အနုပညာရသ တစ်ခုခုဖြင့် အကျိုးပြုနိုင်ပါလိမ့်မည်။ ရယ်ရ၊ လွမ်းရ၊ ထိတ်လန့်ရ၊ အံ့ဩရ၊ ကြည်နူးရ၊ ပျော်မြူးရကြောင်းဖြင့်လည်း ဆရာချစ်နိုင် (စိတ်ပညာ)က ညွှန်းဆိုထားသည်။ ရသကောင်းများ ခံစားလိုသူတို့ ဖတ်ကြည့်သင့်ပါသည်။

ခေတ်ပြိုင်မီဒီယာနှင့် တွင်းတူးဖော်ထုတ်သတင်းပညာ

ဤစာအုပ်ကို ရေးသားပြုစုသူ ဆရာတက္ကသိုလ်မြတ်သူသည် ၁၉၅၇ ခုနှစ်မှစ၍ ယခု အသက် ၈၀ အရွယ်သို့ ရောက်လာသည့်တိုင် သတင်းစာလောကနှင့် အဆက်မပြတ်သူ သတင်းစာဆရာကြီး ဖြစ်သည်။ တွင်းတူးဖော်ထုတ်သတင်းပညာ (Investigative Journalism) ဆိုသည်မှာ ငုပ်လျှိုးနေသော သတင်းများကို တွင်းတူးဖော်ထုတ်တင်ပြသော အတတ်ပညာဖြစ်ရာ သတင်းလောကတွင် အသက်မွေးဝမ်းကျောင်းပြုနေကြသူ သတင်းထောက်များ၊ အယ်ဒီတာများ တတ်သင့်တတ်အပ်သော သတင်းအတတ်ပညာတစ်ခုပင်ဖြစ်သည်။ ဟန်သာဆုစာအုပ်တိုက် ဖုန်း-၀၁-၃၇၁၈၀၀၊ လိုင်းခွဲ-၄၀၇၊ ၀၉-၄၂၁၀၇၂၅၉၉ က ထုတ်ဝေပြီး တန်ဖိုးငွေကျပ် ၂၀၀၀ ဖြစ်သည်။

လက်ရွေးစင် အင်္ဂလိပ်ဝေါဟာရ ၈၅၀



အင်္ဂလိပ်စာနှင့် မကင်းသူများ အပိုင်သိထားရမည့် လက်ရွေးစင်ဝေါဟာရ ၈၅၀ ကို အဘိဓာန်ပုံစံဖြင့် စုစည်းထားသည်။

ဝေါဟာရတိုင်းအတွက် အင်္ဂလိပ်၊ အင်္ဂလိပ်-မြန်မာ ဖွင့်ဆိုချက်များအပြင် နမူနာဝါကျနှင့် ပုဒ်စုပေါင်း ၅၀၀၀ ကျော်အတွက်လည်း စံထားလောက်သည့် ဘာသာပြန်ဆိုချက်များ ပေးထားသည်။ Unity စာပေ ဖုန်း-၀၉-၅၁၃၀၉၇၇ က ထုတ်ဝေပြီး စာအုပ်တန်ဖိုးငွေကျပ် ၂၀၀၀ ဖြစ်ကြောင်း သိရသည်။

မြန်မာသမိုင်းသုတေသနစာစောင် အမှတ်(၂၃)



ယဉ်ကျေးမှုဝန်ကြီးဌာန သမိုင်းသုတေသနဦးစီးဌာနက မြန်မာသမိုင်းသုတေသန စာစောင် အမှတ်(၂၃)ကို ထုတ်ဝေဖြန့်ချိလိုက်သည်။ မြန်မာသမိုင်းသုတေသနစာစောင် အမှတ်(၂၃)တွင် သုတေသနစာတမ်း ၁၁ စောင် ပါဝင်ရာ The End of Ayuthaya: a Contemporary Myanmar Poetic Record on the Final War၊ A Brief Account of King Nyaungyan's Early Life၊ ပုဂံတွင်ထေရဝါဒဗုဒ္ဓသာသနာပြန့်ပွားရေးအတွက် ရှင်အရဟံ ပံ့ပိုးဆောင်ရွက်ချက်များ၊ ဟံသာဝတီခေတ် ကုန်သွယ်စီးပွားရေး၊ ညောင်ရမ်းခေတ်အဝတ်အထည်ပုံစံနှင့် အဆင်များ၊ မြန်မာကျောက်စာများ (အေဒီ ၁၅၀၀-၁၆၀၀)ပါ မြန်မာသမိုင်း၊ လောကီ၊ လောကုတ္တရာနှင့် ဓမ္မစေတီခေါင်းလောင်းကြီး၊ ကုန်းဘောင်ခေတ် မြင်းတပ်ဖွဲ့စည်းပုံ၊ မင်းတုန်းမင်းလက်ထက် တရားစီရင်ရေး(၁၈၅၃-၁၈၇၈)၊ မြန်မာနိုင်ငံရေး (၁၉၃၇-၁၉၄၅)၊ ကိုလိုနီခေတ် ကသာခရိုင်၏ စီးပွားရေးလုပ်ငန်းများ(၁၈၈၆-၁၉၄၈)တို့ဖြစ်သည်။

ရန်ကုန်မြို့ ပြည်လမ်း အမျိုးသားပြတိုက်ရှိ သမိုင်းသုတေသနဦးစီးဌာန၏ စာအုပ်အရောင်းဆိုင်တွင်လည်းကောင်း၊ နေပြည်တော်ယဉ်ကျေးမှုဝန်ကြီးဌာန သမိုင်းသုတေသနဦးစီးဌာန ရုံးအမှတ်(၃၅) တွင်လည်းကောင်း တစ်အုပ်လျှင် ငွေကျပ် ၃၀၀၀ နှုန်းဖြင့် ဝယ်ယူရရှိနိုင်သည်။

ပြည်တွင်းသတင်း

▲ **ရှေ့ဖုံးမှ**

ဖြေ။ ။ ကျွန်တော်တို့အဖွဲ့ ဇွန် ၁၁ ရက် ညနေက မလေးရှားနိုင်ငံကို ရောက်ရှိပါတယ်။ ရောက်ရှိပြီး မလေးရှားနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးစီးတဲ့အဖွဲ့နှင့် နောက်တစ်နေ့ဆောင်ရွက်မယ့်၊ သွားရောက်မယ့် လုပ်ငန်းစဉ်များကို တွေ့ဆုံညှိနှိုင်းပါတယ်။ ဇွန် ၁၂ ရက် နံနက်ပိုင်းက စတင်ပြီး ပထမဦးစွာ မြန်မာသံရုံးကို သွားရောက်ပါတယ်။ သံရုံးမှာ ပတ်စ်ပို့ သက်တမ်းလာတိုးတဲ့ မြန်မာအလုပ်သမားများနဲ့ တွေ့ဆုံပါတယ်။ မြန်မာအလုပ်သမား ၁၅၀ ကျော်နဲ့ တွေ့ခဲ့ပါတယ်။ ကျွန်တော်ရယ်၊ ဒုတိယဝန်ကြီး ဒေါ်ဝင်းမော်ထွန်းရယ်၊ အလုပ်သမားအေဂျင်စီတွေက ကိုယ်စားလှယ်တွေရယ် အုပ်စုနှစ်စုခွဲပြီး တွေ့ပါတယ်။ အဲလိုတွေ့ဆုံရာမှာ အလုပ်သမားတွေ တွေ့ကြုံနေရတဲ့ အခက်အခဲတွေ၊ ကြားသိရတဲ့သတင်းတွေအပြင် သူတို့မြန်မာနိုင်ငံကို ပြန်လိုတယ်၊ မပြန်လိုဘူးဆိုတာကို အသေးစိတ်မေးမြန်းခဲ့ပါတယ်။

မေး။ ။ သူတို့အနေနဲ့ အဲဒီကအဖြစ်အပျက်တွေနဲ့ပတ်သက်ပြီး စိုးရိမ်ပူပန်မှုတွေ ရှိနေတာပေါ့နော်။ အဲဒီလို မေးမြန်းတော့ ဘယ်လိုများ ဖြေကြားကြပါသလဲ။

ဖြေ။ ။ မေးမြန်းတဲ့အခါမှာ သူတို့လက်ရှိတွေ့ကြုံနေတဲ့ အနေအထားလေးကို သိရှိခွင့်ရခဲ့ပါတယ်။ အများစုက ပြောတာတော့ သူတို့မြန်မာတချို့ ဆာလာရန်းဘက်မှာတိုက်ခိုက်ခံရတဲ့ သတင်းကိုကြားသိတယ်။ တခြားကောလာဟလသတင်းတွေလည်းအများကြီးတွေ့ပါတယ်။ ဖေ့စ်ဘွတ်မှာလည်း တွေ့တယ်လို့ဆိုပြီး ပြောပါတယ်။ သူတို့ကို မြန်မာနိုင်ငံကို ပြန်မလား။ ဘယ်လိုလုပ်မလဲမေးတော့ တချို့က အခုမှ သက်တမ်းလာတိုးတာ၊ ရောက်နေတာလည်း သုံးနှစ်ရှိပြီ။ တချို့ဆိုရင်ငါးနှစ်ခြောက်နှစ်ရှိပြီ။ တချို့ဆိုရင် ၁၀ နှစ်လောက် ရှိပြီပေါ့။ သူတို့ တရားဝင် နေထိုင်တယ်၊ တရားဝင်လုပ်ကိုင်တယ်၊ လုပ်ငန်းအခြေအနေလည်း ကောင်းတယ်၊ စိုးရိမ်စရာ သူတို့ အလုပ်လုပ်တဲ့နေရာမှာ မရှိတဲ့အတွက် သူတို့ကတော့မပြန်လိုသေးပါဘူးလို့ အများစုက ပြောကြပါတယ်။ သက်တမ်းတိုးတယ်ဆိုကတည်းကလည်း ဒီမှာဆက်နေမယ်လို့ ရည်ရွယ်ချက်နဲ့ သက်တမ်းလာတိုးတယ်လို့ ယူဆပါတယ်။

နောက် ဘာအခက်အခဲရှိသလဲပေါ့ မေးတဲ့အခါ အပြင်ထွက်ဖို့ အခက်အခဲ ရှိတယ်။ အလုပ်ရှင်တွေက စိုးရိမ်လို့ အပြင်ပေးမထွက်ဘူး။ နောက် ကောလာဟလသတင်းတွေကြားတဲ့အတွက် မြန်မာနိုင်ငံက မိဘဆွေမျိုးအသိုင်းအဝိုင်းကစိုးရိမ်ပြီး ပြန်လာမလားဆိုပြီးခေါ်နေတယ်ဆိုတဲ့ အကြောင်းတွေလည်း ကြားသိရပါတယ်။

မေး။ ။ သံရုံးကနေ ဘယ်ကိုများ ဆက်သွားပါသေးသလဲခင်ဗျာ။

ဖြေ။ ။ သံရုံးကနေ ကျွန်တော်တို့အဖွဲ့ဟာ အကြမ်းဖက်တိုက်ခိုက်မှုတွေ ဖြစ်ပွားခဲ့တဲ့ ဆာလာရန်းနယ်မြေမှာရှိတဲ့ ဆာလာရန်းဈေးကို သွားရောက်ခဲ့ပါတယ်။ ဆာလာရန်းဈေးက ဈေးသစ်ဈေးဟောင်း နှစ်ဈေးရှိပါတယ်။ ကျွန်တော်တို့ ဈေးသစ်ကိုသွားရောက်ခဲ့ပါတယ်။ နယ်မြေခံရဲတပ်ဖွဲ့ အစောင့်အရှောက်တွေလည်း လိုက်ပါလာပါတယ်။ အဲဒီနယ်မြေဟာ မလေးရှားနိုင်ငံမှာ ရာဇဝတ်မှု ထူပြောတဲ့နေရာ ဖြစ်ပါတယ်။ ဂိုဏ်းဂဏအုပ်စုတွေ ရှိတယ်။ မူးယစ်ဆေးဝါးတွေ ရောင်းဝယ်ဖောက်ကားတယ်။ နောက် ဒီဈေးကြီးဟာ နေ့ခင်းပိုင်းမှာ ကုန်စိမ်းဈေးပေါ့။ အသီးအရွက်တွေ၊ အသီးအနှံတွေ တစ်နိုင်ငံလုံး အတိုင်းအတာနဲ့ရောက်ရှိတယ်၊ ဖြန့်ချိတယ်။ ညဘက်မှာ ညလယ်ဈေးအဖြစ် ဆက်ရှိတယ်။ ငါးတွေ ဖြန့်ချိတယ်၊ ရောင်းချတယ်ဆိုပြီး သိရပါတယ်။ အဲဒီလိုသွားတဲ့အခါ မြန်မာနိုင်ငံကရောက်ရှိပြီး တရားမဝင်နေထိုင်နေတဲ့ မြန်မာအလုပ်သမားတွေနဲ့ တွေ့ပါတယ်။ သူတို့ဆီမှာ ပတ်စ်ပို့တွေ မရှိဘူး၊ အခွန်မဆောင်ထားဘူး၊ နောက်နေထိုင်တာလည်း အနှစ် ၂၀ ကြာတဲ့လူ ရှိတယ်၊ ၁၀နှစ် ၁၅ နှစ် ကြာတဲ့လူတွေ စသည်ဖြင့် ထမင်းဆိုင်လုပ်နေတာ၊ မော်တာကားတာယာဆိုင် ဖွင့်ထားတာတွေ တွေ့ခဲ့ရပါတယ်။ မြန်မာ ၄၀၀၀ လောက် အဲဒီမှာရှိတယ်လို့ သိရှိရပါတယ်။ အဲဒီတော့ သူတို့ လုပ်ရကိုင်ရတဲ့ အခြေအနေဘယ်လိုရှိသလဲမေးတော့ သူတို့အနေနဲ့ကတော့ ဒီမှာ ဖြစ်ပွားသွားတာမှန်ပါတယ်။ အကုန်လုံးကိုတော့ သူတို့ မသိမမြင်လိုက်ပါဘူး။ ဒါပေမယ့်လည်း ဂိုဏ်းဂဏအဖွဲ့မျိုးနဲ့သော်လည်းကောင်း၊ အခြားအုပ်စု တစ်စုစုကသော်လည်းကောင်း တိုက်ခိုက်ခဲ့ကြတယ်။ ဒါပေမယ့် သူတို့အနေနဲ့ကတော့ မပြန်လိုပါဘူး။ ဆက်လက်နေထိုင်ကြဦးမှာပဲဆိုပြီးတော့ ပြောကြပါတယ်။ တချို့အသက်ငယ်ငယ်နဲ့ မကြာခင်ကမှ တရားမဝင် ရောက်လာတယ်ဆိုတဲ့ လူငယ်တွေနဲ့တွေ့ပါတယ်။ ဇာတိတွေကတော့ စုံပါတယ်။ မော်လမြိုင်၊ ကျိုက်မရော၊ မုဒုံ၊ မန္တလေး၊ မြင်းခြံ၊ နတ်မောက် စသဖြင့် အကုန်လုံးကိုတွေ့ပါတယ်။ သတိဝီရိယနဲ့နေဖို့၊ ကိုယ့်ကိုယ်ကိုလုံခြုံရေး သတိရှိဖို့၊ အချင်းချင်းဂရုစိုက်ကြဖို့၊ စောင့်ရှောက်ကြဖို့ မှာကြားခဲ့ပြီးတော့မှ နယ်မြေအခြေအနေကြည့်ပါတယ်။

မေး။ ။ ဆာလာရန်းဆေးရုံကိုလည်း ရောက်ပါသေးသလားခင်ဗျာ။

ဖြေ။ ။ ဆာလာရန်းဈေးကနေပြီးတော့မှ ဆာလာရန်းနယ်မြေမှာရှိတဲ့ ဆေးရုံကို သွားကြည့်ပါတယ်။ ဆေးရုံမှာ သံရုံးနဲ့ သံအမတ်ကြီး သွားတွေ့ခဲ့တုန်းက တွေ့ခဲ့တာ လေးဦးပေါ့။ နှစ်ဦးကတော့သက်သာလို့ ဆေးရုံကဆင်းသွားပါပြီ။ တစ်ဦးကတော့ ဇွန် ၈ ရက်က ဆုံးသွားပါတယ်။ တစ်ဦးကတော့ ကျန်ပါသေးတယ်။ စကားပြောနိုင်နေပြီး သက်သာတဲ့ အနေအထားတွေ့ခဲ့ရပါတယ်။ ဇာတိကတော့ မြင်းခြံဘက်ကလို့ ပြောပါတယ်။ သူ့ကို ကျွန်တော်တို့ မြန်မာကိုယ်စားလှယ်အဖွဲ့က မလေးရှားရင်းဂစ် ၁၈၀၀ ထောက်ပံ့ခဲ့ပါတယ်။ လူနာတစ်ယောက်တည်း ဖြစ်နေတဲ့အတွက် သံရုံးက စောင့်ရှောက်ပေးဖို့လည်း စီစဉ်ပေးခဲ့ပါတယ်။

မေး။ ။ အဲဒီဆေးရုံတက်နေတဲ့ လူနာကို မလေးရှားအလုပ်ရှင်ကရော လာမကြည့်ဘူးလားခင်ဗျာ။

ဖြေ။ ။ သူ့အလုပ်ရှင်ကလည်း တစ်နေ့တစ်ခေါက်လာကြည့်တယ်၊ ဂရုစိုက်ပါတယ်လို့ ပြောပါတယ်။

မေး။ ။ တော်သေးတာပေါ့နော်။ အဲဒီလို အလုပ်ရှင်က တာဝန်ကျေရင် နေရတာ အဆင်ပြေသေးတာပေါ့။ ပြီးတော့ရော ဘယ်တွေများထပ်ရောက်ပါသေးသလဲခင်ဗျာ။

ဖြေ။ ။ အဲဒီနောက် ကျွန်တော်တို့ ကပုန်းဘက်မှာရှိတဲ့ မြန်မာဘုန်းတော်ကြီးကျောင်းကို သွားရောက်ပါတယ်။ ကျောင်းရောက်တဲ့အခါမှာ တရုတ်ဗုဒ္ဓဘာသာကျောင်းမှာ မြန်မာဆရာတော်ကို ကျောင်းထိုင်နေတာက ဆရာတော်ဒေါက်တာ အရှင်အနုဂ္ဂဖြစ်ပါတယ်။ ကျောင်းမှာ ဆရာတော်တစ်ပါးတည်း သီတင်းသုံးနေပြီးတော့ မြန်မာအလုပ်သမား ၂၀ ခန့် လာရောက်ပြီး ခိုလှုံနေတာကို တွေ့ရှိရပါတယ်။

မေး။ ။ ဆရာတော်က မြန်မာအလုပ်သမားတွေကို စောင့်ရှောက်ထားတာပေါ့နော်။ ဆရာတော်ကရော ဘာတွေများမိန့်ကြားပါသလဲခင်ဗျာ။

ဖြေ။ ။ ဆရာတော့်အနေနဲ့ကတော့ ဒုက္ခရောက်နေတဲ့ မြန်မာတွေ အမြန်ဆုံးပြန်နိုင်အောင် ဘယ်လိုစီစဉ်ပေးနိုင်မလဲ၊ နောက် ကျန်ရှိနေတဲ့ မလေးရှားနိုင်ငံမှာ အလုပ်ဆက်လုပ်မယ့် မြန်မာအလုပ်သမားတွေကို ဘယ်လိုအကာအကွယ်အစောင့်အရှောက်တွေ ပေးနိုင်မလဲ၊ အလုပ်တော့ လုပ်နေပေမယ့်လည်း အခုအလုပ်က ရပ်နားထားပြီး အလုပ်ခွင်ကနေပြီးတော့ ပြန်ချင်နေတဲ့ သူတွေလည်းရှိတယ်၊ ဘယ်လို ဆောင်ရွက်ပေးမလဲ စသည်ဖြင့် ဒါတွေကို မေးပါတယ်။ ဆရာတော်စောင့်ရှောက်ထားတဲ့သူတွေနဲ့ တွေ့ပါတယ်။

သူတို့က အခု တရားဝင်လာလုပ်တာလား၊ တရားမဝင်လာလုပ်တာလား၊ ပတ်စ်ပို့ကိုင်ထားတဲ့လူလား ခွဲခြားတဲ့အခါကျတော့ ပြန်ချင်တာကတော့ ဆာလာရန်းနယ်မြေမှာ အလုပ်လုပ်ခဲ့တဲ့ ခုနဘေးအန္တရာယ်တွေ ကြုံတွေ့တာ၊ ကြားသိခဲ့ရတဲ့၊ မြင်ခဲ့ရတဲ့ မြန်မာအများစု ဖြစ်ပါတယ်။ လောလောဆယ် ၁၆ ဦးက ပြန်မယ်ဆိုပြီး ပြောပါတယ်။ သူတို့ပြန်ဖို့ CI (Certificate of Indentification) ကို မြန်မာသံရုံးက ထုတ်ပေးပါမယ်။

မေး။ ။ သူတို့ကို မြန်မာသံရုံးက CI အလွယ်တကူ ထုတ်ပေးပါသလားခင်ဗျာ။

ဖြေ။ ။ သူတို့ဟာ မြန်မာတွေဖြစ်ကြောင်း သေချာတဲ့အတွက် မြန်မာသံရုံးက အလွယ်တကူ ထုတ်ပေးပါတယ်။ လက်မှတ်ရပြီဆိုရင် သံရုံးက ထောက်ခံစာနဲ့ ဒီ ၁၆ ဦးကို မလေးရှား လူဝင်မှုကြီးကြပ်ရေးဌာနကို ခေါ်ဆောင်သွားရပါမယ်။ အဲဒီမှာ Check Out Memo ဖောင် ဖြည့်ရမယ်။ သူတို့ရဲ့ လက်ဗွေတွေယူပြီးတော့ ဒီမှာ ရာဇဝတ်မှုကျူးလွန်ခဲ့တာ ရှိ မရှိ၊ အလုပ်ရှင်တွေကနေပြီး အလုပ်ခွင်ကနေ တရားမဝင်ထွက်ပြေးသွားတဲ့ လျော်ကြေးပေးရန် ကျန်သေးတယ်လို့ တိုင်ကြားထားခြင်း ရှိ မရှိ စသဖြင့် စစ်လို့ ရှင်းလင်းတယ်ဆိုရင် သူတို့ ပြန်မှာဖြစ်ပါတယ်။

မေး။ ။ သူတို့အားလုံးက ရှင်းရှင်းလင်းလင်းရှိနိုင်ရဲ့လားခင်ဗျာ။

ဖြေ။ ။ အားလုံးကလည်း ရှင်းလင်းတယ်ဆိုပြီး ပြောကြပါတယ်။ မလေးရှား လူဝင်မှုကြီးကြပ်ရေးအဖွဲ့ကို သွားတွေ့တယ်ဆိုရင် သူတို့ အိုဗာစတေးပေါ့။ တရားမဝင်နေထိုင်ခဲ့တဲ့အတွက် ရင်းဂစ် ၄၀၀ ပေးရမှာ ဖြစ်ပါတယ်။ ရင်းဂစ် ၄၀၀ ပေးပြီးတော့မှ တစ်ပတ်အတွင်းမှာ ပြန်မယ့် လေယာဉ်ပျံလက်မှတ်ကိုလည်း တင်ပြရမှာဖြစ်ပါတယ်။ သတ်မှတ်တဲ့အချက်တွေနဲ့ ကိုက်ညီတဲ့ သူဆိုရင်တော့ ချက်ချင်းပြန်ခွင့်ပေးမယ်ဆိုပြီးတော့မှ သံရုံးနဲ့ မလေးရှားလူဝင်မှုကြီးကြပ်ရေးအဖွဲ့နဲ့ ညှိနှိုင်းထားပါတယ်။

မေး။ ။ ဘယ်တော့လောက် အစောဆုံးပြန်လာနိုင်မလဲခင်ဗျာ။

ဖြေ။ ။ သူတို့ကိုတော့ အခုလောလောဆယ် စနေနေ့ပေါ့။ ဇွန်လ ၁၅ ရက်နေ့မှာ ပြန်နိုင်အောင် ဆိုပြီးတော့မှ သံရုံးရယ်၊ ကူညီထောက်ပံ့နေတဲ့အဖွဲ့တွေ ဆောင်ရွက်ပေးနေပါပြီ။ သူတို့အခမဲ့ပြန်နိုင်ဖို့အတွက် ဆိုပြီးတော့ ရင်းဂစ် ၄၀၀ ကို အလှူရှင်တွေဖြစ်တဲ့ ဦးဇော်ဇော်၊ ဦးအောင်ကိုဝင်း၊ ဦးတေဇတို့ စသဖြင့်လှူဒါန်းထားတဲ့ငွေတွေကို သုံးစွဲပါမယ်။ ဦးဇော်ဇော်ရဲ့ ဧရာဝတီဖောင်ဒေးရှင်းအဖွဲ့က ဒီမှာ ရောက်ရှိပြီးတော့မှ သူတို့က ဒီငွေတွေလှူမယ် ပြောပါတယ်။ နောက်ပြန်မယ်ဆိုရင်လည်း အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်းက ဦးအောင်ကိုဝင်းတို့ရဲ့ အလှူငွေတွေနဲ့ ပြန်လို့ရအောင်ဆိုပြီး လောလောဆယ် စီစဉ်ထားပါတယ်။

မေး။ ။ အလုပ်ဆက်လုပ်မယ့် မြန်မာတွေအတွက်ကိုရော ဘယ်လိုများ စီစဉ်ပေးပါမလဲ။

ဖြေ။ ။ အလုပ်ဆက်လုပ်မယ့် မြန်မာတွေအတွက် ဘယ်လိုလုပ်မလဲဆိုရင် ဒီအလုပ်သမားတွေ အကာအကွယ်ရဖို့ နံနက်ကပဲ သံရုံးမှာ သက်တမ်းလာတိုးတဲ့ အလုပ်သမားတွေက မေးပါတယ်။ သူတို့ကိုလည်း ဒီအတိုင်း ကျွန်တော်တို့ ဖြေခဲ့တာ ဖြစ်ပါတယ်။ ကျွန်တော်တို့ အစိုးရအနေနဲ့ မလေးရှားနိုင်ငံခြားရေးဝန်ကြီးဌာနနဲ့ ညှိနှိုင်းပြီးတော့ မြန်မာအလုပ်သမားတွေ အတိုက်ခိုက်မခံရအောင်၊ အကာအကွယ်ရအောင် တောင်းဆိုမယ်။ ဒီမှာ အဆက်အသွယ်မပြတ်အောင်ဆောင်ရွက်လျက်ရှိနေတဲ့ ပြည်ထဲရေးဝန်ကြီးဌာနရဲများနဲ့ ဆက်သွယ်ပြီးတော့မှ သတင်းရယူတာ၊ သတင်းပေးတာ၊ အကူအညီတောင်းခံတာစသဖြင့် အဆက်မပြတ်နဲ့ ကာကွယ်ပေးနိုင်ဖို့ ကျွန်တော်တို့ ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ နောက်အလုပ်သမားကိစ္စဖြစ်တဲ့အတွက် မလေးရှားနိုင်ငံ အလုပ်သမားဝန်ကြီးဌာနနဲ့တွေ့ပြီးတော့ အလုပ်သမားတွေကို အလုပ်ရှင်တွေက အကာအကွယ်ပေးဖို့၊ ပိုပြီးဂရုစိုက်ပေးဖို့၊ ပိုပြီးထောက်ပံ့ပေးဖို့ ဒါတွေဆောင်ရွက်ပေးသွားပါမယ်။

မေး။ ။ အခုလောလောဆယ် ပြန်မယ့်လူတွေအပြင် နောက်ထပ်ရော ရှိနေသလားခင်ဗျာ။

ဖြေ။ ။ လောလောဆယ် ပြန်ချင်တဲ့လူတွေစာရင်းကို ပါလာတဲ့အဖွဲ့အစည်းတွေ၊ သံအမတ်ကြီးတို့နဲ့ ဆက်သွယ်ပြီးတော့မှ ၁၆ ဦးပြန်ဖို့ဆိုပြီးတော့ စာရင်းထွက်လာပါတယ်။ သူတို့ကိုတော့ အလှူရှင်တွေလည်းအဆင်သင့်ရှိပြီးဖြစ်တာနဲ့ ချက်ချင်းစီစဉ်ဆောင်ရွက်ပေးခဲ့ပါတယ်။ နောက်ထပ်လည်း ပြန်မယ်ဆိုပြီးတော့မှ ဆက်သွယ်လာခဲ့တာတွေရှိပါတယ်။ ဆက်သွယ်လာတဲ့ ဦးရေကတော့ အများကြီးတော့ မရှိသေးပါဘူး။ ၁၅ ဦး ၁၆ ဦးလောက် ဖြစ်မယ်လို့ ယူဆပါတယ်။

မေး။ ။ သိပ်တော့မရှိသေးဘူးပဲ။ မလေးရှားတစ်နိုင်ငံလုံးအနေနဲ့ဆိုရင်တော့ ပြန်ချင်တဲ့သူများမလား ဒုတိယဝန်ကြီးခင်ဗျာ။

ဖြေ။ ။ ကျွန်တော်တို့မေးခဲ့တာရှိပါတယ်။ ဆရာတော်အနေနဲ့ ပြန်ချင်တဲ့ အရေအတွက် ဘယ်လောက်ခန့်မှန်းပါသလဲဆိုတော့ အများဆုံးရှိရင် ထောင်ဂဏန်းကနေ သောင်းဂဏန်းလောက်ထိပဲဖြစ်နိုင်တယ်။ ကျန်တာကတော့ မဖြစ်နိုင်ဘူး။ ဘာဖြစ်လို့လည်းဆိုတော့ အလုပ်လုပ်ရတဲ့ အခြေအနေတွေ မတူလို့ ဖြစ်ပါတယ်။ လုပ်ငန်းခွင်အကြီးတွေမှာ လစာကောင်းကောင်းနဲ့ လာလုပ်တဲ့လူတွေ Accountant လိုမျိုး စသဖြင့်တွေ့ခဲ့ပါတယ်။ သူတို့ကတော့ မပြန်လိုပါဘူး။ဒီမှာ သက်ဆိုင်ရာကုမ္ပဏီများကလည်း တတ်နိုင်သမျှ ကူညီစောင့်ရှောက်တဲ့အတွက် လုပ်မယ်ဆိုတဲ့အဖွဲ့တွေတွေ့ပါတယ်။

နောက်အဖွဲ့များကလည်း အခုနက မှန်စက်ရုံလိုမျိုးပေါ့၊ အလုပ်သမား ၁၅၀ လောက်ရှိတယ်။ သူတို့ကို တတ်နိုင်သလောက် ကာကွယ်စောင့်ရှောက်တယ်၊ သူတို့ရဲ့ကျွမ်းကျင်မှုကိုလည်း လိုအပ်တယ်။ အဲဒီတော့ အပြန်အလှန်ကူညီတဲ့အနေနဲ့ ဒီအလုပ်သမားတွေဆက်ရှိဖို့လိုတယ်။ ထားတဲ့နေရာကလည်း စနစ်တကျနဲ့လုံခြုံမှုလည်းရှိတယ်။ ဒုစရိုက်ပေါတဲ့ နယ်မြေလည်း မဟုတ်ဘူးဆိုလို့ရှိရင် ဒီလူမျိုးတွေက ဆက်လုပ်ချင်တယ်။ ဆက်နေမယ်ဆိုတဲ့ဟာမျိုးလည်း တွေ့ရပါတယ်။ တခြားအလုပ်ကြမ်းသမားလုပ်ပေမယ့် အလုပ်ကြမ်းသမားတွေက လခများများပိုရပါတယ်။ နောက် Over Stay တွေ ဖြစ်နေတဲ့အတွက်လည်း ကျန်တဲ့အခွန်အခတွေ ပေးစရာ ငွေကုန်ကြေးကျများစရာ သိပ်မရှိတဲ့အတွက် သူတို့ကလည်း မပြန်ချင်တဲ့သူတွေရှိတယ် စသည်ဖြင့် အမျိုးမျိုးတွေ့ရပါတယ်။

မေး။ ။ ပြန်လိုတဲ့သူတွေက အဓိက ဆာလာရန်းဒေသကပဲ ဖြစ်မလားခင်ဗျာ။

ဖြေ။ ။ ဟုတ်ပါတယ်။ကျွန်တော်တို့သတင်းထဲမှာ အများစုပါတဲ့ အရပ်ဒေသအနေနဲ့ ဒီ ဆာလာရန်း ဒေသပေါ့။ ဒီဒေသကလူတွေကတော့ နေမယ့်လူကလည်း နေမယ်၊ ပြန်တဲ့လူကလည်း ပြန်မယ်ဆိုပြီးတော့မှ နှစ်ပိုင်းတွေ့ရတဲ့အတွက် ပြေလည်အောင်ဆောင်ရွက်ပေးပါမယ်ဆိုပြီးတော့ ဆရာတော်ကို လျှောက်ခဲ့ပါတယ်။ အဲဒီမှာ ပြန်ချင်တဲ့သူတွေကိုလည်း တွေ့ပြီးတော့ သူတို့ မေးတာတွေဖြေကြားပါတယ်။ အဲဒီမှာပဲ ကပုန်းနာရေးကူညီမှုအသင်းက ကိုဆန်းဝင်းတို့နဲ့ တွေ့ပြီးတော့မှ အပြန်အလှန်ဆက်သွယ်ပြီးတော့ လိုအပ်တဲ့ အကူအညီတွေ ဆောင်ရွက်ပေးပါ။ နောက်သင်္ဂြိုဟ်မယ့်ကိစ္စလေးတွေရှိပါတယ်၊ အဲဒီမှာ ဆုံးသွားတဲ့လူတွေထဲက လေးဦးပေါ့။ ရဲဌာနကနေပြီးတော့ တရားဝင်အတည်ပြုတာလေးဦး၊ နောက်ထပ်ဆေးရုံမှာဆုံးတာတစ်ဦး၊ ပေါင်း ငါးဦးကိုသင်္ဂြိုဟ်ဖို့ သူတို့ဆက်ပြီးတော့ လုပ်မယ်ပေါ့။ သင်္ဂြိုဟ်ခွင့်ရတာကတော့ သုံးဦးရှိပါပြီ။ အဲတော့ နောက်ထပ်နှစ်ဦးကိုတော့ စုံစမ်းတုန်းပါ။ သူရဲ့ Identification လုပ်နေတုန်းပါ။ မကြာခင်မှာ သင်္ဂြိုဟ်နိုင်လိမ့်မယ်ဆိုပြီးတော့မှ နာရေးကူညီမှုအသင်းရော ရဲရော၊ သံရုံးကရော ဒီလိုပဲဆောင်ရွက်လျက် ရှိပါတယ်။

မေး။ ။ အခြားနေရာတွေကိုရော ရောက်ခဲ့ပါသေးသလားခင်ဗျာ။

ဖြေ။ ။ အဲဒီကနေပြီးတော့မှ နောက်ဆေးရုံတစ်ရုံသွားတဲ့အခါ အဲဒီမှာ ဆေးရုံတက်နေတဲ့ မြန်မာတစ်ဦးကို တွေ့ပါတယ်။ သူကတော့ စကားကောင်းကောင်းမပြောနိုင်သေးပါဘူး။ Intensive Care လည်း မဟုတ်ပါဘူး။ ဒါပေမယ့် ဂရုတစိုက်စောင့်ကြည့်ပြီးတော့ ကုသပေးနေရတဲ့ အခြေအနေရှိတဲ့အတွက် သူ့အတွက် အလှူငွေကိုလည်း သံရုံးကနေတစ်ဆင့် ထိန်းသိမ်းပေးဖို့ ဆိုပြီးတော့မှ အပ်နှံပြီးတော့ အဲဒီကနေ ပြန်ထွက်ပြီး စက်ရုံတစ်ရုံကိုသွားပြီး လေ့လာပါတယ်။ အဲဒီမှာတော့ မြန်မာအလုပ်သမား ၁၅၀ ရှိပါတယ်။ အများဆုံးကတော့ ယောကျ်ားလေးတွေချည်းပဲဖြစ်ပါတယ်။ ဒီယောကျ်ားလေးတွေဟာ Shift နှစ်ခုနဲ့ နံနက်ပိုင်းတစ်ခု ညနေပိုင်းတစ်ခု ဆင်းပါတယ်၊ အဲတော့ ညနေပိုင်း Shift ၇၅ ဦးလောက် အုပ်စုနဲ့တွေ့ပါတယ်။ အလုပ်ရှင်ကလည်း ဒီအလုပ်သမားတွေဟာ သူ့အတွက် မရှိမဖြစ်လိုအပ်တယ်၊ သူလည်း အတတ်နိုင်ဆုံး ကြည့်ရှုစောင့်ရှောက်နေတယ်ဆိုပြီးပြောပါတယ်။ နောက်ထပ်တောင်မှ မြန်မာပြည်က အလုပ်သမား လိုချင်တဲ့အခါမှာ ဒီမှာဖြစ်နေတဲ့အခြေအနေတွေကြောင့် ရပ်ဆိုင်းထားရတယ်။ ဟိုဘက်ကမလာတော့ဘူးဆိုပြီးတော့ ပြောပါတယ်။ မြန်မာအလုပ်သမားတွေနဲ့တွေ့တဲ့အခါမှာတော့ သူတို့အနေနဲ့ သူတို့အရပ်ဒေသကတော့ စိတ်ချရတယ်။ ဒါပေမယ့် အသံမျိုးစုံတွေကြားနေရတော့ ထိတ်လန့်မှုရှိတယ်။ ကျွန်တော်တို့အနေနဲ့ အစိုးရဆောင်ရွက်ရမယ့်အပိုင်းပေါ့။ တရားဝင်တောင်းဆိုမှုတွေ၊ ညှိနှိုင်းမှုတွေ၊ ပူးပေါင်းဆောင်ရွက်မှုတွေ ဆောင်ရွက်ပါ့မယ်။ သူတို့အပိုင်းကလည်း ကိုယ်တိုင်လုပ်ဆောင်ရမယ့်ဟာရှိပါတယ်။ ဒါကတော့ အပြင်မှာ လုံခြုံရေးအခြေအနေအရ ဂရုစိုက်ရမယ့်ဟာမျိုး ဆိုလို့ရှိရင် အပြင်မထွက်ဘဲနေဖို့ ထွက်တယ်ဆိုလို့ရှိရင်လည်း တစ်ဦးတည်း မသွားဘဲနဲ့ လေး၊ ငါး၊ ဆယ်ဦး အနည်းဆုံးဆယ်ဦးလောက် အုပ်စုဖွဲ့ပြီးတော့ သွားဖို့ အပြန်အလှန်စောင့်ရှောက်ဖို့ အချင်းချင်းဖုန်းဆက်ပြီး သတိပေးတာတို့ အကူအညီတောင်းတာတို့ ရရင်လုပ်ဖို့ပေါ့။

အလုပ်ဆင်းလို့ရှိရင်လည်း အုပ်စုဖွဲ့ပြီးတော့မှ လာဖို့ပေါ့၊ သူတို့အနေအထားလေးကတော့ ကောင်းပါတယ်။ စက်ရုံနဲ့မျက်နှာချင်းဆိုင်လောက်မှာ ဟိုတယ်လိုမျိုးထားပြီးတော့ စက်ရုံပိုင်ရှင်က စီစဉ်ပေးထားတာ ရှိပါတယ်။ အားလုံးအုပ်စုလိုက်နေတယ်၊ အုပ်စုလိုက်စားသောက်တယ်၊ သွားကြတယ်၊ လာကြတယ်ဆိုလို့ရှိရင် အန္တရာယ်ကျရောက်လာတယ်ဆိုရင်တောင်မှ ကာကွယ်နိုင်တယ်ဆိုတဲ့ အနေအထားရှိတယ်၊ သူတို့က ပြန်ချင်သလားဆိုတော့ သူတို့ကတော့မပြန်ချင်ပါဘူး။ ဆက်ပြီးတော့ အလုပ်လုပ်ချင်တယ်ဆိုပြီး ပြောပါတယ်။ တချို့ဇနီးခေါ်ထားတဲ့သူတွေရှိပါတယ်။ ကိုယ်ဝန်ရှိနေတဲ့ ဇနီးတွေရှိပါတယ်။ အဲဒါတွေကိုတော့ ပြန်ပို့ချင်တယ်ဆိုလို့ရှိရင် သံရုံးနဲ့ပူးပေါင်းပြီးတော့မှ သံရုံးရဲ့ဖုန်းနံပါတ်၊ အလုပ်သမား ကိုယ်စားလှယ်ရဲ့ ဖုန်းနံပါတ်၊ သံအမတ်ကြီးရဲ့ကတ် စသည်ဖြင့် အကုန်လုံးပေးပြီးတော့ အချိန်မရွေးကူညီပါမယ်၊ ဆောင်ရွက်ပါမယ် စသည်ဖြင့် ပြောကြားခဲ့ပါတယ်။

နောက် Over Stay ဖြစ်နေတဲ့ မြန်မာတွေပြန်ချင်ရင်ဘယ်လို လုပ်မလဲ၊ ပတ်စ်ပို့လည်း မရှိဘူး။ တောင်ကျော်လာတာတွေဆိုတဲ့အခါမှာ ဒီကိစ္စတွေအတွက်လည်း မြန်မာသေချာတယ်ဆိုရင် သံရုံးမှာ CI ထုတ်ပေးပါမယ်။ ထုတ်ပေးပြီးတော့မှ ခုနကလှူဒါန်းမယ့် လူတွေလည်း ရှိနေတဲ့အခါမှာ လူဝင်မှုကြီးကြပ်ရေးမှာ မှုခင်းကင်းရှင်းကြောင်းနဲ့ ကျန်တဲ့ကိစ္စအဝဝ ကင်းရှင်းကြောင်း စစ်ဆေးခံရမယ်။ နောက် Over Stay ဖြစ်တဲ့အတွက် ရင်းဂစ် ၄၀၀ ကိုလည်း အလှူရှင်တွေက ပေးနိုင်မယ့်အခြေအနေရှိတယ်။ ပြန်မယ်ဆိုလို့ရှိရင်လည်း လေယာဉ်ပျံ လက်မှတ်ခက တစ်ဝက်နှုန်းထားပေါ့။ MAI က လျှော့ချပေးတာတွေရှိတယ်။ အလှူရှင်တွေရှိနေတဲ့အတွက် အခမဲ့လည်း ရနိုင်တယ်။ အဲဒီတော့ ပြန်ချင်တဲ့သူ အချိန်မရွေးပြန်လို့ရအောင် စီစဉ်ပါမယ်

ဆိုတော့နှစ်ဦးလားမသိဘူး ထွက်လာပါတယ်။ ကျန်တဲ့သူတွေကတော့ ပြန်ပို့စရာ ဇနီးတွေမရှိပါဘူး။ အဲတော့ သူတို့အတွက် လိုအပ်တာတွေကူညီဆောင်ရွက်ပေးဖို့ ဆိုပြီးတော့မှ ပြောကြားပြီးတော့မှ ကျွန်တော်တို့စက်ရုံကနေ ကွာလာလမ်ပူကို ည ၇ နာရီခွဲလောက်မှာ ထွက်လာခဲ့ပါတယ်။ စက်ရုံက ကွာလာလမ်ပူ ဆင်ခြေဖုံးမှာရှိတဲ့အတွက် ကားကတော့ တစ်နာရီလောက် မောင်းရပါတယ်။

မေး။ ။ အင်တာနက်သတင်းတွေမှာ ဖော်ပြပါရှိတဲ့အချက်အလက်တွေနဲ့ ဒုတိယဝန်ကြီးတို့ လက်တွေ့မြေပြင်မှာ တွေ့မြင်ရတဲ့အခြေအနေမှာ ကိုက်ညီမှုရှိသလား။ ဒါမှမဟုတ် ဘယ်လိုကွာခြားတယ်ဆိုတာလည်း ဖြေကြားပေးပါဦးခင်ဗျာ။

ဖြေ။ ။ ကွာခြားမှုအနေနဲ့ကတော့ စိုးရိမ်စရာကောင်းတယ်၊ ထိတ်လန့်စရာကောင်းတယ်ဆိုတဲ့နေရာက ခုနက ဒုစရိုက်နယ်မြေဖြစ်တဲ့ အမှုအခင်းတွေ အများဆုံးဖြစ်ခဲ့တဲ့ ဆာလာရန်းနယ်မြေပဲဖြစ်ပါတယ်။ ကျန်တဲ့ နယ်မြေတွေ ကျွန်တော်တို့သွားကြည့်တဲ့ မှန်စက်ရုံရှိတဲ့နေရာမှာ ဆိုလို့ရှိရင်လည်း ဒီလိုအနေအထားမျိုးတွေလုံးဝမတွေ့ရဘူး။ အမှုအခင်းဖြစ်ပွားတဲ့နေရာ မဟုတ်ဘူးပေါ့၊ ဒီလိုဟာမျိုးရှိတဲ့အတွက် သူတို့အေးအေးဆေးဆေးနေနိုင်တယ်။ ဒါပေမယ့် ကောလာဟလသတင်းတွေကတော့ ဟိုနေရာလည်း ဖြစ်တယ်၊ ဒီနေရာလည်းဖြစ်လာလိမ့်မယ်ဆိုပြီးတော့မှ လှုံ့ဆော်မှုတွေရှိတဲ့အတွက် စိုးရိမ်မှုတော့ရှိတယ်ဆိုတာ တွေ့ရပါတယ်။ နောက်သံရုံးကိုလာတဲ့ကလေးတွေ မေးကြည့်တော့လည်း သူတို့နေရာတွေမှာတော့ ဘာမှမဖြစ်ဘူး။ သူတို့ကြားတော့ကြားတယ်။ တချို့ကတော့ ဂရုမစိုက်မိဘူး။ ဖေ့စ်ဘွတ်လည်း မဖွင့်အားဘူး။ ကျန်တဲ့ဟာတွေနဲ့ အဆက်အသွယ်မရှိဘူး။ သူတို့ အလုပ်တွေနဲ့ လုံးပန်းနေရတဲ့အတွက် သတိမထားမိပါဘူးလို့ ပြောတာလည်းရှိပါတယ်။

ဆိုလိုတာကတော့ နေရာအနှံ့အပြားမှာ ထိတ်လန့်ကြောက်ရွံ့စရာကောင်းလောက်အောင် ဖြစ်နေတဲ့အခြေအနေမဟုတ်ပါဘူး။ မလေးရှားမှာ တရားဝင်လာအလုပ်လုပ်နေတဲ့အလုပ်သမား တစ်သိန်းနှစ်သောင်းကျော်လောက် ရှိပါတယ်။ တရားမဝင်ဆိုလို့ရှိရင်လည်း သုံးသောင်းကျော်လောက်ရှိမယ်။ ထပ်တိုးတာနဲ့ဆိုရင်တောင်မှ အများဆုံး နှစ်သိန်းထက်မပိုနိုင်ဘူးလို့ ခန့်မှန်းကြပါတယ်။ ဒီအလုပ်သမားတွေအားလုံး ခုချက်ချင်းပြေးဟယ်လွှားဟယ်နဲ့ကောက်ပြန်ရမယ့် အနေအထားမျိုးရောက်အောင်တော့ မတွေ့မမြင်မိပါဘူး။ မခံလည်းမခံစားမိပါဘူး။ ဒီလိုပြောရတာလည်း လက်တွေ့တွေ့ရတဲ့ အလုပ်သမားတွေကို မေးမြန်းတယ်၊ နောက်ဘုန်းတော်ကြီးကျောင်းမှာမေးမြန်းတယ်။ နာရေးကူညီမှုအသင်းမှာပြောတယ်။ စက်ရုံကို သွားကြည့်တယ်ပေါ့။ တစ်နိုင်ငံလုံးနေရာအနှံ့ကိုတော့ ကျွန်တော်တို့မရောက်ပါဘူး။ ကျွန်တော်တို့ရောက်တဲ့နေရာအနှံ့ကို တွေ့တဲ့အခါမှာတော့ သူတို့မှာ ဒီလိုခံစားချက်မျိုးမရှိဘူး။ ခုချက်ချင်း မဖြစ်မနေကောက်ပြီးတော့ ထပြန်ရမယ့် လူမျိုးမရှိပါဘူး။

အခု CI လျှောက်မယ်၊ ပြန်ချင်တယ်၊ စိုးရိမ်ပူပန်မှုရှိတယ်ဆိုတာကလည်း မိသားစုကို ပြန်လွှတ်ချင်တာ။ နောက်ဆာလာရန်းမှာ အလုပ်လုပ်ပြီးတော့မှ ဒီနေရာဒေသမှာ ဆက်အလုပ်မလုပ်နိုင်တော့လို့ ပြန်မယ့်လူအုပ်စု ဒီဟာပဲတွေ့ရှိရတဲ့အတွက် ကွဲပြားခြားနားမှုကတော့ ဒီအချက်အလက်တွေတွေ့ရကြောင်း ပြောကြားလိုပါတယ်။

မေး။ ။ ရှေ့ဆက်ပြီးတော့ ဆောင်ရွက်သွားမယ့်အခြေအနေတွေနဲ့ မလေးရှားအစိုးရရဲ့ ရှေ့ဆက်ပြီးတော့ ဆောင်ရွက်ပေးမယ့် အစီအစဉ်တွေနဲ့ပတ်သက်လို့လည်း ပြောပြပေးပါ။

ဖြေ။ ။ ကျွန်တော်တို့ မနက်ဖြန်နံနက်ပိုင်းမှာ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနဲ့ တွေ့ဆုံခွင့် တောင်းခံထားတာရရှိပြီး ဖြစ်ပါတယ်။ အဲဒီမှာ လုံခြုံရေးကိစ္စများကို အဓိကထားပြီး ဆွေးနွေးမှာ ဖြစ်ပါတယ်။ နေ့ခင်းနှစ်နာရီခွဲမှာ Social Welfare ဝန်ကြီးဌာန ဒုတိယဝန်ကြီးနဲ့ တွေ့မှာဖြစ်ပါတယ်။ အဲဒီမှာအလုပ်သမားရေးရာကိစ္စတွေ အဓိကထားဆွေးနွေးမှာ ဖြစ်ပါတယ်။ ပြန်ချင်တဲ့အလုပ်သမားတွေလည်း ပြန်ခွင့်ရအောင်၊ ဆက်လုပ်လိုတဲ့ အလုပ်သမားတွေ လုံခြုံမှုရှိအောင် ပြည်ထဲရေးနဲ့ ပြောပြီးတဲ့အခါမှာ Social Welfare နဲ့လည်း အလုပ်သမားဥပဒေအရ ဘယ်လိုကာကွယ်ပေးနိုင်မလဲပေါ့။ နောက်ပြန်ချင်တဲ့သူတွေရှိတယ်ဆိုရင်လည်း Termination of Contract ပေါ့။ ဒီဟာကို အလုပ်ကနေရပ်နားပြီးတော့ အသက်သာဆုံးနှုန်းထားနဲ့ ပြန်လို့ရအောင်ပေါ့။ ဒီမှာတော့ အခုလက်ရှိ အလုပ်လုပ်နေတယ်၊ Contract က နှစ်နှစ်ရှိတယ်။ လုပ်တာက ရှစ်လပဲရှိသေးတယ်။ ဆိုတော့ ကျန်တဲ့လတွေအတွက် ပေးလျော်ရမယ် ဆိုပြီးတော့ ပါတဲ့ဟာတွေရှိတယ်လို့ သိရပါတယ်။

အဲဒီတော့ ဒီဟာတွေအတွက် ဘယ်လိုဆောင်ရွက်ပေးနိုင်မလဲပေါ့။ သူ့ရဲ့ Terms and Condition ပိုင်း လုပ်မယ်ဆိုလည်း ဘယ်လိုအမြန်ဆုံးဆောင်ရွက်ပေးနိုင်မလဲ စသည်ဖြင့် ဒီဟာတွေ ဆွေးနွေးထားဖို့အတွက် သံအမတ်ကြီး၊ နောက် အလုပ်သမားဒုတိယဝန်ကြီးတို့နဲ့ တိုင်ပင်ဆွေးနွေးထားပြီးဖြစ်ပါတယ်။ ဆက်လက်ပြီးတော့ ကျွန်တော်တို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှာ သွားရောက်တွေ့ဆုံပါမယ်။ အဲဒီမှာတော့ ကျွန်တော်တို့ နှစ်နိုင်ငံအစိုးရချင်း သဘောတူထားတဲ့ အချက်တွေရှိပါတယ်၊ အလုပ်သမားစေလွှတ်တဲ့ Terms and Conditions တွေ၊ နောက်တစ်ခါ လုပ်ငန်းခွင်အတွက်စောင့်ရှောက်ပေးရမယ့်ကိစ္စတွေ၊ ယခင်သဘောတူညီထားတဲ့ အချက်တွေအတိုင်းပဲဆောင်ရွက်ပေးနိုင်ဖို့ပေါ့။ ဒီဟာတွေတောင်းဆိုကြမယ့်အပြင် လုံခြုံရေးကို အဓိကထားပြီးတော့ ကာကွယ်ပေးဖို့ပေါ့။

နောက် တရားဝင်လာအလုပ်လုပ်တာမဟုတ်ဘဲနဲ့၊ အထောက်အထားမပြနိုင်ဘဲနဲ့ သူတို့ရဲ့ Detention Camp တွေမှာ ဖမ်းဆီးထိန်းသိမ်းခံထားရတဲ့ မြန်မာအလုပ်သမားများကို အမြန်ဆုံးပြန်လည်ပြီးတော့မှ စေလွှတ်နိုင်ဖို့ စသည်ဖြင့် ဒီဟာတွေကို ဆက်လက်ပြီးတော့ ဆွေးနွေးသွားမှာဖြစ်ပါတယ်။ အဖြေကတော့ မနက်ဖြန်ညနေလောက်မှ ကျွန်တော်တို့ ဆွေးနွေးပြီးတော့ရမှာ ဖြစ်ပါတယ်။ မလေးရှားအစိုးရအနေနဲ့လည်း မလေးရှားပြည်ထဲရေးဝန်ကြီးဌာန အထူးသဖြင့်ရဲပေါ့၊ ဆေးရုံဆိုလို့ရှိရင်လည်း ဒုက္ခရောက်တဲ့သူတွေကို ချက်ချင်းလက်ခံပြီးတော့မှကုသပြီးတော့ ဆေးရုံစရိတ်ကိုတော့ လူနာရှင်အပ်တဲ့ပေါ်မူတည်ပြီး နာရေးကူညီမှုအသင်းကပဲဖြစ်ဖြစ် သံရုံးကပဲဖြစ်ဖြစ် အလှူရှင်ဘက်ကပဲဖြစ်ဖြစ် ကျခံပြီးတော့ အလွယ်တကူ လက်ခံကုသပေးနေတဲ့ဟာမျိုးတွေ ဆောင်ရွက်တာတွေ့ရှိရပါတယ်။ နောက် အလုပ်ရှင်တွေပေါ့။ မလေးရှား-မြန်မာ Chamber of Commerce နဲ့လည်း ထပ်တွေ့ပြီးတော့မှ ဒီလူတွေနဲ့ထပ်မံဆွေးနွေးပြီးတော့မှ အလုပ်သမားတွေကို ကာကွယ်စောင့်ရှောက်ပေးနိုင်မယ့် ကိစ္စမျိုးတွေ ကျွန်တော်တို့ ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးဇင်ယော်အား ယနေ့တွင် ထပ်မံ၍ ဆက်သွယ်မေးမြန်းခဲ့ရာတွင်-

မေး။ ။ ဒုတိယဝန်ကြီးခင်ဗျာ။ ဒီနေ့ ဇွန် ၁၃ ရက်နေ့မှာ မလေးရှားနိုင်ငံမှာ ဆက်လက်ဆောင်ရွက်တဲ့အခြေအနေနဲ့ ပတ်သက်ပြီး သိလိုပါတယ်ခင်ဗျာ။

ဖြေ။ ။ ကျွန်တော်တို့အဖွဲ့ဟာ ဒီနေ့နံနက် မလေးရှားနိုင်ငံပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနဲ့ သွားရောက်တွေ့ဆုံခဲ့ပါတယ်။ အဲဒီလိုတွေ့ဆုံခဲ့ရာမှာ ကျွန်တော်တို့နိုင်ငံသားတွေ ဒီမှာဖမ်းဆီးထိန်းသိမ်းခံရတဲ့ လူတွေပေါ့။သူတို့အတွက် ဘယ်လိုဆောင်ရွက်ဖို့ အစီအစဉ်ရှိပါသလဲ။ နောက်တစ်ချက်ကတော့ ပြန်မည့်လူတွေပေါ့။ ဒီလူတွေပြန်ဖို့အတွက် မြန်မြန်ဆန်ဆန် ဘယ်လိုကူညီဆောင်ရွက်ပေးနိုင်ပါမလဲ။နောက်ဆုံးတစ်ချက်ကတော့ အလုပ်လုပ်ချင်တဲ့လူတွေဆက်လုပ်မည့် လူတွေအတွက် ပိုမိုပြီးတော့ ထိထိရောက်ရောက် ကာကွယ်ပေးဖို့ ဘယ်လိုဆောင်ရွက်မလဲဆိုတဲ့ အချက်တွေကို ဆွေးနွေးပါတယ်။

မေး။ ။ သူတို့ဘက်က ဘယ်လိုများ တုံ့ပြန်ဆောင်ရွက်ပေးပါသလဲခင်ဗျာ။

ဖြေ။ ။ အခုလက်ရှိ ထိန်းသိမ်းခြင်းခံထားရတဲ့ မြန်မာတွေပေါ့။ အခုလောလောဆယ်သတင်းစာထဲမှာရော၊ သူတို့အတည်ပြုတဲ့ဟာရော စုစုပေါင်း ၃၀၇ဦးဆိုပြီးတော့ သိရပါတယ်။၁၉၆ဦးကတော့ သက်ဆိုင်ရာစာရွက်စာတမ်းမရှိဘဲနဲ့ တရားမဝင် ဝင်ရောက်လာတဲ့ လူတွေဖြစ်ပြီးတော့ ၅၇ ဦးကတော့ UNHCR က အတုများကိုင်ဆောင်တယ်ဆိုပြီးတော့ ထိန်းသိမ်းထားတာဖြစ်ပါတယ်။ နောက်ထပ်ဖမ်းဆီးထိန်းသိမ်းခြင်းခံထားရတဲ့ ၅၄ ဦးလည်း ရှိပါတယ်။ သူတို့ကိုတော့ ရှေ့နေချုပ်ရုံးကိုတင်ပြီးတဲ့အခါ နှစ်ပတ်အတွင်း အမှုကို စစ်ဆေးဖို့နဲ့ အဲဒီကဆုံးဖြတ်ချက်ကျလာလို့ရှိရင် ဘယ်လိုဆက်လုပ်မယ်ဆိုတဲ့ အစီအစဉ်ရှိကြောင်းပြောပါတယ်။ ဒီလိုပြောတဲ့အခါမှာလည်း ပြန်ချင်တဲ့လူတွေကို ပြန်ဖို့အတွက် မြန်မာသံရုံးနဲ့ ပူးပေါင်းဆောင်ရွက်သွားမှာဖြစ်ပြီးတော့ ဆက်နေချင်တဲ့လူတွေအတွက် သီးခြားစဉ်းစားပေးသွားမယ်ဆိုပြီးတော့ ဆွေးနွေးပြောကြားပါတယ်။

မေး။ ။ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးရဲ့ ပြောကြားချက်တွေကို ဆက်ပြီးရှင်းပြပေးပါခင်ဗျာ။

ဖြေ။ ။ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့်တွေ့ဆုံရာမှာ စောစောက ကျွန်တော်ရှင်းပြတာ ပထမအချက်ဖြစ်ပါတယ်။ ဒုတိယအချက်အနေနဲ့ကတော့ ဒုတိယဝန်ကြီးက ပြန်လည်ဆွေးနွေးပေးတာကတော့ ကျွန်တော်တို့တောင်းဆိုတဲ့ ပြန်ချင်တဲ့ကလေးတွေ မြန်မြန်ပြန်နိုင်အောင်လို့ပေါ့။ လူဝင်မှုကြီးကြပ်ရေးဌာနကနေပြီးတော့မှ ဘယ်လိုများမြန်မြန်ဆန်ဆန်ကူညီနိုင်မလဲလို့ မေးတဲ့အခါမှာ သူတို့အနေနဲ့ သံရုံးကသတ်မှတ်ထားတဲ့ ထုတ်ပေးပြီးသား လက်မှတ်ပါမယ်။ သူတို့ဆီမှာ စစ်ဆေးတဲ့ အမှုအခင်းကင်းရှင်းတယ် ဆိုလို့ရှိရင်လည်း အမြန်ဆုံးဖြစ်အောင် ဆောင်ရွက်ပေးပါမယ်။ သံရုံးနဲ့အဆက်အသွယ်မပြတ်ဘဲနဲ့ ဆက်သွယ်ဖို့၊ သူတို့နဲ့ ကြိုတင်ညှိနှိုင်းဖို့ပြောပါတယ်။ တကယ်လို့ ပြန်မယ့် အလုပ်သမားတွေထဲမှာ မှုခင်းများကျူးလွန်ထားတာရှိရင် သူတို့အနေနဲ့ တရားဥပဒေကြောင်းအရ ဆက်လက်ပြီး ဆောင်ရွက်စရာတွေရှိတဲ့အတွက် မလေးရှား စီးပွားရေးလုပ်ငန်းရှင်များအသင်းမှ မလေးရှားအလုပ်ရှင်များနဲ့ မြန်မာအလုပ်သမားတွေကို ခန့်ထားတဲ့သူတွေနဲ့တွေ့ပြီးတော့မှ သူတို့ရဲ့ သဘောထားတွေ၊ အမြင်တွေ သူတို့ အလုပ်သမားတွေကိုဘယ်လိုကာကွယ်နိုင်မလဲ စသဖြင့် ဆက်လက်တွေ့ဆုံဖို့ရှိပါတယ်။

● ကျောဖုံးမှ

ဝယ်ယူသောကြောင့်ဖြစ်သည်။ ဧရာဝတီတိုင်းဒေသကြီး ရှစ်မြို့နယ်နှင့် ရန်ကုန်တိုင်းဒေသကြီး ဆိပ်ကမ်းငါးခုတို့မှ သင်္ဘော၊ မော်တော်၊ လှေသမ္ဗန်များဖြင့် ဆန်အိတ်မျိုးစုံ ယခု ဇွန် ၁ရက်မှ ၁၂ ရက်အထိ ၅၆၉၈၀၄ အိတ်ဝင်ရောက်ခဲ့ရာ ပျမ်းမျှ တစ်ရက်လျှင် လေးသောင်းခုနစ်ထောင်ကျော် ဝင်ရောက်ကြောင်း စာရင်းဇယားများအရ သိရှိရသည်။ ဇွန် ၁၃ ရက်က ဘိုကလေးမြို့မှ "လှိုင်စည်းစိမ်ကျော်" မော်တော်ဖြင့် ဆန်အိတ်ရေ ၃၅၀၀၊ "မင်းဗိုလ်ကြီး" မော်တော်ဖြင့် ဆန်မျိုးစုံအိတ်ရေ ၃၂၀၀၊ ကျုံမငေးမြို့နယ်မှ "ဆင်ဖြူ" သင်္ဘောဖြင့် ပေါ်ဆန်းဆန်အိတ် ၈၀၀ တို့ ကိုင်းတန်းဆိပ်ကမ်းသို့ ရောက်ရှိလာရာ လုပ်သားများက ကုန်တင်ကားများပေါ်သို့ တိုက်ရိုက်တင်ပို့ပေးနေသည်ကို မြင်တွေ့ရသည်။

မလေးရှားနိုင်ငံ၌ မြန်မာအလုပ်သမားအချို့ တိုက်ခိုက်ခံရသဖြင့် ငါးဦး သေဆုံးပြီး ခြောက်ဦး ဒဏ်ရာရရှိ

နေပြည်တော် ဇွန် ၁၃

မလေးရှားနိုင်ငံ၌ မေ ၃၀ရက်မှ ဇွန် ၇ ရက်အတွင်း မြန်မာနိုင်ငံသား အလုပ်သမားအချို့ ဝိုင်းဝန်းအနိုင်ကျင့် အကြမ်းဖက်တိုက်ခိုက်ခံခဲ့ရသဖြင့် ငါးဦးသေဆုံးပြီး ခြောက်ဦး ဒဏ်ရာရရှိခဲ့ကြောင်း မလေးရှားနိုင်ငံဆိုင်ရာ မြန်မာသံရုံးမှ သတင်းရရှိသည်။

မောင်ထွန်းမော်သိန်းသည် မေ ၃၀ ရက် နံနက် ၂ နာရီတွင် ဆာလာရန်းဈေးမှ အလုပ်လုပ်ပြီးအပြန်တွင် ဆိုင်ကယ်သမားတစ်စု၏ တိုက်ခိုက်ခဲ့မှုကြောင့် ဝမ်းဗိုက်နှင့် ခါးတွင်ဒဏ်ရာရရှိခဲ့ကြောင်း၊ ဆာလာရန်းဆေးရုံတွင် တက်ရောက်ကုသမှုခံယူခဲ့ပြီး ဇွန် ၁၁ ရက် ညနေပိုင်းတွင် ဆေးရုံမှ ဆင်းသွားခဲ့ကြောင်း သိရသည်။

အလားတူ မောင်ကိုကိုမောင်သည် မေ ၃၁ ရက် ည ၁၀နာရီ ၁၅ မိနစ်ခန့်တွင် ဆာလာရန်းဈေးအနီးမှ အိမ်သို့ပြန်လာစဉ် လူတစ်စုက တိုက်ခိုက်ခဲ့သဖြင့် လက်နှစ်ဖက်နှင့် ဦးခေါင်းတို့တွင် ဒဏ်ရာများရရှိခဲ့ကာ ယခုအခါ ဆေးရုံမှဆင်းသွားပြီး ကပုန်းဘုန်းကြီးကျောင်းတွင် ခိုလှုံလျက်ရှိကြောင်း သိရသည်။

ထို့ပြင် ဇွန် ၁ ရက် ညနေပိုင်းတွင် မြန်မာနိုင်ငံသား ခုနစ်ဦးတိုက်ခိုက်ခံရပြီး တစ်ဦးသေဆုံးကာ သုံးဦး ဒဏ်ရာများရရှိခဲ့ကြောင်း၊ ဒဏ်ရာရရှိသူများအနက် ညပိုင်းတွင် တစ်ဦးသေဆုံးပြီး ဇွန် ၈ ရက်တွင် စောဘာဘလူးဂေးဆိုသူ ထပ်မံသေဆုံးခဲ့ကာ စောအယ်လ်ရှီး (ငပုတောဇာတိ) မှာ ဆွန်ဂိုင်းပလို့ဆေးရုံတွင် ဆက်လက်ဆေးကုသမှု ခံယူလျက်ရှိကြောင်း သိရသည်။

ထို့အတူ ဇွန် ၃ ရက် နံနက် ၁ နာရီခန့်တွင် ကမ်ပုံဘာရူးအမ်ပန်းရပ်ကွက် ကားရေဆေးအလုပ်ရုံတွင် မြန်မာအလုပ်သမားများ အိပ်ပျော်နေစဉ် လူ ၁၀ ဦးက ကားနှစ်စီးဖြင့် ရောက်ရှိလာပြီး တိုက်ခိုက်ခဲ့မှုကြောင့် ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပ မြို့နယ်နေ မောင်ဝင်းလှိုင်ဆိုသူ သေဆုံးကာ နှစ်ဦးဒဏ်ရာများ ရရှိခဲ့ကြောင်း၊ ဇွန် ၇ ရက်တွင် ဆူဘန်းဂျာယားတွင် မြန်မာအလုပ်သမားများအား တိုက်ခိုက်ခဲ့မှုကြောင့် မောင်ဝေအောင်သိမ်းဆိုသူမှာ ဆေးရုံတက်ရောက်ကုသမှုခံယူခဲ့ရပြီး ဇွန်၁၂ရက်တွင် ဆေးရုံမှ ဆင်းသွားပြီဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ပြည်တွင်းသတင်း

ငြိမ်းချမ်းချစ်ကြည်ရှေ့ဆက်မည်

✽ တိုင်းရင်းသား ညီနောင်ထုတို့ရဲ့
ပြည်ထောင်စု မြန်မာပြည်....။
ထာဝရငြိမ်းချမ်းရေး
ဆွေးနွေးကြသည်။
ဖန်သား ရုပ်မြင် တီဗွီ
ရှုမြင်သည် ပြည်သူအပေါင်း။
ဝမ်းမြောက်စွာ ပျော်ရွှင်ကြ
အားရ နှစ်ထောင်း။

✽ ရှမ်း ဗမာ မခွဲခြား
တိုင်းရင်းသား အားလုံးပိုင်၊
မြန်မာနိုင်ငံ ရှမဆုံး
အားလုံးနှင့်ဆိုင်။
နှစ်ရှည်ကြာ မပြီးနိုင်
လက်နက်ကိုင် ပဋိပက္ခ။
ချုပ်ငြိမ်းအောင် တွေ့ဆုံပေးလို့
ဆွေးနွေးနေကြ။

✽ တူညီမှု မတူညီမှု
ထိုနှစ်ခု ဆန်းစစ်လျှင်။
တူညီတာ အတော်များများ
ရှိထားသည်ပင်။
စိတ်ရှည်ပြီး သည်းခံလျှင်
အောင်မြင်မည် မသွေမုချ။
ဖြူ ကြည် စင် အမှန်တရား
တူ ညီ သွင် သဏ္ဍာန်များ
"ယူလီကျင်ဝမ်ဟား" ရယ်လို့
ဖန်သားပြင် ရုပ်သွင်ထက်သို့
နှုတ်ဆက်ချင်လှ။

✽ သံသယတွေ ပြေပျောက်မှ
အမှန်ဘဝသို့ ရောက်ကြမည်။
ဆွေးနွေးသူ ညီနောင်များက
အလေးထားယုံကြည်။
ငြိမ်းချမ်းရေး ပန်းတိုင်သည်
ပြည်သူတို့ မျှော်လင့်ချက်။
မပြီးသေးပေမယ့်
ခရီးမဝေးတော့ပါဘူး
အနီးကလေး ပန်းတိုင်အမှန်သို့
လှမ်းကိုင်ရန် တည်ကြည်ဖြောင့်မှန်တဲ့
"ပီနောင့်ကန်"ညီနောင်အရင်းတို့
ချစ်ခြင်းခိုင် မပျက်ဖွဲ့နဲ့
လက်တွဲချီတက်။ ။

ယူလီကျင်ဝမ်ဟား (ရှမ်းဘာသာ တွေ့ဆုံနှုတ်ဆက်စကား) နေကောင်းပါရဲ့လား ပီနောင့်ကန် (ရှမ်းဘာသာ) ညီအစ်ကို (နိုင်ငံတော် အကြီးအကဲများ၊ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးကော်မတီဝင်များနှင့် ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီတို့ ငြိမ်းချမ်းရေးအတွက် တွေ့ဆုံဆွေးနွေးမှုများကို ဂုဏ်ပြုသောအားဖြင့် ရေးဖွဲ့ပါသည်။)

မြင်းမူမောင်နိုင်မိုး

မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းမှ ကျောင်းဝတ်စုံ၊ ဗလာစာအုပ်နှင့် စာရေးကိရိယာများထောက်ပံ့လှူဒါန်း

နေပြည်တော် ဇွန် ၁၃

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းသည် ဇွန် ၁၃ ရက်တွင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ လယ်ဝေးမြို့နယ် အမက(သက်ကယ်ချင်း)၊ ဇမ္ဗူသီရိမြို့နယ် အောင်ချမ်းသာမူလွန်၊ ပျဉ်းမနားမြို့နယ် (ဈေးကုန်း) မူလွန်၊ ဇေယျာသီရိ အမက (စိမ်းစားပင်)၊ ပုဗ္ဗသီရိမူလွန် (သပြေကုန်း)၊ ဥတ္တရသီရိ အမက(၅၂သစ်စက်)၊ တပ်ကုန်းမူလွန်(သူဌေးကုန်း)တို့တွင် ကျောင်းသား ကျောင်းသူများအတွက် စုစုပေါင်းငွေကျပ် ၂၅ သိန်း တန်ဖိုးရှိ ကျောင်းဝတ်စုံ၊ ကျောင်းသုံးဗလာစာအုပ်နှင့် စာရေးကိရိယာများကို သက်ဆိုင်ရာကျောင်းများ၌ လှူဒါန်းခဲ့သည်။ လှူဒါန်းမှုအခမ်းအနားတွင် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များက လှူဒါန်းရခြင်းအကြောင်းကိုရှင်းလင်းပြောကြားပြီး လှူဒါန်းပစ္စည်းများကို သက်ဆိုင်ရာကျောင်းများရှိ ကျောင်းအုပ်ဆရာ၊ ဆရာမကြီးများထံလှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းမှ ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်များ ကျောင်းသား ကျောင်းသူများအားထောက်ပံ့ လှူဒါန်းစဉ်။
(သတင်းစဉ်)

မန္တလေးနှင့်အထက်မြန်မာပြည်သတင်း

အော်တိုကြိုးတပ်တယ်လီဖုန်း ကြိုတင်သွင်းငွေများ ပြန်လည်ရရှိ

ကန့်ဘလူ ဇွန် ၁၃

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့တွင် မြို့နယ်အော်တိုတယ်လီဖုန်းတပ်ဆင်ရေးကော်မတီ မြို့မိ မြို့ဖအဖွဲ့သို့ အော်တိုကြိုးတပ်တယ်လီဖုန်း ကြိုတင်သွင်းငွေကျပ် ၅၀၀၀၀ ကို မေ ၂၇ ရက်က စတင်ပေးအပ်ခဲ့ရာ ဇွန် ၁၀ ရက်က ပြန်လည်ထုတ်ယူပြီးသူ ၈၁ ဦးရှိကြောင်း သိရသည်။

ယခင်က အော်တိုကြိုးတပ်တယ်လီဖုန်းတပ်ဆင်သုံးစွဲခွင့်ရရှိရန် မြို့မိမြို့ဖအဖွဲ့သို့ ကြိုတင်ငွေကျပ် ၅၀၀၀၀ ပေးသွင်းလျှောက်ထားခဲ့သူများကို မြို့နယ်အော်တိုတယ်လီဖုန်းတပ်ဆင်ရေးကော်မတီ မြို့မိမြို့ဖအဖွဲ့က ပြန်လည်ထုတ်ပေးခဲ့ခြင်းဖြစ်သည်။

ထုတ်ပေး

ယခုအခါ ကြိုတင်သွင်းငွေများ ပြန်လည်ထုတ်ယူရန် ၄၀ ကျော်ခန့် ကျန်ရှိနေရာ ငွေသွင်းပြေစာပျောက်ဆုံးသူများကို မိမိ၏မှတ်ပုံတင်ဖြင့် လာရောက်ထုတ်ယူနိုင်ကြောင်းနှင့် ဇွန် ၃၀ ရက်အထိ ပိတောက်သီဂီခန်းမ၌ ထုတ်ပေးနေကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

မိုးကုတ်မြို့၌ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ(ဆီးဂိမ်း)အကြိုလှုံ့ဆော်ရေး ပေ (၄၀×၆၀)ရှိ ဆိုင်းဘုတ်ကြီးကို အများပြည်သူသိရှိစေရန်အတွက် နှိုးဆော်စိုက်ထူထားသည်ကို တွေ့ရစဉ်။

(မြို့နယ် ပြန်/ဆက်)

မန်း၌တိုင်းရင်းဆေးအခမဲ့ကုသပေး

မန္တလေး ဇွန် ၁၃

မြန်မာ့တိုင်းရင်းဆေးဖြင့် အခမဲ့ဆေးဝါးကုသပေးခြင်းကို မန္တလေး အောင်မြေသာစံမြို့နယ် အနှိပ်တော်ရပ်ကွက် ဒေါ်ခမွှာရုံ၌ ဇွန် ၁၁ ရက် နံနက် ၉ နာရီက ကျင်းပကြောင်း သိရသည်။

ရပ်ကွက်အတွင်းရှိ ကလေးငယ်များ၊ သက်ကြီးရွယ်အိုများ၊ အရိုးအကြော၊ အဆစ်ရောဂါအမျိုးမျိုး၊ အမျိုးသမီးမီးယပ်ရောဂါအမျိုးမျိုး၊ ကလေးငယ်များ ဖြစ်ပွားတတ်သော ရောဂါအမျိုးမျိုးကို မန္တလေးခရိုင်တိုင်းရင်း ဆေးဆရာအသင်းမှ ခရိုင်တိုင်းရင်းဆေးမှူး ဒေါ်သန်းဦး၊ မြို့နယ်တိုင်းရင်းဆေးမှူး ဒေါ်သန်းသန်းအေး၊ လက်ထောက်တိုင်းရင်းဆေးမှူး ဦးစည်သူထွန်း၊ တိုင်းရင်းဆေးတက္ကသိုလ် အလုပ်သင်ဆရာမသုံးဦးတို့က ရောဂါများကုပေးခြင်း၊ ရောဂါရှာဖွေခြင်း၊ ပညာပေးဟောပြောခြင်းများကို အခမဲ့ ဆောင်ရွက်ပေးရာ မြို့နယ်နှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် တာဝန်ရှိသူများက လိုအပ်သည်များကူညီဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

(၀၂၆)

ပျဉ်းမနားမြို့၌ စည်ပင်သာယာရေးဆောင်ရွက်

နေပြည်တော် ဇွန် ၁၃

နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ ကော်မတီဝင် ဦးအောင်ကျော်ငြိမ်သည် ဇွန် ၁၁ ရက် နံနက်ပိုင်းက ပျဉ်းမနားမြို့နယ် မြို့တွင်းရေစီးရေလာကောင်းမွန်စေရေးအတွက် ရေမြောင်းများဆယ်တင်ရှင်းလင်းမှုနှင့် ရွှေချီရပ်ကွက် စိုက်သိပ္ပံကျောင်းရှေ့ရေမြောင်းကို ကော်မတီပိုင်စက်ယန္တရားဖြင့် ဖော်ယူဆောင်ရွက်နေသည့်လုပ်ငန်းခွင်သို့ ရောက်ရှိစစ်ဆေးပြီး ယင်းရေမြောင်းသည် ပေ ၅၂၀၀ ရှိကာ ငလိုက်ချောင်းအတွင်းသို့စီးဆင်းသည့်မြောင်းဖြစ်၍ စနစ်တကျ သတ်မှတ်အနိမ့်အမြင့်နှင့် အကျယ်ကို တိုင်းထွာ၍ မိုးမတိုင်မီအမြန်တူးဖော်ရေးနှင့် မြို့တွင်းရှိ အခြားရေမြောင်းများကိုလည်း လူ၊ စက်ယန္တရားတို့ဖြင့် တူးဖော်ပြီး ပြည်သူများ ပူးပေါင်းပါဝင်လာစေရေးစည်းရုံးဆောင်ရွက်သွားရန် အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူတို့အား မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဂန္ဓကုဋိတိုက် ပန္နက်တော်တင် မင်္ဂလာကျင်းပ

မြစ်ကြီးနား ဇွန် ၁၃

မြစ်ကြီးနားမြို့ လယ်ကုန်းရပ်ကွက်အတွင်းရှိ သောင်ဦးကျောင်းတိုက်အတွင်း၌ တည်ထားကိုးကွယ်မည့် စလင်းကျောက်အတွင်း ဗုဒ္ဓရုပ်ရှင်တော်မြတ်ဘုရား၏ ဂန္ဓကုဋိတိုက် ပန္နက်တော်တင်မင်္ဂလာအခမ်းအနားကို ဇွန် ၉ ရက် နံနက် ၈ နာရီက အဆိုပါကျောင်းတိုက်ဝင်းမြေနေရာ၌ကျင်းပရာ ရပ်ကွက်သံဃနာယကဥက္ကဋ္ဌ ကျောင်းတိုက်ပဓာနနာယက ဆရာတော် ဘဒ္ဒန္တဥတ္တရနှင့် အလှူရှင်များ၊ ဂေါပကအဖွဲ့များ၊ ရှမ်းတိုင်းရင်းသားရိုးရာအိုးစည်နှင့် မောင်းတီးလူငယ်များ စုစုပေါင်း ၂၀၀ ကျော် တက်ရောက်ကာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ဖွင့်လှစ်ခဲ့သည်။

ထို့နောက် မင်္ဂလာအချိန်၌ ပန္နက်တော်တင်မင်္ဂလာပြုဆောင်ရွက်ကြကာ ဆရာတော်က အောင်သပြေပန်းများနှင့် ပန္နက်တော်ကို အမွှေးနံ့သာရည်များ ပက်ဖျန်းပေးခဲ့သည်။ ထို့နောက် ကျွန်းပင်သာပရဟိတကျောင်းဆရာတော် ဘဒ္ဒန္တ နာရဒထံမှ ငါးပါးသီလခံယူဆောက်တည်၍ လှူဒါန်းမှုအစုစုကို ရေစက်သွန်းချခဲ့ကြသည်။ ဂန္ဓကုဋိတိုက်တော်ကို အလှူရှင်များ၏ လှူဒါန်းငွေကျပ်သိန်း ၂၅၀ ကျော် အကုန်အကျခံကာ တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

မိုယံးကျ(မြစ်ကြီးနား)

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းတိုးမြှင့်ဆောင်ရွက်

ကလေး ဇွန် ၁၃

ကလေးမြို့တွင် ယာဉ်မတော်တဆမှုများ လျော့နည်းပပျောက်စေရေးအတွက် ရည်ရွယ်ကာ ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးညီညီထွေး၏ ကြီးကြပ်မှုဖြင့် မြို့နယ်ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီက မော်တော်ဆိုင်ကယ်စီးနင်းသူများ အသက်အန္တရာယ်ကင်းရှင်းရေးအတွက် ဆိုင်ကယ် စီးဦးထုပ်ဆောင်းကာ စီးနင်းကြစေရေးကို နေ့စဉ် တနင်္လာနေ့မှ သောကြာနေ့အထိ ရှောင်တခင်စစ်ဆေးမှုများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သျှင်နေမင်း

မုံရွာတိုင်းရင်းဆေးရုံသို့ ဆေးရုံသုံးပစ္စည်းများလှူဒါန်း

မုံရွာ ဇွန် ၁၃

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ တိုင်းရင်းဆေးပညာဦးစီးဌာန ခုတင် (၅၀)ဆံ့ မုံရွာတိုင်းရင်းဆေးရုံတွင် ဆေးရုံတက်ရောက်ကုသသော လူနာများ အသုံးပြုရန်အတွက် ဆေးရုံသုံးပစ္စည်းများ ပေးအပ်လှူဒါန်းပွဲကို ဇွန် ၁၁ ရက် ညနေ ၃ နာရီကကျင်းပရာ ခုတင် (၅၀)ဆံ့ မုံရွာတိုင်းရင်းဆေးရုံသို့ လူနာအဖြစ် တက်ရောက်ကုသနေသော ကနီမြို့နယ် အုမ္မကျေးရွာမှ ဦးစိုးမြင့်ကြည်၏သားမောင်လင်းထက်ကျော် မိသားစုက လူနာတင်တွန်းလှည်း (Wheel Chair) နှစ်လုံးနှင့် လူနာကိုင် ခွထောက်တောင်ဝှေး (Came Stick Steel)သုံးချောင်းကို မုံရွာတိုင်းရင်းဆေးရုံအုပ်ကြီး ဦးနေအောင်ထံသို့ လည်းကောင်း၊ ကနီမြို့နယ် ကင်းကျေးရွာမှ ဦးအောင်လှနှင့်ဇနီး ဒေါ်ဝင်းတင်မိသားစုက ကျွန်းတန်းလျားတစ်လုံးကို မုံရွာတိုင်းရင်းဆေးရုံမှ တိုင်းရင်းဆေးမှူး ဦးအောင်စိုးထံသို့

လည်းကောင်း ပေးအပ်လှူဒါန်းရာ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

[illegible]

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
၁	[illegible]	[illegible]
၂	[illegible]	[illegible]
၃	[illegible]	[illegible]
၄	[illegible]	[illegible]
၅	[illegible]	[illegible]
၆	[illegible]	[illegible]
၇	[illegible]	[illegible]
၈	[illegible]	[illegible]

[illegible]

ရည်ညွှန်းကိုးကားပြုနိုင်သော ကျမ်းစာအုပ်ဖြစ်သည့်

မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် (၂၀၁၃)

မြန်မာ့ စွယ်စုံကျမ်း နှစ်ချုပ်

၂၀၁၃

- ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း၊ စာပေဗိမာန်က ပုံနှိပ်ထုတ်ဝေသည်။
- ၂၀၁၂ခုနှစ်အတွင်းဖြစ်ပေါ်ခဲ့သော မြန်မာနှင့် နိုင်ငံတကာမှ ထင်ရှားသည့်ဖြစ်ရပ်များကို နေ့စဉ်မှတ်တမ်းအဖြစ် ဖော်ပြထားသည်။
- နှစ်ချုပ်ဆောင်းပါးများဖြစ်သည့် မြန်မာ့သမိုင်းဝင် ကြားဖြတ်ရွေးကောက်ပွဲ၊ ထားဝယ်အထူးစီးပွားရေးဇုန်၊ မြန်မာပြည်အနောက်ဖျားမှ မြို့သားချင်းများ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ရန်ကုန်မြစ်နှင့် ပဲခူးမြစ်ဆုံရာနေရာ၏ ရေစီးရေလာနှင့် ဖြစ်ပေါ်ပြောင်းလဲမှု၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ လူဦးရေနှင့် စီးပွားရေး/လူမှုရေးအညွှန်းကိန်းများ ပါဝင်သည်။
- ၂၀၁၂ခုနှစ်တွင်ဖြစ်ပေါ်ခဲ့သော မြန်မာနှင့်နိုင်ငံတကာဖြစ်ရပ်များကို မှတ်စုတို အကြောင်းအရာအချုပ်များအဖြစ် အက္ခရာစဉ်၍ ဖော်ပြထားသည်။
- **ရောင်းဈေး ၃၅၀၀ိ/**

ရရှိနိုင်သောနေရာများ

- စာပေဗိမာန်စာအုပ်ဆိုင်၊ အမှတ်(တ-၅၅)၊ သပြေကုန်းဈေး၊ နေပြည်တော်၊ဖုန်း-၀၆၇-၄၁၄၆၈၁
- စာပေဗိမာန်စာအုပ်ဆိုင်၊ ၅၂၉-၅၃၁၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၂၄၉၀၃၁
- စာပေဗိမာန်စာအုပ်ဆိုင်၊ ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား၊ မန္တလေးမြို့၊ ဖုန်း-၀၉-၄၀၂၅၃၅၉၃၉
- သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းစာအုပ်ဆိုင်၊ ၁၇၃-၁၇၅၊ ပန်းဆိုးတန်း (အလယ်လမ်း)၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၇၃၁၀၀၂၇၄
- အင်းဝစာပေ၊ အမှတ်(၂၀၁/၃၀၁)၊ ပန်းဆိုးတန်းလမ်း၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၂၄၃၂၁၆၊ ၃၈၉၈၃၈
- Tab Book Centre၊ တော်ဝင်စင်တာ၊ ပြည်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၈၆၀၀၀၄၃
- ထွန်းဦးစာပေဖြန့်ချိရေး၊ အမှတ် (၁၀၁)၊ ၈၄ လမ်း၊ ၂၉ လမ်းနှင့် လမ်း ၃၀ ကြား၊ မန္တလေး၊ ဖုန်း-၀၂-၃၉၈၀၁၊ ၇၂၅၁၈
- နဂါးစာပေ၊ အမှတ်(၂၉၀/ခ)၊၈၃လမ်း၊၂၉လမ်းနှင့် လမ်း၃၀ကြား၊ မန္တလေး၊ ဖုန်း-၀၂-၂၁၅၂၇
- အိမ်အရောက်မှာယူလိုပါက Novel Light Express ဖုန်း-၀၉-၅၀၈၀၈၅၀၊ ၀၁-၃၉၁၁၈၆ တို့သို့ ဆက်သွယ်မှာကြား ဝယ်ယူနိုင်ပါသည်။

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၊ သဇင်လမ်း၊ မြေကွက်အမှတ် ၂၀၉၊ အကျယ်အဝန်းပေ(၄၀×၆၀)ရှိ နှစ်၆၀ ဂရန်မြေကွက်အား ရောင်းချပိုင်ခွင့်ရှိသူများဖြစ်သော ဦးမောင်မောင်ထွေး ၇/ကကန(နိုင်)၀၄၄၃၁၄နှင့် ဒေါ်သီတာအေး ၁၂/ပဘတ(နိုင်)၀၀၁၆၃၈တို့ထံမှဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါ၍ ကန့်ကွက်ရန်ရှိပါက ခိုင်လုံသောအထောက်အထားဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဒေါ်မို့မို့အုန်း
၁၂/ကမရ(နိုင်)၀၅၆၃၅၄
ဖုန်း-၀၉-၄၂၀၁၈၄၅၄၀

တွေ့ရှိက အမြန်ဆက်သွယ်ပါ၊ ထိုက်တန်စွာကျေးဇူးဆပ်မည်

၁၂-၆-၂၀၁၃ရက် မွန်းလွဲ ၂း၃၀နာရီတွင် ဗဟန်းမြို့နယ် ဘိုးဘွားရိပ်သာရှေ့ စမ်းရေတွင်းလမ်းထိပ်မှ ရန်ကင်းမြို့နယ် ၁၅ရပ်ကွက် အဝေရာလမ်းထိပ်သို့ Taxi (နီညိုရောင်)ကားဖြင့် စီးနင်းလိုက်ပါလာသောကားတွင် (ငွေတချို့၊ ပတ်စပို့စာအုပ်၊ စာရွက်စာတမ်းများ)ပါရှိသော အိတ်တာချီကော့စ်အဖြူရောင်တစ်လုံးမှာ အဆိုပါကားပေါ်၌ မေ့ကျန်ခဲ့ပါသဖြင့် တွေ့ရှိက ပြန်လည်ပေးပို့ပါရန်။ **(ထိုက်တန်စွာ ကျေးဇူးဆပ်ပါမည်။)** **ဖုန်း-၀၉-၄၂၀၂၇၇၀၁၈၊ ၀၉-၇၃၁၆၆၉၈၁၊ ၀၉-၃၁၀၄၂၈၈၁**

သားအဖြစ်မှစွန့်လွှတ်ခြင်း

ကျွန်တော်၏သား မောင်ကျော်သူရသည် မိဘ၏ ဆိုဆုံးမမှုကို မနာခံဘဲ မိမိဆန္ဒအလျောက် ပြုမူသွားပါသဖြင့် သားအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။ ၄င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝကို တာဝန်ယူ ဖြေရှင်းပေးမည် မဟုတ်ပါ။ (စုံစမ်းခြင်းသည်းခံပါ။)

ဖခင်-ဦးမြင့်ကျော်

၂၀၁၃ MNL အမှတ်ပေးပြိုင်ပွဲ ပြန်လည်စတင်မည်

သတင်း - ဖိုးသော်ဇင်၊ ဓာတ်ပုံ - စိုးညွှန့်

ရန်ကုန် ဇွန် ၁၃

ဆီးဂိမ်းပြိုင်ပွဲအတွက် မြန်မာယူ-၂၃ အသင်း၏ ခြေစမ်းပွဲများကြောင့် တစ်လနီးပါး ရပ်နားထားသော ၂၀၁၃ MNL အမှတ်ပေးဘောလုံးပြိုင်ပွဲကို ယခုတစ်ပတ် စနေ၊ တနင်္ဂနွေနေ့များတွင်ပြန်လည်ကျင်းပသွားမည်ဖြစ်သည်။

ပြိုင်ပွဲကို မေ ၁၉ ရက် ပွဲစဉ်(၁၂)အပြီးတွင် ရပ်နားထားခြင်းဖြစ်သည်။ ပွဲစဉ် (၁၂)အပြီးတွင် အမှတ်ပေးချန်ပီယံဆုအတွက် အသင်းခြောက်သင်းမျှော်လင့်နိုင်ပြီး ရတနာပုံအသင်းသည် ရမှတ် ၁၄ မှတ်သာရရှိကာ ထိပ်ဆုံးအသင်းနှင့် ၁၀ မှတ် ကွာဟနေသည့်အတွက် ချန်ပီယံမျှော်လင့်ချက်အလွန်နည်းပါး သွားပြီဖြစ်သည်။ တန်းဆင်းဇုန်အန္တရာယ်ထဲကို သုံးမှတ်ရရှိထားသည့် ရခိုင်နှင့် ငါးမှတ်ရရှိထားသည့် ဟံသာဝတီအသင်းတို့ ကျရောက်နေပြီး ၁၀ မှတ်ရရှိထားသည့် ဆောက်သမ်း၊ ၁၃ မှတ်စီရရှိထားသည့် မနောမြေနှင့် ဇွဲကပင်အသင်းတို့မှာလည်း လက်ကျန်ပွဲများကို ပေါ့ဆ၍မရပေ။ ဇယားထိပ်ပိုင်းတွင် ၂၄ မှတ်စီဖြင့် အသင်းသုံးသင်းအပြိုင်ဖြစ်နေပြီး ဂိုးကွာခြားချက်ဖြင့် ကမ္ဘောဇကပထမ၊ ဧယျာရွှေမြေက ဒုတိယ၊ နေပြည်တော်က တတိယနေရာတို့တွင် ရပ်တည်နေသည်။ ၂၃ မှတ်ရရှိထားသည့် လက်ရှိချန်ပီယံ ရန်ကုန်၊ အမှတ် ၂၀ မှတ်စီရရှိထားသည့် မကွေးနှင့်ဧရာဝတီအသင်းတို့က နောက်မှလိုက်နေသည်။ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်အနေဖြင့်လည်း ဆီးဂိမ်းပြိုင်ပွဲဝင်မည့် မြန်မာယူ-၂၃ အသင်းလေ့ကျင့်ပြင်ဆင်ချိန်ပိုမိုရရှိစေရန် ပွဲစဉ်များကို ပြောင်းလဲရေးဆွဲထားပြီး လက်ကျန်ပွဲစဉ်များကို ဆက်တိုက်ကျင်းပမည်ဖြစ်ကာ ပွဲစဉ်တစ်ခုနှင့်တစ်ခုကို နှစ်ရက်နှင့်လေးရက်ကြာသာ နားမည်ဖြစ်သည်။

ယခုတစ်ပတ် ပြန်လည်စတင်မည့် ပွဲစဉ် (၁၃)တွင် အသင်းကြီးအချင်းချင်းတွေ့ဆုံသောပွဲများ ပါဝင်နေပြီး ဇွန် ၁၅ ရက်တွင် မုံရွာကွင်း၌ ဧယျာရွှေမြေနှင့် ကမ္ဘောဇ၊ ဗထူးကွင်း၌ ရတနာပုံနှင့် နေပြည်တော်၊ အောင်ဆန်းကွင်း၌ ဇွဲကပင်နှင့်ဧရာဝတီ၊ သုဝဏ္ဏကွင်း၌ ဆောက်သမ်းနှင့် ရန်ကုန်၊ ဇွန် ၁၆ ရက်တွင် သုဝဏ္ဏ၌ မကွေးနှင့် ရခိုင်၊ အောင်ဆန်းကွင်း၌ မနောမြေနှင့် ဟံသာဝတီတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ အမှတ်ပေးဇယားထိပ်ဆုံးတွင် အမှတ်တူဖြင့် ရပ်တည်နေသည့် ဧယျာရွှေမြေနှင့် ကမ္ဘောဇအသင်းတို့၏ တွေ့ဆုံမှုက စိတ်ဝင်စားစရာ ကောင်းလှသည်။ မုံရွာကွင်းတွင် အနိုင်မရဖူးသည့် ကမ္ဘောဇအသင်း၏ အစဉ်အလာ၊ ပထမအကျော့တွင် အိမ်ကွင်းဖြစ်သည့် တောင်ကြီး၌ အရှုံးပေးထားရသည့်ရှုံးကြွေးကို ပြန်ဆပ်နိုင်မလားဆိုသည့် စိတ်ဝင်စားမှုများစွာဖြင့် ပွဲစဉ်(၁၃)ကို စတင်တော့မည်ဖြစ်သည်။

အမှတ်ပေးဇယားထိပ်ဆုံးတွင် ရပ်တည်နေသည့် ကမ္ဘောဇအသင်းသားများ

ပွဲစဉ်(၁၂)အပြီး ရပ်တည်မှု

အသင်း	ပွဲ	နိုင်	သရေ	ရှုံး	ရဂိုး	ပေးဂိုး	ရမှတ်
ကမ္ဘောဇ	၁၂	၇	၃	၂	၂၃	၁၀	၂၄
ဧယျာရွှေမြေ	၁၂	၇	၃	၂	၁၉	၁၂	၂၄
နေပြည်တော်	၁၂	၇	၃	၂	၁၉	၁၃	၂၄
ရန်ကုန်	၁၂	၇	၂	၃	၂၄	၁၃	၂၃
မကွေး	၁၂	၄	၈	-	၁၉	၁၃	၂၀
ဧရာဝတီ	၁၂	၅	၅	၂	၂၁	၁၆	၂၀
ရတနာပုံ	၁၂	၃	၅	၄	၁၇	၁၃	၁၄
မနောမြေ	၁၂	၂	၇	၃	၁၄	၁၆	၁၃
ဇွဲကပင်	၁၂	၃	၄	၅	၉	၁၃	၁၃
Southern	၁၂	၃	၁	၈	၈	၁၄	၁၀
ဟံသာဝတီ	၁၂	၁	၂	၉	၁၀	၂၅	၅
ရခိုင်	၁၂	-	၃	၉	၁၀	၃၀	၃

မြို့နယ်သတင်းထောက်များ လူမှုရေးအဖွဲ့မှ ဒုဥက္ကဋ္ဌနှင့် အမှုဆောင်များ ရဟန်းတက်ပွဲကျင်းပ

ရန်ကုန် ဇွန် ၁၃

မြို့နယ်သတင်းထောက်များ လူမှုရေးအဖွဲ့မှ ဒုတိယဥက္ကဋ္ဌ(၂) ဦးဆောင်၍ အလုပ်အမှုဆောင်များအပါအဝင် အဓိဋ္ဌာန်ဝင် ရဟန်းတက်ပွဲကို ပဲခူးဥဿာမြို့သစ် ကျိုက်ပွန်လေးမျက်နှာဘုရားကြီးရှေ့ကျိုက်ပွန်မင်းကျောင်း၌ ဇွန် ၉ ရက်က ပြုလုပ်သည်။

အဓိဋ္ဌာန်ဝင်ရန် ရဟန်းဘောင်သို့ တက်ရောက်သွားကြသူများမှာ မြို့နယ်သတင်းထောက်များ လူမှုရေးအဖွဲ့မှ ဒုတိယဥက္ကဋ္ဌ (၂) ကျော်မြင့်သန်း (လမ်းမတော်)၊ ဘဏ္ဍာရေးမှူး မြင့်အောင် (အလုံ)၊ သန်းမောင်(ရန်ကင်း)၊ ဇော်ဝင်းမြင့် (တောင်ဥက္ကလာ)၊ တင်ဝင်းလေး (ကြည့်မြင်တိုင်)၊ ဦးမျိုးမြင့် (မြန်မာ့အလင်း) နှင့် ဦးဆန်း(သတင်းနှင့် စာနယ်ဇင်း-ငြိမ်း)တို့ အပါအဝင် ၁၅ ပါး ဖြစ်သည်။

လောင်းလှူ

ယင်းနောက် ဇွန် ၉ ရက် နံနက် ၈ နာရီ၌ ဥဿာပဲခူး ကျိုက်ပွန်မင်းကျောင်းရှိ မဟာဝင်နိဗ္ဗာန် ကလိုင်နဂါးမှိုင်းသိမ်တော်ကြီးတွင် သိမ်ဝင်ရဟန်းပြုကြရာ သိမ်ဆင်းရဟန်း ၂၅ ပါးအား မြို့နယ်သတင်းထောက်များ လူမှုရေးအဖွဲ့ ဥက္ကဋ္ဌ ခရမ်းစိုးမြင့်နှင့် မိသားစုများ၊ အဖွဲ့ဝင်များ၊ ရဟန်းဒါယကာ ဦးကျော်မြင့်သန်း(လမ်းမတော်)နှင့် သားများ၊ ဖြိုးမိုး သိခ်ဓာတ်ပုံဆိုင်မှ မိသားစုတို့က အလှူငွေနှင့် လှူဖွယ်ပစ္စည်းများကို သိမ်ဆင်းလောင်းလှူကြကြောင်း သိရသည်။ **(အပေါ်ပုံ)**

အောင်သန်း (မင်္ဂလာတောင်ညွန့်)

အောင်သစ္စာဦး အာမခံကုမ္ပဏီလီမိတက်

Aung Thitsa Oo *Insurance Company Limited*

"ဆုံးရှုံးမှုအန္တရာယ်ဘေး မျှဝေခံစားပေးမှာ အောင်သစ္စာဦးအာမခံပါ"

ကျယ်ပြန့်သောအကာအကွယ်၊ သင့်တင့်မျှတသော ပရီမီယံ၊ မှန်ကန်မြန်ဆန်သော ဝန်ဆောင်မှုတို့ဖြင့် တာဝန်ယူဆောင်ရွက်ပေးနေပါပြီ၊

လက်ခံဆောင်ရွက်ပေးမည့်အာမခံအမျိုးအစားများမှာ

၁။ မီးနှင့်သဘာဝဘေးအန္တရာယ်အမျိုးမျိုးအာမခံ
၂။ အလုံးစုံမော်တော်ယာဉ်အာမခံ
၃။ ပြည်သူ့ပြည်သားအသက်အာမခံ
၄။ စုပေါင်းအသက်အာမခံ
၅။ အားကစားသမားများ ကိုယ်အင်္ဂါထိခိုက်မှုအာမခံ
၆။ မြွေအန္တရာယ်အာမခံ
၇။ ငွေပို့ငွေသယ်အာမခံ
၈။ ငွေသားလုံခြုံမှုအာမခံ
၉။ သမာဓိအာမခံ

ဆက်သွယ်ရန်လိပ်စာ

အောင်သစ္စာဦးအာမခံကုမ္ပဏီလီမိတက်
အမှတ်(၁၅၁)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊
အခန်း(၆၀၂/၆၀၄) မြဝတီဘဏ်လုပ်ငန်းရုံးကွန်ပလက်စ်၊
(၈)ရပ်ကွက်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့၊

ဖုန်း - (+၉၅၁)၂၃၀၁၄၀၉
ဖက်စ်/ဖုန်းနံပါတ် - (+၉၅၁)၂၃၀၁၄၀၇
အီးမေးလ် - aungthitsaooins@gmail.com

ပြည်တွင်းသတင်း

လိုင်စင်မဲ့ဆိုင်ကယ်များပြေးဆွဲနေသည့်အတွက် ဆိုက်ကားဆရာတို့ စားဝတ်နေရေးအခက်ကြုံ

ရန်ကုန် ဇွန် ၁၃

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်၌ အနေးယာဉ်လိုင်စင်မှတ်ပုံတင်ထားသော ဆိုက်ကား ၁၄၁၄ စီးရှိပြီး လိုင်စင်မဲ့ဆိုက်ကားအစီးရေ ၃၀၀၀၀ ကျော်ရှိကာ လိုင်စင်ရှိ အနေးယာဉ်လုပ်သားများ၏ မိသားစု စားဝတ်နေရေးအခက်အခဲများ ကြုံတွေ့နေရသောကြောင့် ၂၀၁၂ ခုနှစ်တွင် စီတန်းလှည့်လည်ဆန္ဒထုတ်ဖော်မှုများ ဖြစ်ပေါ်ခဲ့ပြီး ယခုအခါ လိုင်စင်မဲ့ဆိုင်ကယ်များက နေရာယူလာသည့်အတွက် ဆိုက်ကားများအားလုံး ယခင်ကထက်ပို၍ စားဝတ်နေရေး ကျပ်တည်းလာကြောင်း လိုင်စင်ဖြင့် ဂိတ်ဖွင့်ထားသော အနေးယာဉ်လုပ်သားများက ပြောဆိုလျက်ရှိသည်။

ဂိတ်ဖွင့်သည်မှာ ၁၆ နှစ်ရှိပြီဖြစ်ပြီး အစီးရေ ၄၇ စီးရှိကာ ဂိတ်အနီး၌ လိုင်စင်မဲ့ဆိုင်ကယ်အစီး ၂၀ ပြေးဆွဲနေသည့်အတွက် သက်ဆိုင်ရာဌာနများသို့ အကြောင်းကြားသော်လည်းထူးခြားမှုမရှိကြောင်း၊ တပ်ထိပ်၊ ရှမ်းချောင်း၊ စက်မှုဇုန်မှတ်တိုင်၊ မီးခွက်ဈေး၊ သမကုန်းအဝိုင်း၊ အဝေးပြေးထိပ်တို့၌ လိုင်စင်မဲ့ဆိုင်ကယ်၊ အနေးယာဉ်များ နေ့စဉ်ပြေးဆွဲလျက်ရှိကြောင်း၊ ကျောင်းဖွင့်ရာသီဖြစ်ပြီး မိုးရာသီလည်းဖြစ်၍ တစ်နေ့ငွေကျပ် ၂၀၀၀ ရရန်ပင် မလွယ်ကူကြောင်းနှင့် လိုင်စင်မဲ့ဆိုင်ကယ်သမားများ၏ ရန်ရှာခြင်းကိုလည်း အနေးယာဉ်ဂိတ်များ ခံစားနေရကြောင်း ကွန်ပျူတာတက္ကသိုလ်ကျောင်းသားတစ်ဦးနှင့် အလယ်တန်းကျောင်းသားတစ်ဦးတို့၏ ဖခင်ဖြစ်သော ဒိုင်စုကျေးရွာ အဏ္ဏဝါ အနေးယာဉ်ဂိတ်မှ အနေးယာဉ်လုပ်သားတစ်ဦးက ပြောကြားသည်။

(၁၆၄)

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း

၁၃-၆-၂၀၁၃ **ရွှေဈေး** (အောင်သမာဓိရွှေဆိုင်)

၁၆ ပဲရည်(အခေါက်ရွှေ)	တစ်ကျပ်သား	၇၀၈၅၀၀
၁၅ ပဲရည်	တစ်ကျပ်သား	၆၆၉၀၀၀

(အချိန်နှင့်အမျှ ဈေးနှုန်းအပြောင်းအလဲရှိနိုင်ပါသည်)

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး (သိမ်ဖြူငွေလဲကောင်တာ)

အမေရိကန်	တစ်ဒေါ်လာ	၉၅၅ ကျပ်
ဥရောပ	တစ်ယူရို	၁၂၇၇ ကျပ်
စင်ကာပူ	တစ်ဒေါ်လာ	၇၆၁ ကျပ်
ထိုင်း	တစ်ဘတ်	၃၁ ကျပ်
အိန္ဒိယ	တစ်ရူပီး	၁၆.၇ ကျပ်
တရုတ်	တစ်ယွမ်	၁၄၆ ကျပ်
မလေးရှား	ရင်းဂစ်	၃၀၄ ကျပ်

စက်သုံးဆီဈေးနှုန်းများ (Max/Newday စက်သုံးဆီအရောင်းဆိုင်)

ဓာတ်ဆီ	တစ်လီတာ	၈၁၄ ကျပ်
ဒီဇယ်	တစ်လီတာ	၈၆၀ ကျပ်
အောက်တိန်း ၉၂	တစ်လီတာ	၈၇၀ ကျပ်
အောက်တိန်း ၉၅	တစ်လီတာ	၁၀၇၀ ကျပ်
ပရီမီယံဒီဇယ်	တစ်လီတာ	၈၉၀ ကျပ်

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း (သား/ငါးဒိုင်များ)

၁။	ငါးကြင်း	တစ်ပိဿာ	၂၂၀၀ - ၃၅၀၀ ကျပ်
၂။	ငါးမြစ်ချင်း	တစ်ပိဿာ	၁၃၀၀ - ၁၈၀၀ ကျပ်
၃။	ငါးရံ့	တစ်ပိဿာ	၄၀၀၀ - ၇၅၀၀ ကျပ်
၄။	ငါးဖယ်	တစ်ပိဿာ	၆၀၀၀ -၁၂၀၀၀ ကျပ်
၅။	ပုစွန်(ကျော့)	တစ်ပိဿာ	၃၅၀၀ - ၇၀၀၀ ကျပ်
၆။	ပုစွန်တုပ်	တစ်ပိဿာ	၁၀၀၀၀ -၃၅၀၀၀ ကျပ်
၇။	ငါးသလောက်	တစ်ပိဿာ	၂၂၀၀၀ -၃၅၀၀၀ ကျပ်
၈။	ကြက်	တစ်ပိဿာ	၄၅၀၀ -၁၂၀၀၀ ကျပ်
၉။	ဝက်	တစ်ပိဿာ	၄၀၀၀ - ၈၀၀၀ ကျပ်
၁၀။	အမဲ	တစ်ပိဿာ	၃၈၀၀ - ၇၀၀၀ ကျပ်
၁၁။	ဆိတ်	တစ်ပိဿာ	၁၂၀၀၀ -၁၅၀၀၀ ကျပ်

ခင်ရတနာ-စုစည်းသည်။

ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း

၁။	နွေဆန်	တစ်အိတ်	၁၇၂၀၀
၂။	ပေါ်ကွဲ	တစ်အိတ်	၂၁၀၀၀
၃။	ပေါ်ဆန်း	တစ်အိတ်	၂၃၀၀၀-၂၉၀၀၀
၄။	မြေပဲဆီ	တစ်ပိဿာ	၃၉၀၀
၅။	စားအုန်းဆီ	တစ်ပိဿာ	၁၅၃၅
၆။	ဆိပ်ဖြူကြက်သွန်နီ	တစ်ပိဿာ	၄၀၀-၄၆၅
၇။	ရှမ်းကြက်သွန်ဖြူ	တစ်ပိဿာ	၁၁၀၀-၁၇၅၀
၈။	ကြူကုတ်ကြက်သွန်ဖြူ	တစ်ပိဿာ	၁၃၀၀
၉။	အာလူး(အောင်ပန်း)	တစ်ပိဿာ	၅၀၀-၉၃၀
၁၀။	ဝါးခယ်မငရုတ်ရှည်	တစ်ပိဿာ	၁၈၀၀-၁၈၅၀
၁၁။	ဆင်ဖြူကျွန်းငရုတ်ပွ	တစ်ပိဿာ	၄၀၀၀-၄၃၀၀
၁၂။	သကြား	တစ်ပိဿာ	၉၀၀-၁၀၀၀

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်သည်။

ခင်ဆိုင်-စေ့ငုတင်ပြသည်။

အမြို့မြို့အနယ်နယ် ပျံ့သည့်သတင်းစာ မြန်မာ့အလင်းတွင် ကြော်ငြာပါ

ပတ္တမြားရတု မင်္ဂလာ တောင်းဆုမွန်

ဖေဖေ ဦးခင်အေးနှင့် မေမေ ဒေါ်စုစုနွယ်တို့၏
၁၄-၆-၂၀၁၃ တွင် ကျရောက်သော
နှစ်လေးဆယ်မြောက် မင်္ဂလာနှစ်ပတ်လည်နေ့မှသည်
ရွှေရတု စိန်ရတုတိုင် ချစ်သမီးနှင့်အတူ
လောကီလောကုတ္တရာ အကျိုးစီးပွားများကို
ဆောင်ရွက်နိုင်ပါစေကြောင်း
ဆုမွန်ကောင်း တောင်းအပ်ပါသည်။

ချစ်သမီး
သွယ်သွယ်နွယ်အေး

လက်ထပ်ထိမ်းမြားခြင်း

အမှတ် ၁၅၊ ဖို့မြေလမ်း၊ ဖို့မြေရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီးနေ
(ဦးစိုးနိုင်)(ဦးစီးမှူး၊အထူးစုံစမ်းစစ်ဆေးရေး)-ဒေါ်အယ်နီသန်းတို့၏သား
ကိုအာကာကျော်
B.A(Eco) (BERNHARD SCHWLTE SHIPPING MANAGEMENT)
နှင့်
အမှတ် ၄၀၁၊ ယုဝတီလမ်း၊ (၁၂)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီးနေ
ဦးလှမြင့်(ဇီဝကရောင်းဝယ်ရေး)-ဒေါ်တင်တင်နွယ်တို့၏သမီး
မချိုဇင်ဦး
B.A(Eng)

တို့သည် ၂၀၁၃ ခုနှစ် ဧပြီ ၂၆ ရက်တွင် လမ်းမတော်မြို့နယ်တရားရုံး၌ နှစ်ဖက်သော ဆွေမျိုးများရှေ့မှောက်၌ လက်ထပ်ထိမ်းမြားပြီးဖြစ်ပါကြောင်း။

ကိုအာကာကျော်-မချိုဇင်ဦး

ပျောက်ဆုံးသွားပါကြောင်း

ကျွန်တော် မောင်စိုင်းနော်ကျောက်၏ Passport No. A098965 သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ဆက်သွယ်ပေးပါရန်။

ဖုန်း-၀၉-၄၅၈၀၃၂၀၀၅

အမည်ပြောင်း

ဦးငွေဝင်း၏သား အထက(၂) သထုံ နဝမတန်းတွင် ပညာသင်ကြားနေသော မောင်ဥက္ကာမျိုးအား လရောင်လင်းဟု ပြောင်းလဲခေါ်ဆိုပါရန်။

လရောင်လင်း

ဆက်သွယ်ရေးအရာရှိများ သင်တန်းဖွင့်

နေပြည်တော် ဇွန် ၁၃

၂၀၁၄ ခုနှစ် အာဆီယံထိပ်သီးအစည်းအဝေးများတွင် တာဝန်ပေးအပ်မည့် ဆက်သွယ်ရေးအရာရှိများ (Liaison Officers) သင်တန်း (၃/၂၀၁၃) ဖွင့်ပွဲအခမ်းအနားကို ဇွန် ၁၀ ရက် နံနက် ၉ နာရီခွဲက နိုင်ငံခြားရေးဝန်ကြီးဌာန၌ ကျင်းပရာ ဒုတိယဝန်ကြီး ဦးဇင်ယော်က သင်တန်းဖွင့်အမှာစကားပြောကြားသည်။

အဆိုပါသင်တန်းသည် ဝန်ကြီးဌာန ၃၀ မှ ဆက်သွယ်ရေးအရာရှိ သင်တန်းသားများအား အရည်အချင်းမြှင့်တင်ရန် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်ပြီး သင်တန်းမှာ ဇွန် ၂၁ ရက်အထိဖြစ်၍ သင်တန်းသား ၆၅ ဦး တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ချင်းပြည်နယ် မင်းတပ်ခရိုင်ရဲတပ်ဖွဲ့ ၂၀၁၃-၂၀၁၄ ပညာသင်နှစ် ဝန်ထမ်းသားသမီးများအား စာရေးကိရိယာပစ္စည်းပေးအပ်ပွဲကျင်းပရာ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မျိုးအောင်က ထောက်ပံ့ပစ္စည်းများ ပေးအပ်စဉ်။
မီးမီး(လှိုင်)

တမူးနယ်စပ်ကုန်သွယ်ရေးစခန်းတွင် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး (FDA) ရုံးဌာနခွဲ ဖွင့်လှစ်ဆောင်ရွက်

တမူး ဇွန် ၁၃

ကုန်သွယ်မှုလုပ်ငန်းများ လွယ်ကူလျင်မြန်တိုးတက်လာစေရန်နှင့် ကုန်သွယ်မှုပမာဏ တိုးတက်မြင့်မားလာစေရန်အတွက် မြန်မာ-အိန္ဒိယနယ်စပ် တမူးနယ်စပ်ကုန်သွယ်ရေးစခန်း၌ တစ်ဦးတည်းပိုင် ထုတ်ကုန်သွင်းကုန်လုပ်ငန်းရှင် မှတ်ပုံတင်ကတ်ဖြင့် တစ်ပိုင်တစ်နိုင် လုပ်ကိုင်ဆောင်ရွက်နေကြသော ကုန်သည်အသေးစားများ၊ ကုမ္ပဏီလုပ်ငန်းရှင်များ၊ စီးပွားရေးလုပ်ငန်းရှင်များအား စားသောက်ကုန်ပစ္စည်းများကို နယ်စပ်မှ ကူးသန်းရောင်းဝယ်တင်သွင်းမှုများ လုပ်ကိုင်ဆောင်ရွက်ကြရာတွင် လွယ်ကူစွာ ကုန်သွယ်မှုပြုလုပ်နိုင်ရန်အတွက် ကျန်းမာရေးဝန်ကြီးဌာန အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး (FDA)ရုံးဌာနခွဲကို ကူးသန်းရောင်းဝယ်ရေးနှင့် စားသုံးသူရေးရာ ဦးစီးဌာန တမူးနယ်စပ်စခန်းတွင် ဇွန် ၁၁ ရက်မှ စတင်ဖွင့်လှစ်ပြီး လုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဗဟိုအစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဌာန (FDA) ညွှန်ကြားရေးမှူး ဒေါက်တာဇော်ဝင်းက ပြောကြားခဲ့သည်။

FDA ရုံးဌာနခွဲစခန်းများကို ပထမဆုံးအနေဖြင့် တရုတ်ပြည်နယ်စပ် မူဆယ်မြို့၌ လည်းကောင်း၊ ထိုင်းနယ်စပ် မြဝတီမြို့၌ လည်းကောင်း စခန်းခွဲများ ဖွင့်လှစ်ဆောင်ရွက်ပေးခဲ့ပြီး ယခုဖွင့်လှစ်ပေးသည့် အိန္ဒိယနယ်စပ် တမူးမြို့စခန်းခွဲကို တတိယမြောက်ရုံးခွဲအဖြစ် ဖွင့်လှစ်ပေးခြင်းဖြစ်ပြီး နယ်စပ်ဒေသတွင် ကုန်သွယ်မှုလုပ်ကိုင်ဆောင်ရွက်နေကြသည့် လုပ်ငန်းရှင်ကုန်သည်များအနေဖြင့် စားသောက်ကုန်ပစ္စည်းများကို ယခင်က FDA ဌာနရုံးချုပ်တည်ရှိရာ နေပြည်တော်သို့ တိုက်ရိုက်သွားရောက်ဆောင်ရွက်ကြရသည့်အတွက် ကုန်ကျမှုများပြားပြီး ကုန်သွယ်မှုတွင်လည်း အချိန်ခက်ခဲကာ နှောင့်နှေးကြန့်ကြာခဲ့ရသည်။

ယခု အချိန်တွင် FDA ရုံးဌာနခွဲကို တမူးနယ်စပ်စခန်း၌ ဖွင့်လှစ်လိုက်ပြီဖြစ်သဖြင့် စားသောက်ကုန်ပစ္စည်းများ တင်သွင်းမှုလုပ်ငန်းများကို စစ်ဆေး ဆောင်ရွက်ပေးနေပြီဖြစ်သဖြင့် လုပ်ငန်းရှင်ကုန်သည်များအနေဖြင့် ကုန်ကျစရိတ်များ သက်သာကာ ကုန်သွယ်မှုလုပ်ငန်းများကို တိုးတက်မြင့်မားလာအောင် လုပ်ကိုင်ဆောင်ရွက်နိုင်ကြတော့မည် ဖြစ်သည်။

ဝင်းနိုင်(တမူး)

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသ ဇုန်ဝင်ကြေးများကို တိုးမြှင့်ကောက်ခံမည်

ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာနသည် နိုင်ငံခြားသားခရီးသွားများထံမှ ပုဂံယဉ်ကျေးမှုအမွေအနှစ် ဒေသဇုန်ဝင်ကြေးအဖြစ်တစ်ဦးလျှင် အမေရိကန် ၁၀ ဒေါ်လာကောက်ခံပြီး နိုင်ငံတော်သို့ရငွေအဖြစ် ပေးသွင်းလျက်ရှိသည်။ ယခုအခါ ပုဂံယဉ်ကျေးမှုအမွေအနှစ် ဒေသထိန်းသိမ်းရေး၊ သာယာလှပရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ပိုမိုဆောင်ရွက်နိုင်ရန်အတွက် ၂၀၁၃ခုနှစ် ဇူလိုင်လ ၁ ရက်နေ့မှစ၍ လက်ရှိကောက်ခံနေသည့် ဇုန်ဝင်ကြေး ၁၀ ဒေါ်လာအစား နိုင်ငံခြားသားတစ်ဦးလျှင် ၁၅ ဒေါ်လာနှုန်းသတ်မှတ်ပြင်ဆင်ကောက်ခံမည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ဥပဒေဘောင်တွင်း နေထိုင်ခြင်း

ဘေးကင်းရန်ကွာ စိတ်ချမ်းသာ

ကျောက်တင်ကားကို ကျော်တက်သည့်ဆိုင်ကယ်သမား ကားကြိတ်သေဆုံးမှု တောင်ငူ၌ဖြစ်ပွား

တောင်ငူ ဇွန် ၁၃

တောင်ငူခရိုင် ထန်းတပင်မြို့နယ် ဒိုးသောင်မှ ဖြူးမြို့နယ် ဆာဂွန်းသို့ ကျောက်များတင်ဆောင်လျက် တောင်ငူ-သံတောင် လမ်းအတိုင်း အရှေ့မှအနောက်သို့ ယာဉ်မောင်း စောဝေါလီ(၄၇ နှစ်) ဒိုးသောင်ရွာနေ မောင်းနှင်လာသည့် ၁၂ဘီး ကျောက်တင်ကား အမှတ် ၁၀/--- သည် ဇွန် ၁၃ ရက် နံနက် ၉နာရီခွဲက မိုင်တိုင်အမှတ် ၃/၁နှင့် ၃/၂ အကြား စိန်တံတားအနီးအရောက် ကားနောက်မှ တောင်ငူမြို့ (၃) ရပ်ကွက် ဦးကာလမ်းနေ မောင်ဇော်(ခ)ဘိုင်ဘိုင် (၄၈ နှစ်) ကျပန်းအလုပ်သမား မောင်းနှင်လာသည့် တရုတ်နိုင်ငံလုပ် HAOBEM 110(ခဲနက်ရောင်)သည် ကျောက်ကားကို ကျော်တက်စဉ် ကားဝဲဘက် ဒုတိယအရှေ့ဘီးအောက်သို့ ကျရောက်၍ သေဆုံးသွားခဲ့သည်။

အရေးယူ

အဆိုပါ ယာဉ်တိုက်မှုကို တောင်ငူမြို့အမှတ်(၃) ရဲစခန်းမှ ဒုရဲအုပ် စမျိုးဆန်းမှ တရားလိုပြုလုပ်၍ အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

(၁၁၅)

GRAND GUARDIAN INSURANCE
ဂရင်းဂါးဒီးယန်းအာမခံ

Grand Guardian Insurance Public Co., Ltd. ကို(၁၂.၆.၂၀၁၃) ရက်နေ့တွင် အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့သည့်အတွက် အထူးပင် ဝမ်းမြောက်ဂုဏ်ယူပါကြောင်းနှင့် နောင်နှစ်ပေါင်းများစွာတိုင် လုပ်ငန်းများဆထက်ထမ်းပိုး ပိုမိုတိုးတက်အောင်မြင်ပါစေကြောင်း ဆုမွန်ကောင်းများတောင်းအပ်ပါသည်။

IKBZ Insurance Co.,Ltd.
ဥက္ကဌ နှင့် ဒါရိုက်တာအဖွဲ့
အပြည်ပြည်ဆိုင်ရာ ကမ္ဘောဇအာမခံကုမ္ပဏီလီမိတက်

နိုင်ငံတကာအားကစားသတင်း

အာဂျင်တီးနားတို့သရေကျခဲ့တဲ့ တောင်အမေရိကဇုန်ခြေစစ်ပွဲ

၂၀၁၄ ခုနှစ် ကမ္ဘာ့ဖလားခြေစစ်ပွဲရဲ့ တောင်အမေရိကဇုန်ခြေစစ်ပွဲတွေကို ဇွန် ၁၂ ရက် နံနက်က ယှဉ်ပြိုင်ကစားတဲ့အခါ နာမည်ကြီးအာဂျင်တီးနားတို့ သရေပွဲဖြစ်ပြီး ကိုလံဘီယာ၊ ဥရုဂွေးနဲ့ချီလီတို့ နိုင်ပွဲတွေ ကိုယ်စီရရှိခဲ့ကြပါတယ်။ ဒါကြောင့် တောင်အမေရိကဇုန်မှာတော့ အာဂျင်တီးနားနဲ့ ကိုလံဘီယာတို့ ခြေစစ်ပွဲအောင်ဖို့ အခြေအနေကောင်းတွေနဲ့ ကြုံတွေ့နေပြီဖြစ်ပါတယ်။

အီကွေဒေါနှင့် အာဂျင်တီးနား

အိမ်ရှင်အီကွေဒေါတို့ အာဂျင်တီးနားကို ကောင်းကောင်းထိန်းချုပ်ကစားသွားနိုင်ခဲ့ပါတယ်။ အသင်းလိုက် ကစားအားကောင်းတဲ့အပြင် တစ်ဦးချင်းလည်း တွန်းတွန်းတိုက်တိုက်လျင်လျင်မြန်မြန် ကစားတတ်တဲ့ အီကွေဒေါအသင်းကို ပလာစီယို၊ အဂူရိုနဲ့ မာရှေးယားနိုတို့နဲ့ အဓိကထားပွဲထွက်ခဲ့တဲ့ အာဂျင်တီးနားဟာ ပွဲအစမှာ တိုက်စစ်ဖွင့် ကစားခဲ့တာမို့ ပွဲချိန်လေးမိနစ်မှာပဲ ပယ်နယ်တီရရှိခဲ့ပါတယ်။ အဲဒီပယ်နယ်တီကို တိုက်စစ်မှူးအဂူရို ကန်သွင်းယူခဲ့တာမို့ ဂိုးစတင်ရရှိခဲ့ပြီး အာဂျင်တီးနားတို့ တစ်ဂိုးအသာနဲ့ ပြိုင်ပွဲကိုဦးဆောင်နိုင်ခဲ့ပါတယ်။ အိမ်ရှင်အီကွေဒေါဟာ ချေပဂိုး သွင်းယူနိုင်ရေးကြိုးစားခဲ့တာမို့ ပွဲချိန် ၁၇ မိနစ်မှာ ကွင်းလယ်ကစားသမား ကက်စတီလိုက သွင်းယူပေးခဲ့တာဖြစ်ပါတယ်။ ပထမပိုင်းပွဲချိန်အပြီးမှာ တစ်ဂိုးစီဖြစ်နေပြီး ဒုတိယပိုင်းပွဲချိန်အတွင်းမှာ အာဂျင်တီးနားက တိုက်စစ်မှူး မက်ဆီကို ထည့်သွင်းကစားခဲ့ပေမယ့် အီကွေဒေါတို့က ခံစစ်ကြောင်းသိပ်သည်းအောင် တည်ဆောက်ကာကွယ် ခဲ့တာမို့ ပွဲအပြီးမှာ တစ်ဂိုးစီနဲ့ ကျေနပ်ခဲ့ရခြင်းဖြစ်ပါတယ်။ အခုပွဲအပြီးမှာ အာဂျင်တီးနားဟာ ၁၃ ပွဲကစားပြီး ၂၆ မှတ်နဲ့ ထိပ်ဆုံးက ဦးဆောင်နေပါတယ်။ အီကွေဒေါက ၁၂ ပွဲကစား ၂၀ မှတ်နဲ့ တတိယနေရာမှာရှိပါတယ်။

ကိုလံဘီယာနှင့် ပီရူး

ကမ္ဘာ့ဖလားခြေစစ်ပွဲအောင်မြင်ရေးအတွက် အားသွန်ခွန်စိုက် ကြိုးစားနေတဲ့ ကိုလံဘီယာအသင်းဟာ ပီရူးကို ဖိအားပေးကစားနိုင်ခဲ့ပါတယ်။ ဖယ်လ်ကာအို၊ အဂွီလာ၊ အာဒရာဒိုနဲ့ ယီပက်စ်တို့ကို အမာခံထားပြီး ပွဲထွက်လာတဲ့ ကိုလံဘီယာဟာ ပီရူးနောက်တန်းကို အကြိမ်ကြိမ်ထိုးဖောက်ကစားနိုင်ခဲ့ပါတယ်။ ပွဲချိန် ၁၃ မိနစ်မှာ ဖယ်လ်ကာအိုက ဂိုးသွင်းယူနိုင်ခဲ့လို့ ကိုလံဘီယာတို့ အဖွင့်ဂိုးစတင်ရရှိသွားခဲ့ပါတယ်။ ပီရူးအသင်းဟာ ချေပဂိုးသွင်းယူနိုင် ရေးကြိုးစားခဲ့ပေမယ့် ပွဲချိန် ၄၅ မိနစ်မှာ ဂူတီလာရက်ဇ်က ဂိုးသွင်းခဲ့ပြန်တာမို့ ပထမပိုင်းပွဲချိန်အပြီးမှာ ကိုလံဘီယာက နှစ်ဂိုးအသာနဲ့ ဦးဆောင်နိုင်ခဲ့ပါတယ်။ ဒုတိယပိုင်းတစ်ချိန်လုံး နှစ်သင်းစလုံး ဂိုးထပ်မံမသွင်းနိုင်ခဲ့လို့ ကိုလံဘီယာတို့ နှစ်ဂိုးပြတ်နဲ့အနိုင်ရပြီး တောင်အမေရိကဇုန်မှာ ၁၂ ပွဲကစားပြီး ၂၃ မှတ်နဲ့ ဒုတိယနေရာမှာရှိနေပါတယ်။

ဗင်နီဇွဲလားနှင့် ဥရုဂွေး

ဥရုဂွေးဟာ အိမ်ရှင်ဗင်နီဇွဲလားကို ခက်ခက်ခဲခဲကစားခဲ့ပြီး အနိုင်ရရှိခဲ့ခြင်းဖြစ်ပါတယ်။ ဥရုဂွေးဟာ ရိုဒရီဂွက်ဇ်၊ ပီရက်ဇ်၊ ရာမီရက်ဇ်၊ ကာဗာနီ၊ ဒီဂိုဖော်လန်တို့ကို အားထားပြီး ဗင်နီဇွဲလားကို ရင်ဆိုင်ခဲ့တာမို့ ရတဲ့အခွင့်အရေးကို အပိုင်အသုံးချခဲ့တာဖြစ်ပါတယ်။ ဥရုဂွေးအတွက် တစ်လုံးတည်းသောအနိုင်ဂိုးကို တိုက်စစ်မှူး ကာဗာနီက သွင်းယူပေးခဲ့တာဖြစ်ပါတယ်။

မိုးမြင့်လင်းလက် ရေးသားသည်

ဘောလုံးသတင်း အတိုအထွာ

မောင်ချစ်ကြည်

- မိုနာကိုအသင်းသည် ရီးရဲမက်ဒရစ်တိုက်စစ်မှူး စီရိုနယ်ဒိုကို ကမ္ဘာ့စံချိန်တင်ပြောင်းရွှေ့ကြေးပေါင် ၈၅ သန်းနှင့် တစ်နှစ်လုပ်ခလစာ ပေါင် ၁၇ သန်းပေးပြီးခေါ်ရန် အသင့်ရှိနေကြောင်း ထုတ်ဖော်ပြောကြားသည်။
- မန်ယူအသင်းသည် တိုက်စစ်မှူး လီဝမ်ဒေါစကီးကို တစ်ပတ်လုပ်ခ ပေါင် ၉၀၀၀၀ ပေး၍ ခေါ်ယူရန် ကြိုးစားနေသည်။
- ချယ်လ်ဆီးနည်းပြမော်ရင်ဟိုက နောက်ခံလူ ဒေးဗစ်လူးဝစ်ကို ရောင်းထုတ်ရန်စီစဉ်လျက်ရှိသည်။
- အဲဗာတန်နည်းပြသစ် မာတီနက်ဇ်သည် အသက် ၃၀အရွယ်ရှိ ဝီဂန်ကစားသမား အယ်လ်ကာရက်စ်ကို စာချုပ်တော့မည်ဖြစ်သည်။
- ဝီဂန်ကစားသမား ကိုနေက အသင်း၌ ဆက်လက်ကစားမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားသည်။
- နယူးကာဆယ်က အသက် ၂၄ နှစ်အရွယ်ရှိ အက်ဖ်စီတွမ်တီးနောက်တန်းခံစစ်မှူး ဒေါက်ကလပ်စ်ကို ခေါ်ယူမည်ဖြစ်သည်။
- မာလာဂါအသင်းသည် ပေါ်တူဂီနောက်ခံလူ အန်တုနက်စ်ကို လေးနှစ်စာချုပ်ဖြင့် ခေါ်ယူမည်ဖြစ်သည်။
- နော့ဝှစ်အသင်းနည်းပြ ခရစ်ဟက်တန်က အသက် ၂၆ နှစ်အရွယ်ရှိ ပီအက်စ်ဗွီအသင်းမှ တိုက်စစ်မှူး တိုလ်ဗိုနမ်ကို စာချုပ်နိုင်ရေးနီးစပ်နေပြီ ဖြစ်သည်။
- ဟားလ်စီးတီးမှ နောက်ခံကစားသမား ပေါလ်မက်ရှိန်းကို နောက်ထပ်သုံးနှစ်စာချုပ်သစ် ထပ်မံချုပ်ဆိုလိုက်သည်။

အင်တာအသင်းခေါင်းဆောင် ထပ်မံစာချုပ်

အင်တာမီလန်အသင်းက အသင်းခေါင်းဆောင် ဂျာဗီယာဇနက်တီကို ၎င်း၏အသက် ၄၀ ပြည့်မွေးနေ့တွင် တစ်နှစ်ထပ်မံစာချုပ်လိုက်သဖြင့် ၂၀၁၄ ခုနှစ် ရာသီကုန်အထိ ကစားရဦးမည်ဖြစ်သည်။ အာဂျင်တီးနားနောက်တန်းကစားသမား ဇနက်တီသည် အင်တာမီလန်အသင်းတွင် ပွဲအများဆုံးပါဝင်ကစားခြင်းဖြင့် စံချိန်တင်ထားသည်။ ၎င်းသည် အင်တာမီလန်အသင်းအတွက် ပွဲပေါင်း ၈၄၀ ကျော် ပါဝင်ကစားပေးခဲ့သူဖြစ်သည်။ ၎င်းသည် အသက် ၁၈ နှစ်ကတည်းက ဆန်စီရိုသို့ ရောက်ရှိလာပြီး အင်တာမီလန်နှင့်အတူ စီးရီးအေဖလား ငါးကြိမ်၊ အီတာလီယာဖလားလေးကြိမ်၊ ယူအီးအက်ဖ်အေ တစ်ကြိမ်နှင့် ချန်ပီယံလိဂ်တစ်ကြိမ် ဆုဖလားများ ဆွတ်ခူးနိုင်ခဲ့သည်။

ယူရို ၂၁ စပိန်နှင့်နယ်သာလန် အကြိုဗိုလ်လုပွဲတက်

ယူရို ၂၁ ဘောလုံးပြိုင်ပွဲများ ယှဉ်ပြိုင်ကစားလျက်ရှိရာ နယ်သာလန်အသင်းသည် တစ်မှတ် တစ်ဂိုးနှင့် အုပ်စုပထမနေရာ လက်လွှတ်လိုက်ရသည်။ ဇွန် ၁၂ ရက် ပြိုင်ပွဲတွင် စပိန်က နယ်သာလန်ကို သုံးဂိုးပြတ်ဖြင့် နိုင်လိုက်သဖြင့် စပိန်က အုပ်စု(B)တွင် အုပ်စုဗိုလ်ရရှိသွားခဲ့သည်။ နယ်သာလန်ကအုပ်စုဒုတိယဖြင့် အကြိုဗိုလ်လုပွဲတက်လာသည်။ ၎င်းတို့နှစ်သင်းသည် အကြိုဗိုလ်လုပွဲတွင် ပြန်တွေ့နိုင်သည်။

မက်ဆီတို့သားအဖ အခွန်ရှောင်လွှဲမှု ငြင်းဆို

ဘာစီလိုနာတိုက်စစ်မှူး မက်ဆီနှင့် ၎င်း၏ဖခင်ဖြစ်သူတို့သည် စပိန်နိုင်ငံတွင် ယူရိုငွေလေးသန်း အခွန်ရှောင်လွှဲမှုဖြင့် စစ်ဆေးခံနေရသည်။ အသက် ၂၅နှစ်ရှိ အာဂျင်တီးနားတိုက်စစ်မှူး မက်ဆီနှင့်၎င်း၏ ဖခင်ဖြစ်သူ ဂျော့ဟော်ရာစီယိုတို့သည် ၂၀၀၇-၂၀၀၉ ခုနှစ်အတွင်း အခွန်ရှောင်လွှဲမှုဖြင့် စုံစမ်းစစ်ဆေးခံနေရသည်။ သို့သော်လည်း ၎င်းတို့က အခွန်ရှောင်လွှဲမှုမရှိကြောင်း ငြင်းဆိုလိုက်သည်။ မက်ဆီသည် ကမ္ဘာ့ဝင်ငွေအကောင်းဆုံးဘောလုံးသမားဖြစ်ပြီး တစ်နှစ်လျှင်ယူရို ၁၆ သန်း ဝင်ငွေရှိကြောင်း သိရသည်။ ၎င်းသည် ကမ္ဘာတစ်ဝန်းလုံးမှ အဓိကစပွန်ဆာများဖြင့် စာချုပ်ခြင်းဖြင့် ဒေါ်လာသန်းပေါင်းများစွာ ဝင်ငွေရရှိလျက်ရှိသည်။

ကောင်းမြတ်သူ စုစည်းသည်

ပုလဲရတုအကြိုတွေ့ဆုံပွဲဖိတ်ကြားခြင်း

စိုက်ပျိုးရေးတက္ကသိုလ် (ရေဆင်း၊ ပျဉ်းမနား)
စိုက်ပျိုးရေး၊ သစ်တော (၁၉၈၄-၁၉၉၂)
သူငယ်ချင်းများအားလုံး

၁၉၈၄(စိုက်ပျိုးရေး၊ သစ်တော) အဝင်သူငယ်ချင်းများနှင့် ၁၉၉၂ ကျောင်းဆင်း (စိုက်ပျိုးရေး၊ သစ်တော) သူငယ်ချင်းများအားလုံး ၂၀၁၄မှာကျင်းပမည့် ပုလဲရတုဆရာကန်တော့ပွဲ အကြိုညှိနှိုင်းအစည်းအဝေးကို ရန်ကုန်မြို့၊ ကြို့ကုန်းဝင်း၊ စိုက်ပျိုးရေးဦးစီးဌာနတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ အောက်ပါအစီအစဉ်အတိုင်း တက်ရောက်ပေးကြပါရန် ဖိတ်ကြားအပ်ပါသည်။

နေရာ - မျိုးစေ့ဌာနခွဲ၊ စိုက်ပျိုးရေးဦးစီးဌာန ကြို့ကုန်းဝင်း၊ အင်းစိန်၊ ရန်ကုန်မြို့။
နေ့ရက် - ၂၃-၆-၂၀၁၃ရက် (တနင်္ဂနွေနေ့)
အချိန် - မွန်းလွဲ ၁ နာရီ

ဆက်သွယ်ရန်-ဒေါက်တာရဲတင့်ထွန်း ဖုန်း-၀၉-၅၃၀၂၄၅၄၊ ကိုဝင်းလှိုင်ဦး ဖုန်း-၀၉-၄၇၃၀၀၇၁၁၊ ကိုသူရစိုး ဖုန်း-၀၉-၄၅၀၀၁၅၆၂၀၊ မခင်စန်းဝေ ဖုန်း-၀၉-၇၃၀၄၇၇၉၀၊ မသက်သက်နွယ် ဖုန်း-၀၉-၄၉၂၄၅၁၃၇၊ မမိုးဆန်း ဖုန်း-၀၉-၄၂၀၇၂၃၉၇၊ မနှင်းစန္ဒာဦး ဖုန်း-၀၉-၅၄၀၀၉၉၉ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ ကွင်းအမှတ်(သို့မဟုတ်) မြေကွက်အမှတ် ၆၆၄-က၊ ဦးပိုင်အမှတ် ၂၄/က(၁၉၉၁/၉၂၃)၊ ဧရိယာဧက ၂၁၃သမ၀၀ဧကရှိ တောဂရန်မြေကွက်သည် ပြင်ဦးလွင်မြို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်သီသီထွန်း (အိပ်ချ်ကေ-၁၂၃၅၄၇)သို့ တောဂရန်ချထားပေးသည့်မြေကွက်ဖြစ်ပြီး ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သီသီထွန်း အမည်ပေါက်ပိုင်ဆိုင်သော မြေကွက်ဖြစ်ပါသည်။

ယခုအခါ အဆိုပါမြေကွက်ကို ဂရန်သက်တမ်းတိုးခြင်း၊ တောဂရန်မှ မြို့ဂရန် လျှောက်ထားခြင်းကို သက်ဆိုင်ရာဌာနများတွင် လျှောက်ထားမည်ဖြစ်ပါ၍ အဆိုပါမြေကွက်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆိုသည် ပိုင်ဆိုင်သည့် စာချုပ်စာတမ်းမူရင်းများနှင့်တကွ သက်ဆိုင်ရာဌာနများသို့လည်းကောင်း၊ ကျွန်ုပ်၏မိတ်ဆွေထံသို့လည်းကောင်း၊ ကျွန်ုပ်ထံသို့လည်းကောင်း ဤကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက ဂရန်လျှောက်ထားသည့်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်အေးအေးအောင် (LL.B)
တရားလွှတ်တော်ရှေ့နေ (စဉ်-၄၃၂၂)
အမှတ်-၁၂၁၊ ဒု-ထပ်၊ ဘုန်းကြီးလမ်း၊
လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၉-၅၁၆၉၁၅၉၊ ၀၁-၂၂၅၆၉၄၊ ၀၉-၇၃၀၄၅၆၀၇

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း
အသင်းသားစုံညီအထူးအစည်းအဝေးဖိတ်ကြားခြင်း
...
တိုင်းအလုပ်အမှုဆောင်ကော်မတီ
မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း

ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ကျော်သက်၏ နိုင်ငံကူးလက်မှတ်အမှတ် M-၇၉၀၂၇၇ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၈၆၄၀၅၁၈၊ ၀၉-၅၅၀၄၅၇၅**

သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မကွေးတိုင်းဒေသကြီး၊ အောင်လံမြို့၊ စမ်းချောင်းရပ်ကွက်၊ ပြည်လမ်းနေ အဖ ဦးကျော်သိန်း(ကွယ်လွန်)၊ မိခင် ဒေါ်ခင်တုတ် ၈/မထန(နိုင်)၀၀၇၆၀၆၏ နဝမမြောက်သမီးဖြစ်သူ မမြင့်မြင့်စိန် ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ ကျောင်းလမ်း၊ လေးလွှာ(B)၊ တိုက် ၃၃ နေသူသည် မိခင်အပေါ် စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ပြီး မိဘခွင့်မလွှတ်နိုင်သည့် ပြုမူဆောင်ရွက်ချက်များ ပြုလုပ်ပါသဖြင့် အမွေစားအမွေခံသမီးအဖြစ်မှ အပြီးအပြတ် စွန့်လွှတ်ကြောင်းနှင့် ၎င်းနှင့်ပတ်သက်ပြီး မည်သည့်ကိစ္စ တစ်စုံတစ်ရာကိုမျှ တာဝန်ယူဖြေရှင်းဆောင်ရွက်ပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

မိခင် ဒေါ်ခင်တုတ်

ကျန်းမာရေးပညာပေးဆောင်းပါး

ဓာတုပစ္စည်း နိုက်ထရိတ် (No_3) ကြောင့် ကင်ဆာဖြစ်စေနိုင်သလား

မကြာသေးမီက ကလေးမတစ်ဦး အသားကင်ကို အလွန်အကျွံ စားသုံးမိရာမှ အစာအဆိပ်သင့်ခဲ့ရာ နိုက်ထရိတ်ကြောင့်ဖြစ်ရသည်ဟု ဆရာဝန်ကြီးက ဆုံးဖြတ်သဖြင့် ဓာတုပစ္စည်း နိုက်ထရိတ် (NO_3) အဆိပ်သင့်နိုင်ပုံ၊ ကာကွယ်နိုင်သည့် နည်းလမ်းများကို သိရှိနိုင်ရန် ဤဆောင်းပါးကို ရေးသားပါသည်။

သိပ္ပံပညာရှင်များသည် နိုက်ထရိတ်ပါဝင်မှုများပြားနေသော သောက်သုံးရေ၊ အသားငါး၊ ဟင်းသီးဟင်းရွက်များသည် ၎င်းတို့တွေးထင်ထားချက် (Hypothesis)အရ နိုက်ထရိတ်သည် ဓာတ်ပြောင်းလဲသွားပြီး လူတို့၏ အစာချေစနစ် အစိတ်အပိုင်းများကို အဆိပ်ဖြစ်စေသည်။ သို့မဟုတ် Nitrosamines ကဲ့သို့ ကင်ဆာဖြစ်စေသော ဓာတ်ပစ္စည်းအဖြစ်သို့ ပြောင်းလဲသွားစေသည်ဟု ယူဆထားကြပါသည်။

နိုက်ထရိတ်များပြားမှုနှင့် အဆိပ်သင့်ခြင်း

- ခေတ်မီအထွက်နှုန်းမြင့် စိုက်ပျိုးသော လယ်ယာမြေအနီးတစ်ဝိုက်ရှိ မြောင်းရေ၊ ချောင်းရေများတွင် နိုက်ထရိတ်(NO_3)များပြားစွာ ရှိနေတတ်ပါသည်။
- အသား၊ ငါးများကို တာရှည်ခံစေရန်အတွက် ဆိုဒီယမ် နိုက်ထရိတ်ကဲ့သို့ ယမ်းစိမ်းကို များပြားစွာအသုံးပြုထားတတ်ပါသည်။
- ဟင်းသီးဟင်းရွက်များတွင် နိုက်ထရိုဂျင်ဓာတ်မြေဩဇာအထူးသဖြင့် ပုလဲယူရီးယားဓာတ်မြေဩဇာ အလွန်အကျွံအသုံးပြုထားခြင်းကြောင့်အပင်တစ်ရှူးများတွင် နိုက်ထရိတ်ဓာတ်ကြွင်းများပြားနေတတ်ပါသည်။ (စပါး၊ ဂျုံကဲ့သို့ အနှံစေ့များမှာ NPK ဓာတ်မြေဩဇာနှုန်းထားမြင့်ကျွေးထားသော်လည်း နိုက်ထရိတ် ဓာတ်ကြွင်းမရှိနိုင်ပါ။ သို့သော် ပုလဲယူရီးယားကဲ့သို့ နိုက်ထရိုဂျင် လွန်ကဲစွာ ထည့်ထားလျှင် နိုက်ထရိတ်ဓာတ်ကြွင်းအနည်းငယ် ရှိကောင်းရှိနိုင်ပါသည်။)

အထက်ပါအကြောင်းအရာများကြောင့် လူတို့၏ အစာအိမ်ထဲသို့ နိုက်ထရိတ်ဓာတ်ကြွင်းများပြားစွာ ရောက်သွားလျှင် အစာချေစနစ်တွင်ရှိသော ဗက်တီးရီးယားမျိုးစုံမှ (NO_3)ကို နိုက်ထရိုက်(NO_2) အဖြစ် ချေဖျက်ပြောင်းလဲကာ ခန္ဓာကိုယ်အောက်ဆီဂျင် သယ်ပို့မှုစနစ်ကို အနှောင့်အယှက်ပြုသည့်အတွက် အောက်ဆီဂျင်ငတ်မွတ်မှုဖြစ်စေသည်။ (NO_2) အဆိပ်ဖြစ်ပေါ်မှုလက္ခဏာက အသက်ရှူရခက်ခဲစေပြီး ပြင်းထန်သော အခြေအနေတွင် အသက်ရှူကျပ်ပြီး သေဆုံးနိုင်ပါသည်။

ကလေးငယ်များ နိုက်ထရိတ် အဆိပ်သင့်ပါက Blue Baby Syndrome ဟုခေါ်သည့် ခန္ဓာကိုယ်ပြာနှမ်းပြီးဖြစ်သော ရောဂါလက္ခဏာပုံစံတွေ့ရပါမည်။ (သို့သော် ခြောက်လအောက် ကလေးငယ်များ၏ အစာချေစနစ်တွင် အက်စစ်ဓာတ် မြင့်မားနေလေ့ရှိသည့်အတွက် (NO_2)အဖြစ် ချေဖျက်စေမည့် ဗက်တီးရီးယားများ အလွန်နည်းပါးကာ မိခင်၏နို့ရည်ကြောင့် အဆိပ်မသင့်နိုင်ဘဲ နိုက်ထရိတ်များပြားသည့် မသန့်ရှင်းသောရေကို မိမိ၏ကလေးငယ်များအား တိုက်မိမှသာ နိုက်ထရိတ်အဆိပ်သင့်ခြင်း ဖြစ်နိုင်ပါသည်။)

ရောဂါတစ်စုံတစ်ရာရှိသော ကိုယ်ဝန်ဆောင်များ နိုက်ထရိတ်ကြောင့် ခုခံမှုစနစ်ကိုလျော့ကျစေနိုင်ပါသည်။ တချို့အစာအိမ်မကောင်းသူ အစာအိမ်တွင် အက်စစ်ဓာတ်လျော့နည်းသူများတွင်လည်း နိုက်ထရိတ်ကြောင့်ထိခိုက်မှု ရှိနိုင်သည်။

ဝက်အူချောင်း၊ အသားမျိုးစုံကို ယမ်းစိမ်းခပ်များများနှင့် တာရှည်ခံအောင် ပြုပြင်ထားလျှင် လူတို့၏ အစာချေစနစ်သည် (NO_2)အဖြစ် ပြောင်းလဲကာ ချက်ချင်းလက်ငင်း အစာအဆိပ်သင့်နိုင်သည့်အပြင် (NO_2) မှ Nitrosamines ကဲ့သို့ ကင်ဆာဖြစ်စေနိုင်သော ဓာတ်အဖြစ်သို့ ပြောင်းလဲသွားနိုင်သည်။

နိုက်ထရိတ်ဆိုးကျိုးကို ကာကွယ်နိုင်သည့် နည်းလမ်းများ

- ဗီတာမင်အေက နိုက်ထရိတ် အဆိပ်သင့်မှုကို တုံ့ပြန်ကူညီပေးနိုင်စွမ်း ရှိကောင်းရှိနိုင်သည်ဟု ဆိုပါသည်။ ဥပမာ မြင်းခွာရွက်၊ ဟင်းနုနယ်ဟင်းရွက်၊ မုန်လာဥနီ၊ ကန်စွန်းရွက်၊ ဖျော်ရည်သောက်သုံးခြင်းဖြစ်သည်။ သို့သော်ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေးဓာတ်ကြွင်းရှိနေသော ဟင်းရွက်မဖြစ်စေရပါ။
- နိုက်ထရိတ်ကြောင့် Nitrosamines ဓာတ်မဖြစ်ပေါ်စေရန် ဗီတာမင်စီက ကာကွယ်ပေးနိုင်သည်။ ဥပမာသံပရာသီး၊ လိမ္မော်သီး၊ ပန်းသီးဖျော်ရည်သောက်သုံးခြင်း ဖြစ်သည်။
- ဟင်းသီးဟင်းရွက်စိုက်ပျိုးရောင်းချသူများက သက်တမ်းတိုအတွင်း အမြန်ကြီးထွားရန် ပုလဲယူရီးယားကဲ့သို့ နိုက်ထရိုဂျင် ဓာတ်မြေဩဇာအများအပြား သုံးစွဲထားနိုင်ပါသည်။ နိုက်ထရိတ်ဓာတ် လျော့နည်းသွားအောင် ဗီနီဂါရည်၊ ရှာလကာရည်ကိုဆေးကြောမည့်ရေထဲတွင် အနည်းငယ်ထည့်ပြီး ဟင်းရွက်ကို ဆေးကြောပေးပါ။
- ဂေါ်ဖီထုပ်၊ မုန်ညင်းစိမ်း၊ မုန်ညင်းဖြူ၊ မုန်ညင်းထုပ်၊ ဟင်းနုနယ်ကဲ့သို့ ဟင်းရွက်များကို ရေနွေးဆူဆူထဲတွင် ငါးမိနစ်ပြုတ်ပြီး ပြုတ်ရေကိုသွန်ပစ်ခြင်းဖြင့် နိုက်ထရိတ်ဓာတ်ကြွင်းအပြင် မကောင်းသော ဓာတ်ပစ္စည်းများဖြစ်သည့် ယူရစ်အက်စစ်၊ အောက်ဆယ်လစ်အက်စစ်များကိုပါ ဖယ်ရှားနိုင်သည်။

သုံးသပ်အကြံပြုချက်များ

- သီးနှံအထွက်နှုန်းမြင့် ဧရိယာအနီးတစ်ဝိုက်ရှိ သောက်သုံးရေကို အထူးဂရုပြုရန် လိုအပ်ပါသည်။
- ခြောက်လအောက်ကလေးငယ်တွင် မိခင်နို့ရည်တစ်မျိုးတည်းသာ တိုက်ကျွေးပါက ပူပန်စရာမလိုအပ်ပါ။ ခြောက်လကျော်မှ လူကြီးအရွယ်များအထိ အားလုံးကျန်းမာနေလျှင်၊ အစာချေဖျက်မှု စနစ်ကောင်းနေမည်ဆိုလျှင် မိမိတို့စားသုံးသော အစားအစာများထဲတွင် နိုက်ထရိတ်ဓာတ်ကြွင်း အနည်းငယ်များနေတာကို အလွန်အမင်း ပူပန်စရာမလိုအပ်ပါ။ **သို့သော်လည်း ဟင်းသီးဟင်းရွက်မှအစ ဆန်၊ ဂျုံ၊ ပြောင်း သီးနှံများအပါအဝင် စိုက်ပျိုးထုတ်လုပ်ရန် အသုံးပြုသော ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေးများသည် အဆိပ်များသာဖြစ်သည့်အတွက် ဓာတ်ကြွင်းပါဝင်မှု လုံးဝမကျန်ရှိအောင် သတိထားကြရပါမည်။**
- နိုက်ထရိတ်များပြားစွာဖြင့် တာရှည်ခံအောင်ပြုပြင်ထားသော သားငါးများကို သတိရှိစွာစားသုံးရပါမည်။ ငါးပုစွန်များ မာတောင့်နေစေရန် ပုလဲဓာတ်မြေဩဇာ ထည့်သုံးတတ်ပါသည်။ သတိရှိစွာ ဝယ်ယူစားသုံးသင့်ပါသည်။
- မိမိတို့ မရှိမဖြစ် နေ့စဉ်စားသုံးနေရသည်မှာ ဟင်းသီးဟင်းရွက်များဖြစ်ပါသည်။ ဟင်းသီးဟင်းရွက်သည် လူတို့အတွက် ရုပ်ပျိုကိုယ်နုစေသည့်အပြင် ကင်ဆာမှအစ ရောဂါမျိုးစုံမဖြစ်ပွားအောင် ကာကွယ်ပေးနိုင်သည့် ခုခံစွမ်းအားမြင့်အပင်များဖြစ်သည့်အတွက် ဖြစ်နိုင်လျှင် မိမိတို့နေအိမ်ခြံဝင်းများတွင် ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး အသုံးမပြုဘဲ သဘာဝမြေဩဇာ၊ ဇီဝမြေဩဇာများဖြင့် အန္တရာယ်ကင်းစွာစားသုံးနိုင်ရန် ကိုယ်တိုင်စိုက်ပျိုးစားသုံးကြပါရန် အကြံပြုရေးသားအပ်ပါသည်။

မင်းဝင်းထိန်(B.Ag)

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

တင်ဒါအမှတ် ၁/တည်ဆောက်ရေး(ပွင့်ဖြူ)/၂၀၁၃-၂၀၁၄

၁။ စက်မှုဝန်ကြီးဌာန၊ အထည်အလိပ်လုပ်ငန်း၊ အမှတ်(၄) အထည်စက်ရုံ(ပွင့်ဖြူ)တွင် အောက်ဖော်ပြပါတည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်-

(က) လုပ်ငန်းအမည်

(၁) Aluminium Partition ပြုလုပ်ခြင်း

- အပိုင်း(၁) (၁၁၅ပေ×၁၄ပေ)၊ အပိုင်း(၂) (၂၈၂ပေ×၁၄ပေ)၊ အပိုင်း(၃) (၈၂ပေ×၁၇ပေ)

(၂) ဖေဒါကန်များပြန်လည်ပြုပြင်ခြင်းလုပ်ငန်း (ပေ၃၀၀×ပေ၃၀×၁၀ပေ) ခုနစ်ကန်

(၃) ဘွိုင်လာအဆောက်အအုံဆောက်လုပ်ခြင်း (ပေ၂၀×ပေ၂၀×၁၀ပေ) (Boiler Foundation အပါအဝင်) (အခင်းကွန်ကရစ်၊ အကာအုတ်+သံဆန်ခါ၊ အမိုးသွပ်)

(ခ) တင်ဒါစတင်ရောင်းချရက် - ၁၀-၆-၂၀၁၃ရက်

(ဂ) တင်ဒါပိတ်ရက် - ၈-၇-၂၀၁၃ ရက် (၁၆း၀၀နာရီအထိ)

၂။ အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါလိပ်စာသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်-

ညွှန်ကြားရေးမှူး(ပစ္စည်းစီမံရေး)
အထည်အလိပ်လုပ်ငန်း၊ စက်မှုဝန်ကြီးဌာန
ရုံးအမှတ် ၃၇၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၀၈၀၇၀၊ ၄၀၈၃၃၈၊ ဖက်စ်-၀၆၇-၄၀၈၁၈၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
ဆည်မြောင်းဦးစီးဌာန
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ဆည်မြောင်းဦးစီးဌာနမှ စက်ယန္တရားများအတွက် စက်ဆီ/ချောဆီ၊ တာယာ၊ ဘက်ထရီ၊ သံချောင်းလုံး၊ Foreign Steel Sheet Pile များနှင့် စက်အရန်ပစ္စည်းများကို မြန်မာကျပ်ငွေ/နိုင်ငံခြားငွေ (အမေရိကန်ဒေါ်လာ)ဖြင့် ဝယ်ယူလိုပါသည်။

စဉ်	တင်ဒါအမှတ်	ပစ္စည်းအမျိုးအမည်	အရေအတွက်	မှတ်ချက်
၁။	1(Q)Lubricants/Local Purchase/IRR/ 2013-2014	စက်ဆီ/ချောဆီမျိုးစုံ	2000 drums	မြန်မာကျပ်
၂။	2(Q)Deformed Steel Round Bar/Local Purchase/IRR/2013-2014	သံချောင်းလုံးအရွယ်စုံ	2180 Tons	မြန်မာကျပ်
၃။	3(Q)Tyre/Local Purchase/IRR/2013-2014	တာယာအရွယ်စုံ	3172 Sets	မြန်မာကျပ်
၄။	4(Q)Battery/Local Purchase/IRR/ 2013-2014	ဘက်ထရီအရွယ်စုံ	3010 Nos	မြန်မာကျပ်
၅။	5(Q)Foreign Steel Sheet Pile/Local Purchase/IRR/2013-2014	Steel Sheet Pile	1171 Nos	မြန်မာကျပ်
၆။	FQ(6)Spare Parts/IRR/ 2013-2014	Machinery Spare Parts	1Lot	အမေရိကန်ဒေါ်လာ

၂။ အဆိုပါအိတ်ဖွင့်တင်ဒါများကို ၁၀-၇-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) ၁၆း၀၀နာရီတွင် နောက်ဆုံးတင်သွင်းရမည်ဖြစ်သည်။ အိတ်ဖွင့်တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်းဝယ်ယူနိုင်ပြီး အသေးစိတ်အချက်အလက်များကို ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

ဖြည့်တင်းရေးဌာနခွဲ၊ ဆည်မြောင်းဦးစီးဌာန(ရုံးချုပ်)၊ ရုံးအမှတ်(၄၃)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၁၀၃၁၆၊ ၀၆၇-၄၁၀၃၁၇

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

စက်မှုဝန်ကြီးဌာန၊ အထည်အလိပ်လုပ်ငန်းလက်အောက်ရှိ စက်ရုံများအတွက် လိုအပ်သော ဆိုးဆေး၊ အကူဆေး၊ ကော်စာတင်ပစ္စည်း (၂၁)မျိုးအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါပေးသွင်းပါရန် ဖိတ်ခေါ်ပါသည်။

(က) **တင်ဒါပုံစံရောင်းချမည့်ရက်** - ၁၀-၆-၂၀၁၃ ရက်

(ခ) **တင်ဒါပိတ်မည့်ရက်** - ၉-၇-၂၀၁၃ ရက်

(ဂ) **ဆက်သွယ်ရန်ဖုန်း** - ၀၆၇-၄၀၈၁၈၅၊ ၄၀၈၃၃၈

အထည်အလိပ်လုပ်ငန်း၊ နေပြည်တော်

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
ဆည်မြောင်းဦးစီးဌာန
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ဆည်မြောင်းဦးစီးဌာနမှ လုပ်ငန်းခွင်အရောက် ဘိလပ်မြေများကို အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်းအောက်ရှိ (သရက်၊ကြံခင်း၊ကျောက်ဆည်) စက်ရုံများမှ သယ်ယူပို့ဆောင်ရာတွင် လမ်းကြောင်းအလိုက် တစ်တန်/တစ်မိုင်နှုန်းထားများပေးပို့ရန် အိတ်ဖွင့်တင်ဒါ ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပိတ်ရက်မှာ ၂၀၁၃ခုနှစ် ဇူလိုင် ၁၀ရက် ဖြစ်ပါသည်။

၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း အောက်ပါဌာနတွင် လာရောက်စုံစမ်း ဝယ်ယူနိုင်ပါသည်။

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
ဆည်မြောင်းဦးစီးဌာန(ရုံးချုပ်)
ရုံးအမှတ်(၄၃)နေပြည်တော်၊ ဖုန်း-၀၆၇-၄၁၀၃၁၇

ဖခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ အလက(၁) ထခွဲ-Grade-10(B)မှ မနှင်းဝတ်ရည်ဦးနှင့် အမက(၂၀) Grade-2(A) မှ မောင်ကျော်ဇေယျာဟိဏ်းတို့၏ ဖခင်အမည်မှန်မှာ ဦးမျိုးသူ ၇/ရကန(နိုင်)၀၃၈၀၃၁ ဖြစ်ပါသည်။

မိခင်အမည်မှန်

နွားထိုးကြီးမြို့၊ မြို့မ အခြေခံပညာအထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်းမှ မောင်နန်းဝင်းအောင်၏ မိခင်အမည်မှန်မှာ ဒေါ်ခင်စန်းမြင့် ဖြစ်ပါသည်။

သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

တပ်ကုန်းမြို့၊ ဆရာစံရပ်ကွက်၊ ပြည်တော်အေးလမ်းနေ ကျွန်မ ဒေါ်နီနီ ၉/တကန(နိုင်)၀၁၂၉၃၅၏သမီး မမီးမီး(ခ)အိသီရိပိုသည် မိဘဆိုဆုံးမမှုကို နားမထောင်ဘဲ မိဘစိတ်ဆင်းရဲအောင် အမျိုးမျိုးပြုမူပြောဆိုပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် နောက်နောင် ၎င်းနှင့်ပတ်သက်သည့်ကိစ္စမှန်သမျှကို တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ပါကြောင်း။

(မေးမြန်းခြင်းသည်းခံပါ။)

မိခင်-ဒေါ်နီနီ

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
စက်မှုလယ်ယာဦးစီးဌာန
အိတ်ဖွင့်တင်ဒါပိတ်ရက်ပြင်ဆင်သတ်မှတ်ခြင်း

၁။ စက်မှုလယ်ယာဦးစီးဌာနမှ ၂၀၁၃-၂၀၁၄ခုနှစ်အတွင်း လက်တွန်းထွန်စက်နှင့် အပိုပစ္စည်းများ ဆိုနာလီကာထွန်စက်ကြီးများ၊ ထွန်စက်အပိုပစ္စည်းများဝယ်ယူရန် တင်ဒါခေါ်ယူခဲ့သော Tender No(1)(T)AMD-RT(2013-2014)နှင့် Tender No (1/2/3/4)(ES)AMD(2013-2014)များအတွက် တင်ဒါပိတ်ရက်ကို၂၃-၅-၂၀၁၃ ရက်အစား ၂၁-၆-၂၀၁၃ရက်ဟု ပြင်ဆင်သတ်မှတ်ပါကြောင်း ကြေညာအပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို စက်မှုလယ်ယာဦးစီးဌာန(ရုံးချုပ်)၊ ရုံးအမှတ်(၅၀)၊ နေပြည်တော်တွင် ရုံးချိန်အတွင်း လာရောက်ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်သိလိုသောအချက်များကို စက်မှုလယ်ယာဦးစီးဌာန(ရုံးချုပ်)၊ တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီသို့ လူကိုယ်တိုင်သော်လည်းကောင်း၊ ဖုန်း-၀၆၇-၄၃၁၂၄၂၊ ၄၃၁၂၄၃တို့သို့လည်းကောင်း ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းမှ အောက်ဖော်ပြပါပစ္စည်းများအား ဂိုဒေါင်အရောက် တန်ဖိုး DDP(ပေါင်းလောင်း) မြန်မာ(ကျပ်)ငွေဖြင့် ဝယ်ယူလိုပါသည်-

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
	Tender No.03/HPGE/2013-2014	
(က)	Floor Standing Type 3 HP Air Conditioner	(44)Sets
(ခ)	Split Type Air Conditioner (2HP)	(18)Nos
	Tender No.04/HPGE/2013-2014	
(က)	ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများအတွက် Bearing များ	(5)Sets
	Tender No.05/HPGE/2013-2014	
(က)	သဖန်းဆိပ်စက်ရုံနှင့် တီကျစ်စက်ရုံအတွက် Control Card များ	(15)Nos
	Tender No.06/HPGE/2013-2014	
(က)	11kV Vacuum Circuit Breakers (without Pannel)	(7)Nos
	Tender No.07/HPGE/2013-2014	
(က)	တီကျစ်စက်ရုံအတွက် High Pressure heater	(1)Set
	Tender No.08/HPGE/2013-2014	
(က)	ရုံးချုပ်အတွက် Electrical Testing Equipments များ	(12)Sets
	Tender No.09/HPGE/2013-2014	
(က)	ဓာတ်အားပေးစက်ရုံများအတွက် စက်ဆီ၊ချောဆီများဝယ်ယူခြင်း	(900)Drums

၂။ အိတ်ဖွင့်တင်ဒါပိတ်ရက်မှာ ၂၀၁၃ခုနှစ် ဇူလိုင် ၂၃ရက် မွန်းတည့် ၁၂နာရီဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်း အောက်ဖော်ပြပါဌာနတွင် လာရောက်စုံစမ်းနိုင်ပါသည်။

ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း
ရုံးအမှတ် ၃၈၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၁၁၆နှင့် ၄၁၁၀၇၆

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

ကံစမ်းမဲယုံကြည်မိသူ ငွေကျပ် ၁၀ သိန်းအလိမ်ခံရ

ရှမ်းပြည်နယ် တောင်ပိုင်း လွိုင်လင်ခရိုင် လဲချားမြို့နယ် တပ်မောက်ကျေးရွာနေ စိုင်းပန္တိကိုင်ဆောင်သောဖုန်းကို မိုဘိုင်းဖုန်းကုမ္ပဏီမှ ဗိုလ်မှူးတင်အောင်အမည်ကို အသုံးပြုကာ စိုင်းပန္တိ၏ အမည်နှင့် နေရပ်လိပ်စာများကို မေးမြန်းကာ ထိုသူက ဖုန်းအလုံး ၃၆၀ မဲဖောက်ရာ စိုင်းပန္တိ၏ ဖုန်းနှင့်အခြားဖုန်းတစ်လုံး ကံစမ်းမဲပေါက်သည်ဟု ဆက်သွယ်ခဲ့ကြောင်း သိရသည်။

ထို့နောက် ဗိုလ်မှူးတင်အောင်ဆိုသူက ၎င်းတို့မိုဘိုင်းဖုန်းကုမ္ပဏီမှ မဲဖောက်သော စုစုပေါင်းတန်ဖိုးမှာ ငွေကျပ်သိန်း၁၀၀၀ဖြစ်ကြောင်း၊ဖုန်းတစ်လုံးလျှင်ကျပ်သိန်း၅၀၀စီရရှိမည်ဖြစ်ကြောင်း၊ပြောဆိုပြီးအဆိုပါငွေများပေးပို့နိုင်ရန် အမည်၊ မှတ်ပုံတင်အမှတ်၊ နေရပ်လိပ်စာများ တောင်းခံခဲ့သည်။ မဲပေါက်သည့်အတွက် ဖုန်းအသစ်တစ်လုံး ထပ်မံဝယ်ယူရမည်ဖြစ်ပြီး ၎င်းဖုန်းအတွက် ငွေကျပ် နှစ်သိန်းကုန်ကျမည်ဖြစ်ကြောင်း၊ ငွေပို့ပေးရန် စုစုပေါင်း ငွေကျပ် ၁၀ သိန်းအမြန်ဆုံးပို့ပေးရန်ပြောဆိုခဲ့သည်။

ထိုငွေများကို ရန်ကုန်မြို့ ဗိုလ်အောင်ကျော်လမ်း ကမ္ဘောဇဘဏ်သို့ ဦးဇင်မျိုးဦး မှတ်ပုံတင်အမှတ် ၁၂/ဒဂတ(နိုင်) ----- ဖြင့် ပို့ပေးရန်ပြောသည်။ သို့သော် လဲချားမြို့တွင် ကမ္ဘောဇဘဏ်ခွဲမရှိ၍ ၎င်းတို့ ဆက်သွယ်လာသော ဖုန်း-၀၉-------သို့ ပြန်လည်ဆက်သွယ်ရာ မြန်မာ့စီးပွားရေးဘဏ်ခွဲ (ကမာရွတ်)သို့ ပို့ပေးရန် ပြောသည်။

မေ ၃၁ ရက် မွန်းလွဲ ၂နာရီတွင် ၎င်းတို့တောင်းသော ငွေကိုပေးပို့လိုက်သည်။ ငွေများပို့ပြီး ထိုနေ့ ၂နာရီခွဲက ဗိုလ်မှူးတင်အောင်ဆိုသူက ယနေ့ဘဏ်ပိတ်သွား၍ ဇွန် ၃ ရက်တွင် ကံစမ်းမဲပေါက်သော ငွေများကို ထုတ်ယူနိုင်ကြောင်း၊ ငွေများဘဏ်သို့ ပေးသွင်းထားပြီးဖြစ်ကြောင်း ဖုန်းဖြင့်အကြောင်းပြန်ကြားသည်။ နောက်ပိုင်းတွင် ထိုသူများကို ဖုန်းဆက်သွယ်မရတော့သဖြင့် သံသယဖြစ်လာကာ ဦးပန္တိက မိမိပို့သော ငွေများကို ရန်ကုန်ဘဏ်သို့ ငွေလွှဲပို့ခြင်းမရှိသေးပါက အချိန်မီ ပိတ်သိမ်းပေးရန် မြန်မာ့စီးပွားရေးဘဏ်သို့ အကြောင်းကြားရာ ဘဏ်မန်နေဂျာက Fax ငွေလွှဲစနစ်ဖြင့် ချက်ချင်းပို့လိုက်ပြီဖြစ်ကြောင်း ပြန်ကြားသည်။

ထို့ကြောင့် အဆိုပါ ကိစ္စကို လဲချားမြို့နယ် ရဲစခန်းသို့အကြောင်းကြားလာသဖြင့် ရဲစခန်းမှ ရန်ကုန်ဘဏ်သို့ ဆက်သွယ်မေးမြန်းရာ ငွေများကို မေ ၃၁ရက် မွန်းလွဲ ၂နာရီက လာရောက်ထုတ်ယူသွားပြီဖြစ်ကြောင်း ပြန်ကြားခဲ့သည်။

လိမ်လည်သူများသည် ဌာနဆိုင်ရာတာဝန်ရှိသူများ၏ အမည်ကို အသုံးပြုပြီး မက်မောလောက်သည့် ငွေကြေးပမာဏကို ပြောဆိုကာ မက်လုံးပေးပြီး ငွေကြေးများ ပို့ပေးရန် တောင်းဆိုလေ့ရှိကြသည်။ ငွေတောင်းခံရာတွင် တစ်စုံတစ်ရာ ကြိုတင်ပြင်ဆင်မှု မရှိနိုင်စေရန် ချက်ချင်းငွေပို့ရန် ပြောဆိုကြသည်။ ပေးပို့သောငွေများကို လက်ခံမည့်သူများသည် အများအားဖြင့်အခြေအနေမရှိသော လူများဖြစ်ကြသည်။ ထိုသူများအား ငွေထုတ်ယူပေးရန်လူလိမ်များက အခကြေးငွေပေး၍ တစ်ဆင့်ခံထုတ်ယူသူများ ဖြစ်ကြသည်။ လူလိမ်များက နောက်ကွယ်မှနေကာ လုံခြုံသောနေရာရောက်မှ ငွေကိုလွှဲပြောင်းလက်ခံယူကြကြောင်း သိရသည်။ သို့ဖြစ်၍ ငွေကြေးအလိမ်ခံရသူများအနေဖြင့် ပြစ်မှုဖြစ်ပွားပါက နီးစပ်ရာ ရဲစခန်းများသို့ အမှုဖွင့်တိုင်ကြားရန် လိုအပ်သည်။ မိမိနှင့်သိကျွမ်းမှုမရှိဘဲ တစ်ဖက်က လောဘတပ်မက်လောက်အောင် ဆွဲဆောင်ပြောဆိုမှုများကို အလွယ်တကူ မယုံကြည်ကြရန် ဖြစ်သည်။

ယခုအခါငွေကျပ် ၁၅၀၀ တန်ဖုန်းများ ပေါ်လာပြီဖြစ်၍ ပြည်သူများသတိရှိရန် လိုအပ်ပါက ထိုသို့လိမ်လည်ငွေတောင်းသူများ မကြာခဏ ဖြစ်ပေါ်နေသဖြင့် အလားတူကိစ္စများ ကြုံတွေ့ရပါက နီးစပ်ရာရဲစခန်းများသို့ ဆက်သွယ်သတင်းပေးပို့ကြရန် ဖြစ်သည်။ ရဲတပ်ဖွဲ့ကလည်း အဆိုပါပြစ်မှု ကျူးလွန်သူများကို ဖော်ထုတ်ဖမ်းဆီးနိုင်ရေးနှင့် ပြစ်မှုမဖြစ်ပွားရေးအတွက် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

မကွေး(လှမြင့်)

မကွေးမြို့တွင် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများ ဆောင်ရွက်

မကွေး ဇွန် ၁၃

မကွေးမြို့တွင် သွေးလွန်တုပ်ကွေးရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်းကို လူထုလှုပ်ရှားမှုအသွင်ဖြင့် တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နှင့်အမျိုးသမီးရေးရာအဖွဲ့တို့က ဦးဆောင်၍ တိုင်းဒေသကြီးကျန်းမာရေးဦးစီးဌာန၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် ပြည်သူများပူးပေါင်းကာ ဇွန် ၁၁ ရက် နံနက် ၇ နာရီမှစတင်၍ မကွေးမြို့ သိင်္ဂီရိရပ်ကွက်အတွင်းရှိ နေအိမ်များတွင် ခြင်ဆေးဖျန်းခြင်း၊ ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(အပေါ်ပုံ)တင်ထွန်းဦး

သွေးလွန်တုပ်ကွေးကာကွယ်ရေး လုပ်ငန်းများဆောင်ရွက်

မော်လမြိုင် ဇွန် ၁၃

မော်လမြိုင်မြို့နယ်တွင် သွေးလွန်တုပ်ကွေးရောဂါထိန်းချုပ်ခြင်းလုပ်ငန်းကို မြိုင်သာယာရပ်ကွက်၌ ပြည်နယ်အစိုးရ လူမှုရေးဝန်ကြီး ဒေါက်တာလှဦး၊ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဒေါက်တာမင်းသန့်ညွန့်၊ ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာသာသာထွန်းကျော်နှင့်ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသန်းထွန်းအောင်တို့၏ ဦးဆောင်မှုဖြင့် ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးနှင့် ကျန်းမာရေးဝန်ထမ်းများ၊ ရပ်ကွက် အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့ဝင်များ၊ လူမှုရေးအဖွဲ့အစည်းဝင်များ၊ ကရုဏာစမ်းရေ လူမှုရေးအဖွဲ့ဝင်များနှင့် ပြည်သူများက အိမ်ခြေ ၉၆၀တွင် သွေးလွန်တုပ်ကွေး ကြိုတင်ကာကွယ်ရေး ကျန်းမာရေးအသိပညာပေးခြင်း၊ ပိုးလောက်လမ်းနှိမ်နင်းရေးအတွက်ဖုံး၊ သွန်၊လဲ၊စစ်ဆောင်ရွက်ခြင်း၊ပိုးလောက်လမ်းသတ်ဆေးဖြစ်သည့် အဘိတ်ဆေးခတ်ခြင်းတို့ကို ဇွန် ၉ ရက်က ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(ပြည်နယ်ကျန်းမာရေး)

အိတ်ဖွင့်တင်ဒါ(Open Tender)လျှောက်လွှာခေါ်ယူခြင်း

၁။ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အဆောက်အအုံအထူးအဖွဲ့(၈)မှ တာဝန်ယူ ကြီးကြပ်လျက်ရှိသော ၂၀၁၃-၂၀၁၄ဘဏ္ဍာရေးနှစ် ပြည်ထောင်စုရန်ပုံငွေဖြင့်ဆောင်ရွက်မည့် ပုဏ္ဏားကျွန်း-ရသေ့တောင် လမ်းတံတားတည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်လိုအပ်သည့် အောက်ဖော်ပြပါ တည်ဆောက်ရေးပစ္စည်းများကို မြန်မာငွေကျပ်ဖြင့် ဝယ်ယူလိုပါသည်။

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
၁။	အုတ်	၁၀၀၀၀၀ ချပ်
၂။	ကျောက်စရစ် (ဇကာချ)	၁၀၀ ကျင်း
၃။	သဲ (လေးမြို့)	၅၀ ကျင်း

တင်ဒါပုံစံရောင်းချမည့်ရက် ၁၂-၆-၂၀၁၃ရက်

တင်ဒါပုံစံရောင်းချခြင်းပိတ်မည့်ရက် ၁၉-၆-၂၀၁၃ရက်

၂။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို ဒု-အင်ဂျင်နီယာမှူးကြီးရုံး အဆောက်အအုံအထူးအဖွဲ့(၈)တွင် ၁၀-၆-၂၀၁၃ရက်မှစ၍ ဝယ်ယူနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ
ဖုန်း-၀၄၃-၂၃၀၅၆

အမှတ်(၂)သတ္တုတွင်းလုပ်ငန်း (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ အမှတ်(၂) သတ္တုတွင်းလုပ်ငန်းတွင် အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါ လုပ်ငန်းသုံးပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ယူလိုပါသည်-

(က) Copier နှင့် Laser Facsimile
(ခ) Computer အပါအဝင်ပစ္စည်း(၁၀)မျိုး
(ဂ) Power Transformer Muffle Furnace နှင့် Metal Cutter (ရွှေဖြတ်ကတ်ကြေး)
(ဃ) Plastic Binding Machine အပါအဝင်ရုံးသုံးစက်ပစ္စည်း(၄)မျိုး
(င) ရုံးသုံးပရိဘောဂပစ္စည်း(၈)မျိုး
(စ) Battery & Tyre (12)items
(ဆ) စက်ဆီချောဆီ(၄)မျိုး
(ဇ) Copier, Printer, Fax Spare နှင့် Computer ဆက်စပ်ပစ္စည်းများ
(ဈ) စက္ကူနှင့်စာရေးကိရိယာ(၅၂)မျိုး

၂။ **တင်ဒါပုံစံထုတ်ပေးမည့်ရက်** - ၁၀-၆-၂၀၁၃ရက်
၃။ **တင်ဒါပိတ်မည့်ရက်** - ၈-၇-၂၀၁၃ရက် အမှတ်စဉ်(က)၊ (ခ)၊ (ဂ)၊ (ဃ)၊ (င)
- ၁၅-၇-၂၀၁၃ရက် အမှတ်စဉ်(စ)၊(ဆ)၊(ဇ)၊(ဈ)

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ဖော်ပြပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်သည်။

ဝယ်ယူရောင်းချရေးဌာနခွဲ
အမှတ်(၂)သတ္တုတွင်းလုပ်ငန်း၊ သတ္တုတွင်းဝန်ကြီးဌာန
နေပြည်တော်၊ ဖုန်း-၀၆၇-၄၀၈၃၉၁

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

အထည်အလိပ်လုပ်ငန်းပိုင် ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ (၆)ရပ်ကွက်၊ သုခဝတီလမ်း၊ အမှတ်(၁)ရှိ ယခင် ရန်ကင်းအထည်ချုပ်စက်ရုံ အမှတ်(၂၇)၏ အဆောက်အအုံ(အဟောင်း) များအား ဖျက်သိမ်းဝယ်ယူရန်အတွက် ဈေးနှုန်းတင်သွင်းရန် ဖိတ်ခေါ်ပါသည်-

(က) **တင်ဒါရောင်းချမည့်ရက်** - ၁၀-၆-၂၀၁၃ ရက် ၉း၃၀ နာရီ
(ခ) **တင်ဒါပိတ်မည့်ရက်** - ၉-၇-၂၀၁၃ ရက် ၁၆း၀၀ နာရီ
(ဂ) **ဆက်သွယ်ရမည့်လိပ်စာ** - ရုံးအမှတ် (၃၇)၊ အထည်အလိပ်လုပ်ငန်း၊ စက်မှုဝန်ကြီးဌာန၊ နေပြည်တော်။

ဆက်သွယ်ရမည့်ဖုန်း-၀၆၇-၄၀၈၀၇၀၊ ၄၀၈၁၈၅၊ Fax-၀၆၇-၄၀၈၃၃၈
(အသေးစိတ်သိရှိလိုပါက ဖော်ပြပါဖုန်းနံပါတ်အတိုင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။)

အိတ်ဖွင့်လေလံခေါ်ယူခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဦးစီးဌာန၊ ဗဟိုဆေးသိုလှောင်ရေးဌာနဝင်းအတွင်းရှိ အဆောက်အအုံဟောင်းတစ်လုံးကို ဖျက်သိမ်းလိုပါသဖြင့် အိတ်ဖွင့်လေလံခေါ်ယူအပ်ပါသည်။

၂။ **အိတ်ဖွင့်လေလံတင်သွင်းရမည့်ရက်** - ၁၄-၆-၂၀၁၃ရက် (သောကြာနေ့)
အချိန်နှင့်နေရာ - ညနေ ၃နာရီ ဗဟိုဆေးသိုလှောင်ရေးဌာန

၃။ **အိတ်ဖွင့်လေလံဖွင့်မည့်ရက်နှင့်အချိန်** - ၂၁-၆-၂၀၁၃ရက် (သောကြာနေ့) ညနေ ၃နာရီ

၄။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၁-၃၇၁၂၈၄သို့ ရုံးချိန်အတွင်းဆက်သွယ်မေးမြန်းနိုင်ပါသည်။

လေလံစိစစ်ရွေးချယ်ရေးအဖွဲ့
ဗဟိုဆေးသိုလှောင်ရေးဌာန

နယ်စပ်ရေးရာဝန်ကြီးဌာန
နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရန် တောင်ပေါ်ဒေသ/မြေပြန့်ဒေသနှင့် ကမ်းရိုးတန်းဒေသများတွင် အသုံးပြုရန်အတွက် အောက်ဖော်ပြပါ ယာဉ်/ယန္တရားများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

(က) မြေတူးစက်များ (Excavator) 2010 Model အထက် ၂၀ စီး
(၁) HP (100 နှင့် 120 ကြား)
(၂) HP (130 နှင့် 150 ကြား)
(ခ) မြေထိုးစက်များ (Dozer) 2010 Model အထက် ၂၈ စီး
HP (85 နှင့် 100 ကြား)
(ဂ) မြေသယ်ယာဉ်များ (Dump Truck) 2010 Model အထက် ၈၀ စီး
ဟိုက်ဒြောလစ်ပါ ခြောက်ဘီးမြေသယ်ယာဉ် (၆တန်မှ ၁၂တန်)ကြား

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များအား ၁၉-၆-၂၀၁၃ရက် ၀၉း၃၀နာရီမှစတင်၍ ရုံးအမှတ် ၄၂၊ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲ၌ ရောင်းချမည်ဖြစ်ပြီး တင်ဒါများတင်သွင်းသည့်အခါ မိမိတင်သွင်းမည့် ယာဉ်/ယန္တရားများ၏ အသေးစိတ်အချက်အလက်များပါ ပူးတွဲတင်ပြရမည်။

၃။ အိတ်ဖွင့်တင်ဒါ ပုံစံလျှောက်လွှာပိတ်ရက်မှာ ၂၈-၆-၂၀၁၃ရက် ၁၆း၃၀နာရီဖြစ်ပါသည်။

၄။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ရုံးအမှတ်(၄၂)၊ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဖုန်း-၀၆၇-၄၀၉၁၈၆၊ ၀၆၇-၄၀၉၄၀၀ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးအဖွဲ့
နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ
ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
နယ်စပ်ရေးရာဝန်ကြီးဌာန
ရုံးအမှတ် ၄၂၊ နေပြည်တော်

ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း
လမ်းဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၁၆)
တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့။
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

အောက်ဖော်ပြပါ လမ်း/တံတားလုပ်ငန်းသုံးပစ္စည်းများကို သတ်မှတ်စံချိန်စံညွှန်းများဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

စဉ်	ပစ္စည်းအမျိုးအမည်	ထားဝယ်-ရေး လမ်းအပိုင်း	ထားဝယ်-မေတ္တာ လမ်းအပိုင်း
၁။	ဘိလပ်မြေ	၁၆၈ တန်	၅၄၀ တန်
၂။	သံချောင်းရှယ်စုံ	၁၅ တန်	၁၂၆ တန်
၃။	မြစ်ကျောက်စရစ်	-	၄၉၄ ကျင်း
၄။	မြစ်သဲ	၁၅၀ ကျင်း	၂၅၀ ကျင်း
၅။	သစ်ဆိုဒ်မျိုးစုံ	-	၁၀၃ တန်
၆။	လမ်းခင်းကျောက်ရှယ်စုံ	၄၉၄ ကျင်း	ရ၁၄၂ ကျင်း

တင်ဒါပုံစံစတင်ရောင်းချမည့်ရက် - ၇-၆-၂၀၁၃
နောက်ဆုံးတင်သွင်းရမည့်ရက် - ၂၁-၆-၂၀၁၃ ရက်၊ ညနေ ၄း၃၀နာရီ
တင်ဒါဖွင့်မည့်နေ့ - ၂၄-၆-၂၀၁၃ ရက်၊ နံနက် ၁၀း၀၀နာရီ
နေရာ - အမှတ်(၃၉၃)၊ လေယာဉ်ကွင်းလမ်း၊ လမ်းအထူးအဖွဲ့(၁၆)ရုံး၊ ထားဝယ်မြို့။

အသေးစိတ်သိလိုပါက ဖုန်း ၀၅၉-၂၃၈၆၀၊ ၀၅၉-၂၃၉၂၀သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။ လေလံစိစစ်ရေးကော်မတီ

အမည်ပြောင်း

ဦးအောင်သာလှ၏သမီး အလက(၇) စစ်တွေ ပဥ္စမတန်းမှ မမြင့်မြင့်စိုးအား မနေစန္ဒီလွင်ဟု ပြောင်းလဲခေါ်ပါရန်။

မနေစန္ဒီလွင်

အမည်ပြောင်း

ဦးညွန့်ဝင်း၏သား ပြည်တော်သာ အမက(၁၅) ပဥ္စမတန်းမှ မောင်ရန်ကျော်ဖြိုးအား မောင်ကျော်သီဟဟု ပြောင်းလဲခေါ်ပါရန်။

မောင်ကျော်သီဟ

အမည်ပြောင်း

ဦးအောင်မိုးထွန်း၏သား မိုးကောင်းမြို့နယ်၊ ပွင့်ဖြူ အမက၊ စတုတ္ထတန်းမှ မောင်ကျော်မြတ်ထွန်းဦးအား မောင်ဟိန်းထွန်းဇေယျာဟု ပြောင်းလဲခေါ်ပါရန်။

မောင်ဟိန်းထွန်းဇေယျာ

အမည်ပြောင်း

ဦးအောင်မိုးထွန်း၏သမီး မိုးကောင်းမြို့နယ်၊ ပွင့်ဖြူ အမက၊ သူငယ်တန်းမှ မချစ်စပယ်တင်အား မသိမ့်နဒီဆွေ ဟု ပြောင်းလဲခေါ်ပါရန်။

မသိမ့်နဒီဆွေ

အမည်ပြောင်း

ဟိုပင်မြို့၊ အနောက်အမက မူလွန်၊ ပထမတန်းမှ မောင်အောင်စိုးပိုင်အား မောင်မြတ်သူကျော်ဟု ပြောင်းလဲခေါ်ပါရန်။

မောင်မြတ်သူကျော်

အမည်ပြောင်း

ဦးလီရှုချင့်(ခ)ဦးကြည်ချင့်၏ သား မြစ်ကြီးနားမြို့၊ အလက(၃)၊ အဋ္ဌမတန်း (A)မှ မောင်ကောင်းထက်လင်းအား မောင်ကောင်းထက်ဟု ပြောင်းလဲခေါ်ပါရန်။

မောင်ကောင်းထက်

မြို့နယ်လုံးကျွတ်လျှပ်စစ်မီးရရှိရေး ကံပွင့်အမွှေးတိုင်လုပ်ငန်း ကူညီပေးမည်

ရေစကြို ဇွန် ၁၃

ပခုက္ကူခရိုင် ရေစကြိုမြို့နယ် မြို့ဝင်လမ်းမကြီးတစ်လျှောက် လျှပ်စစ်မီးလင်း၍ မြို့တော်သာယာလှပရေးအတွက် ကွန်ကရစ်ခါတ်တိုင် ၂၇ တိုင်နှင့်ဆိုဒီယမ်မီးသီးများတပ်ဆင်ခြင်းကို ဇွန် ၃ ရက်က စတင်ဆောင်ရွက်နေပြီး ဦးအောင်သန်း-သီရိသုဓမ္မသိင်္ဂီ ဒေါ်ခင်သန်းဦး(ကံပွင့်အမွှေးတိုင်လုပ်ငန်းမိသားစု)က ငွေကျပ် ၇၅ သိန်း အကုန်အကျခံ လှူဒါန်းခြင်းဖြစ်၍ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးမှူး ဦးခိုင်ထွန်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးတင့်ဆွေနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်ကြကြောင်းသိရသည်။ **(အပေါ်ယာပုံ)**

ထို့အပြင် ရေစကြိုမြို့နယ်အတွင်း ရှိလျှပ်စစ်မီးလိုအပ်လျက်ရှိသောကျေးရွာများ လျှပ်စစ်မီးလင်းရေးအတွက် ၁၁၅ ကေဗွီအေထရန်စဖော်မာများကို တစ်နှစ်လျှင်သုံးလုံး၊ ကျေးရွာတစ်ရွာလျှင် ထရန်စဖော်မာတစ်လုံးနှုန်းဖြင့် (ကံပွင့်အမွှေးတိုင်လုပ်ငန်း)က နှစ်စဉ် တစ်နှစ်သုံးလုံးနှုန်း လှူဒါန်းမည်ဖြစ်၍ ကျေးရွာသူကျေးရွာသားများကလည်း မိမိတို့ကျေးရွာလျှပ်စစ်မီးရရှိရန် လုပ်အားစိုက်ထုတ်ပါဝင်ကြရမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါ ထရန်စဖော်မာတစ်လုံးလျှင် ငွေကျပ်သိန်း ၈၀ ခန့် တန်ဖိုးရှိ၍ တစ်နှစ်လျှင်သိန်း ၂၅၀၀နီးကျင်အကုန်အကျခံလှူဒါန်းမည်ဖြစ်ကြောင်း ဦးအောင်သန်း(ကံပွင့်အမွှေးတိုင်လုပ်ငန်း)က ပြောကြားသည်။

အိမ့္မွန်ဆွေ(ရေစကြို)

သွေးလွန်တုပ်ကွေးကာကွယ်ရေး အသိပေးဆွေးနွေး

ပေါင်းတည် ဇွန် ၁၃

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပေါင်းတည်မြို့နယ် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေး အသိပညာပေးဆွေးနွေးပွဲကို ဇွန် ၁၀ ရက် နံနက် ၉ နာရီက မြို့နယ်ပြည်သူ့ဆေးရုံအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ဒုတိယဦးစီးမှူး ဦးဇေယျာစည်သူက အမှာစကားပြောကြားပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ ချိုချိုဝင်းက သွေးလွန်တုပ်ကွေးရောဂါအကြောင်းနှင့် မြို့နယ်ကျန်းမာရေးမှူး ဦးအေးကျော်က ကာကွယ်နှိမ်နင်းရေးအကြောင်းဆွေးနွေးပြီး ငှက်ဖျားအင်စပက်တော် ဦးမြင့်ဦးက ကာကွယ်ဆေးမှုတ်ခြင်းနှင့် ပိုးလောက်လမ်းသေ ဆေးခတ်ခြင်းအကြောင်းတို့ကို အသိပညာပေးဆွေးနွေးခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

တိုင်းရင်းဆေးသေတ္တာများ ကျေးရွာများသို့ပေးအပ်

ရှားတော ဇွန် ၁၃

လွိုင်ကော်ခရိုင် ရှားတောမြို့နယ်၌ ကျေးရွာအုပ်စုများသို့ အရေးပေါ်သုံး မြန်မာ့တိုင်းရင်းဆေးသေတ္တာပေးအပ်ပွဲကို ဇွန် ၁၀ ရက် နံနက် ၉ နာရီက ရှားတောမြို့နယ် အထွေထွေအုပ်ချုပ်ရေးခန်းမ၌ ကျင်းပခဲ့ရာ ပေးအပ်ပွဲသို့ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ဆက်လက်ပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဆွေက အမှာစကားပြောကြားပြီး လွိုင်ကော်ခရိုင် တိုင်းရင်းဆေးမှူး ဦးမြင့်သောင်းက အရေးပေါ်သုံး မြန်မာ့တိုင်းရင်းဆေးသေတ္တာဖြန့်ဝေပေးအပ်ရခြင်း ရည်ရွယ်ချက်နှင့် သုံးစွဲနည်းများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူးနှင့်တာဝန်ရှိသူများက ကျေးရွာအုပ်စု နှစ်စုတို့မှ ကျေးရွာ ၁၀ ရွာသို့ ဆေးသေတ္တာ ၁၀ လုံးကို လက်ဝယ်အရောက် ဖြန့်ဝေပေးအပ်ခဲ့ကြကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ပြည်တွင်းသတင်းနှင့်မှုခင်း

ကလေးငယ်ကို သွေးဆောင်ဖြားယောင်းခေါ်ဆောင်သူ ဆိုင်ကယ်ကယ်ရီသမားများက သတင်းပေး၍ ဖမ်းဆီးမိ

ကသာ ဇွန် ၁၃

ကသာမြို့နယ်၌ ဇွန် ၉ ရက်က မိဘအုပ်ထိန်းသူမသိဘဲ သွေးဆောင်ဖြားယောင်းပြီး ခေါ်ဆောင်သွားသူတစ်ဦး ဆိုင်ကယ်မောင်းသမားများ၏ ကူညီသတင်းပေးမှုကြောင့် ကသာရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

လွန်ခဲ့သော ရက်၂၀ခန့်က မိုးညှင်းမြို့နေ မမြနန္ဒာ(ခ)ရှမ်းမသည် မန္တလေးမြို့သို့ ရထားဖြင့် ခရီးသွားစဉ် ရွာထောင်ဘူတာအရောက်တွင် သားဖြစ်သူ မိုးဇင်ဦးကို ရေခပ်ခိုင်းခဲ့ရာမှ ပြန်ရောက်မလာသဖြင့် နီးစပ်ရာရဲစခန်းသို့ အကူအညီတောင်းခဲ့ပြီး နဘားဘူတာရဲစခန်းနှင့် ကသာဘူတာရဲစခန်းတို့၌ သားဖြစ်သူ၏ ဓာတ်ပုံကိုပြသ၍ ရှာဖွေရာ ကသာဘူတာမှ ဆိုင်ကယ်သမားများက ၎င်းကလေးကို လူတစ်ဦးကခေါ်သွားကြောင်းပြောသဖြင့် ရွှေကူမြို့သို့ လိုက်လာပြီး ရဲစခန်းတွင် ဓာတ်ပုံပြ ရှာဖွေရာမှ တွေ့ရှိခဲ့ကြောင်း၊ ထို့နောက် နဘားဘူတာတွင် သတင်းပေးချက်အရ ရဲတပ်ဖွဲ့များ၏ ကူညီမှုဖြင့် သားဖြစ်သူမိုးဇင်ဦးကို ပြန်လည်တွေ့ရှိရသဖြင့် မေးမြန်းကြည့်ရာ အမည်မသိသူ လူတစ်ဦးက ခေါ်သွားကြောင်း၊ ထိုသူမှာ ကသာဘူတာတွင် ကျန်ရစ်ခဲ့ကြောင်း သားဖြစ်သူက ပြောပြ၍ လိုက်လံပြသရာ သားကိုခေါ်ဆောင်သွားသူမှာ အောင်အောင်ဆိုသူဖြစ်ကြောင်း သိရှိရသည်။

သို့ဖြစ်ပါ၍ မိဘအုပ်ထိန်းသူမသိဘဲ သွေးဆောင်ဖြားယောင်းခေါ်ဆောင်သူ အောင်အောင်အား အရေးယူပေးပါရန် မမြနန္ဒာ(ခ) ရှမ်းမ မိုးညှင်းမြို့နယ်နေသူက အမှုဖွင့်တိုင်တန်းခဲ့သဖြင့် အောင်အောင် (၃၅နှစ်) နေပြည်တော် လယ်ဝေးမြို့နေသူကို ကသာရဲစခန်းက အမှုဖွင့်စစ်ဆေးဆောင်ရွက်နေကြောင်း သိရသည်။

ငွေအိုး(ကသာ)

သစ်ပင်စိုက်လျှင် တို့ဝန်းကျင် စိမ်းစိုလှပ ကြည်နူးရ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပညာရေးဝန်ကြီးဌာန
အဆင့်မြင့်ပညာဦးစီးဌာန(အထက်မြန်မာပြည်)
မုံရွာတက္ကသိုလ်
တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မုံရွာတက္ကသိုလ်တွင် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွက် အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

စဉ်	လုပ်ငန်းတည်နေရာ	စဉ်	လုပ်ငန်းအမည်
၁။	မုံရွာတက္ကသိုလ်	၁။	ဘွဲ့နှင်းသဘင်အဆောက်အအုံဆောက်လုပ်ခြင်း R.C (ရေ/မီးအပါအဝင်)
		၂။	(၃)ထပ်စာသင်ဆောင်(၅)လုံးဆောက်လုပ်ခြင်း R.C (ရေ/မီးအပါအဝင်)

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်းများကို ၁၄-၆-၂၀၁၃ရက်မှစတင်၍ ရောင်းချမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါများကို ၁၅-၇-၂၀၁၃ရက် ၁၆:၃၀နာရီနောက်ဆုံးထား၍ တင်သွင်းရမည်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါတင်သွင်းလိုသူသည် မိမိတင်သွင်းလိုသည့်လုပ်ငန်းအတွက် သတ်မှတ်တင်ဒါအာမခံကြေးကို မုံရွာတက္ကသိုလ်၊ ဘဏ္ဍာဌာနတွင် ငွေပေးသွင်းပြီး ငွေသွင်းပြေစာမိတ္တူကို သတ်မှတ်အိတ်ဖွင့်တင်ဒါပုံစံနှင့်အတူ ပူးတွဲ၍ တင်သွင်းရမည်။ လုပ်ငန်းတစ်ခုထက်ပိုမို၍ တင်ဒါတင်သွင်းလိုပါက မိမိတင်သွင်းလိုသည့်လုပ်ငန်းတစ်ခုချင်းအတွက် သတ်မှတ်တင်ဒါအာမခံကြေးကို ပေးသွင်းပြီး သတ်မှတ်အိတ်ဖွင့်တင်ဒါပုံစံတစ်ခုချင်း တင်သွင်းရမည် ဖြစ်ပါသည်။

၄။ အိတ်ဖွင့်တင်ဒါပုံစံရောင်းချမည့်လိပ်စာနှင့် အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်လိပ်စာမှာ မုံရွာတက္ကသိုလ်၊ မုံရွာမြို့ဖြစ်ပါသည်။

၅။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၇၁-၂၁၂၆၁ ဘဏ္ဍာဌာနကို ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးအဖွဲ့
မုံရွာတက္ကသိုလ်

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ချင်းပြည်နယ်၊ မင်းတပ်ခရိုင်၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုနှင့်ပြည်နယ် ရန်ပုံငွေတို့ဖြင့် ဆောင်ရွက်မည့် အောက်ဖော်ပြပါလုပ်ငန်းများဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

စဉ်	မြို့နယ်	လုပ်ငန်းအမည်
၁။	မင်းတပ်၊ မတူပီ၊ ရေဇွာ၊ ကန်ပလက်	ကျဉ်းမြောင်းသောနေရာများ၊ မျက်ကွယ်ကွေ့နေရာများတွင် အကျယ် ၃၄ ပေ အထိရောက်အောင် လမ်းတာချဲ့ခြင်း။
၂။	မတူပီ၊ ပလက်ဝ	မတူပီ-ပလက်ဝလမ်း မိုင်(၂၄/၀-၁၂၆/၀)အတွင်း ၁၄ ပေ အကျယ် တစ်ကြောင်းထိုးလမ်း ဖောက်လုပ်ခြင်း။

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့်စည်းကမ်းချက်များကို ၁၄-၆-၂၀၁၃ရက်မှ ၂၉-၆-၂၀၁၃ရက်အထိ ရုံးချိန်အတွင်း ရောင်းချသွားမည်ဖြစ်ပြီး ၃၀-၆-၂၀၁၃ရက်တွင် အိတ်ဖွင့်တင်ဒါ ဖွင့်ဖောက်ကြေညာခြင်းအား ဆောင်ရွက်သွားပါမည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံစည်းကမ်းချက်များနှင့် သတင်းအချက်အလက်များကို အောက်ဖော်ပြပါဌာနတွင် စုံစမ်းနိုင်ပြီး ၁၄-၆-၂၀၁၃ရက်မှစ၍ လျှောက်လွှာတစ်စောင်လျှင် ငွေကျပ် ၁၀၀၀၀ (ကျပ်တစ်သောင်း)နှုန်းဖြင့် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

လျှောက်လွှာဝယ်ယူမည့်နေရာ- အင်ဂျင်နီယာမှူးရုံး
ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း
မင်းတပ်ခရိုင်၊ မင်းတပ်မြို့၊ ဖုန်း-၀၇၀-၇၀၃၀၈၊ ၀၇၀-၇၀၃၀၉

အမည်ပြောင်း

ဦးထွန်းထွန်းဦး၏သား အထက(၁)ဒဂုံ ပထမတန်း(C)မှ မောင်ဒေးဗစ်ဇော်လိုင်ထွန်းအား မောင်ဒေးဗစ်ထွန်းထိပ်ဦးဟု ပြောင်းလဲခေါ်ပါရန်။

မောင်ဒေးဗစ်ထွန်းထိပ်ဦး

အမည်ပြောင်း

အထက(၅) မင်္ဂလာဒုံမြို့နယ် အဋ္ဌမတန်း(B)တွင်ပညာသင်ကြားနေသော ဦးစိုးသိန်းဦး ၁၂/အစန(နိုင်)၀၆၇၆၅၅၏သား မောင်ဖြိုးကိုကိုအား မောင်ထက်ပိုင်စိုးဟု ပြောင်းလဲခေါ်ပါရန်။

မောင်ထက်ပိုင်စိုး

အမည်ပြောင်း

အထက(၁) ဒဂုံမြို့သစ်(အရှေ့ပိုင်း) နဝမတန်း(D)မှ ဦးမောင်ကျော်သိန်း၏သား မောင်သန်းအောင်ထွန်းအား ယနေ့မှစ၍ မောင်သူရဇော်ဟု ပြောင်းလဲခေါ်ပါရန်။

မောင်သူရဇော်

ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ အင်းတော်မြို့၊ အထက၊ တက္ကသိုလ်ဝင်တန်း၊ သိပ္ပံတွဲ(အေ)မှ မခိုင်မာဦး၏ ဖခင်အမည်မှန်မှာ ဦးအောင်မြင့်သန်း ၅/ဗမန(နိုင်) ၀၂၃၆၀၂ ဖြစ်ပါကြောင်း။

အမည်ပြောင်း

ဦးဇော်ဝင်း၏သားများဖြစ်သော စစ်ကိုင်းတိုင်းဒေသကြီး၊ ဗန်းမောက်မြို့၊ အထက၊ ဆဋ္ဌမတန်းမှ မောင်ဉာဏ်မင်းကိုအား မောင်ဉာဏ်လင်းအောင်ဟု လည်းကောင်း၊ တတိယတန်းမှ မောင်ဟန်မင်းကိုအား မောင်ဟန်မင်းထက်ဟု ပြောင်းလဲခေါ်ပါရန်။

ဦးမောင်လှ(သီရိသုဓမ္မမဏိဇောတဓရ)၊ ဒေါ်ရွှေစိန်(သုဓမ္မသိင်္ဂီ)
မိသားစုတို့အား ကျေးဇူးဥပကာရ အထူးတင်ရှိခြင်း

မော်လမြိုင်ကျွန်းမြို့၊ ၁၄လမ်းနေ မိဘမေတ္တာဆန်စက် နန္ဒဝန်ဆန်စက်ပိုင်ရှင်များဖြစ်ကြသော ဦးမောင်လှ(သီရိသုဓမ္မမဏိဇောတဓရ)၊ ဒေါ်ရွှေစိန်(သုဓမ္မသိင်္ဂီ) မိသားစုတို့က ဦးမောင်လှ၏ အသက်(၉၀)ပြည့် မွေးနေ့အထိမ်းအမှတ်အဖြစ် မော်လမြိုင်ကျွန်းမြို့၊ ပဋ္ဌိမာရုံစာသင်တိုက်၏ ပညာရေးလုပ်ငန်း၊ ကျန်းမာရေးလုပ်ငန်း၊ ပရဟိတလုပ်ငန်းများ ပိုမိုကျယ်ပြန့်စွာ ဆောင်ရွက်နိုင်ရန်အလို့ငှာ ကျပ်သိန်း ၃၂၀ တန်ဖိုးရှိ လယ်အကွက် ၄၀ (၅၃·၃၃ဧက)တို့ကို ၅-၆-၂၀၁၃ရက်က ဘဒ္ဒန္တစိန္တိတာလင်္ကာရ (အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ နိုင်ငံတော်သံဃမဟာနာယက)၊ ဘဒ္ဒန္တအဂ္ဂဝံသ (မြို့နယ်သံဃနာယကဥက္ကဋ္ဌ) အမှူးပြုသော သံဃာတော်များ ရှေ့မှောက်တွင် ရေစက်သွန်းချ အာလယပြတ် စွန့်လွှတ်လှူဒါန်းခဲ့ရာ ပဋ္ဌိမာရုံစာသင်တိုက် အကျိုးဆောင်အဖွဲ့မှ ကျေးဇူးဥပကာရအထူးတင်ရှိပါကြောင်း မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါသည်။

၎င်းနေ့က ဘုရားကြီးတိုက်သာသနာ့ရိပ်သာအတွက် လယ် ၂၅ကွက်၊ ကမ်းနာကျောင်းစာသင်တိုက်အတွက် အကွက် ၂၀၊ မင်္ဂလာရာမပါဠိတက္ကသိုလ်(ရန်ကုန်)အတွက် အကွက် ၂၀ တို့ကိုလည်း တစ်ပါတည်းလှူဒါန်းပါသည်။

အကျိုးဆောင်အဖွဲ့

အုတ်ဖိုမြို့နယ်အသင်း(ရန်ကုန်)

အုတ်ဖိုမြို့နယ်အသင်း(ရန်ကုန်)၏ နှစ်(၄၀)ပြည့်အထိမ်းအမှတ် ရတနာမြေမဂ္ဂဇင်းကို ထုတ်ဝေမည်ဖြစ်ပါ၍ သုတရသ ကဗျာ၊ ဆောင်းပါး၊ ဝတ္ထုတို၊ ဝတ္ထုရှည်စာမူများကို ၃၀-၈-၂၀၁၃ရက်နောက်ဆုံးထား၍ အောက်ဖော်ပြပါလိပ်စာအတိုင်း ဆက်သွယ်ပေးပို့ကြပါရန် လေးစားစွာ ဖိတ်ခေါ်အပ်ပါသည်။

ပေးပို့ရန်လိပ်စာ - အမှတ် ၅၅ L၊ ရန်ကုန်-အင်းစိန်လမ်းမကြီး၊ (၁၃)ရပ်ကွက်၊ လှိုင်မြို့နယ်။

ဆက်သွယ်ရန် - ဦးမြင့်ဆွေ ဖုန်း-၀၉-၄၂၁၀၈၇၆၈၀၊ ဦးချစ်နိုင် ဖုန်း-၀၉-၄၂၃၆၇၆၁၁၁၊ ဦးအေးဝင်း ဖုန်း-၀၉-၇၃၀၅၉၇၆၄၊ ဦးဝင်းမြင့် ဖုန်း-၀၉-၅၁၄၉၀၅၄၊ ဦးခင်မောင်တင့် ဖုန်း-၀၉-၇၃၀၉၃၅၈၂၊ ဒေါ်ခင်ဝင်းကြည် ဖုန်း-၀၉-၄၂၇၇၂၈၂၃၃

ရတနာမြေမဂ္ဂဇင်းဖြစ်မြောက်ရေးကော်မတီ

သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မော်ဘီမြို့နယ်၊ အင်းထန်ကျေးရွာနေ ဦးတင်မြိုင်၊ ဒေါ်သန်းမြင့်တို့၏သမီး မအေးအေးခိုင် ၁၂/မဘန(နိုင်)၀၇၄၂၈၉ သည် မိဘ၏သွန်သင်ဆုံးမမှုကို နာခံခြင်းမရှိဘဲ မိသားစု၏ ဂုဏ်သိက္ခာကျဆင်းအောင် အကြိမ်ကြိမ်ပြုလုပ်ခဲ့ပြီး မိမိသဘောဆန္ဒအလျောက်ပြုမူသွားပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှအမွေပြတ် စွန့်လွှတ်လိုက်သည်။

ဖခင်-ဦးတင်မြိုင်
၁၂/မဘန(နိုင်)၀၃၈၉၂၆
မိခင်-ဒေါ်သန်းမြင့်
၁၂/မဘန(နိုင်)၀၀၉၉၇၆

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ပုလဲမြို့၊ အကွက်အမှတ်(၂)နေ (ဦးမျိုးချစ်)-ဒေါ်သန်းနွဲ့ ၅/ပလန(နိုင်)၀၀၂၈၆၉တို့၏သား မောင်ထွန်းတေဇ ၅/ပလန(နိုင်)၀၀၀၉၂၄ သည် မိသားစုကို အမျိုးမျိုးစိတ်ဆင်းရဲအောင်ပြုလုပ်သည့်အတွက် အမွေခံသားဆိုးအဖြစ်သတ်မှတ်ပြီး သားအဖြစ်မှ တရားဝင်အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်၍ နောက်နောင်တွင် အမွေကိစ္စသော်လည်းကောင်း၊ အခြားသောပြဿနာများနှင့်သော်လည်းကောင်း မိခင်နှင့်တကွ ကျန်ရှိမိသားစုနှင့် လုံးဝ(လုံးဝ)မပတ်သက်တော့ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မိခင်-ဒေါ်သန်းနွဲ့ ၅/ပလန(နိုင်)၀၀၂၈၆၉
အေးချမ်းညိမ့်စတိုး၊ ပုလဲမြို့

ကန့်ကွက်နိုင်ပါကြောင်း

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၅၄/သမိုင်း၊ မြေကွက်အမှတ် ၇/ခ၊ မြေကွက်တည်နေရာအမှတ် ၅၉/B၊ ဦးလွန်းမောင်လမ်း၊ (၇)မိုင်၊ မရမ်းကုန်းမြို့နယ် ဒေါ်မေသန်းနွယ်၊ ဒေါ်ခင်ဆွေဝင်း၊ ဒေါ်နီလာ အမည်ပေါက် ဘီ၊ မြေပိုင်မြေ၊ အိမ်ရာမြေ မြေအား အမည်ပေါက်များကိုယ်တိုင်မှ မေတ္တာဖြင့် အပိုင်ပေးစာချုပ် ၃၉၅၅/၉၆ (၁-၁-၉၇)တင်ပြ၍ အရောင်းအဝယ်စာချုပ်ချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

ကျတ်ဂူအရောက် ကားလမ်းပေါက်တော့မည်

လွိုင်ကော် ဇွန် ၁၃

ကယားပြည်နယ် လွိုင်ကော်မြို့နယ်တွင် ထင်ရှားသော ကျတ်ဂူအမည်ရှိ သဘာဝလိုဏ်ဂူကြီးသို့ အပန်းဖြေ လေ့လာရေးခရီးသွားရောက်ကြသော ပြည်တွင်းပြည်ပ ခရီးသွားများ သွားလာရေးအဆင်ပြေချောမွေ့စေရန် လွိုင်ကော်-ရှားတော မော်တော်ကားလမ်းမှ ကျတ်ဂူရှိရာ တောင်ခြေအရောက် မော်တော်ကားလမ်း ဖောက်ရန် ပြည်နယ်အစိုးရအဖွဲ့က စီမံဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။

ကျတ်ဂူသည် လွိုင်ကော်မြို့၏ အရှေ့ဘက် ကိုးမိုင်ခန့်အကွာ လွိုင်ကော်-ရှားတော မော်တော်ကားလမ်းဘေး တောင်တန်းတွင် တည်ရှိပြီး လွိုင်ကော်-ရှားတောမော်တော်ကားလမ်းမှ သုံးဖာလုံခန့်ကွာဝေးရာ အဆိုပါသုံးဖာလုံခရီးကို မော်တော်ကားလမ်းဖောက်လုပ်မည်ဖြစ်သည်။ ထို့အပြင် ခရီးသွားများ အေးဆေးသက်သာစွာ နားနေနိုင်ရန် နားနေဆောင်ဇရပ်များလည်း ဆောက်လုပ်ပေးမည်ဖြစ်သည်။

အဆိုပါလုပ်ငန်းကို အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက်ဇွန် ၉ရက်က ပြည်နယ်ဝန်ကြီးချုပ်ဦးခင်မောင်ဦး(ခ) ဦးဘူးရယ်နှင့်ပြည်နယ်ဝန်ကြီးများ ကျတ်ဂူသို့ကွင်းဆင်းလေ့လာမှုပြုလုပ်ခဲ့ပြီး ဇွန် ၁၁ ရက်က လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးချစ်လှနှင့်လူမှုရေးဝန်ကြီး ဦးကိုးရယ်တို့ထပ်မံကွင်းဆင်းကာ အသေးစိတ်လေ့လာမှု ပြုခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ကျတ်ဂူ၏ ဂူပေါက်ဝကို တွေ့ရစဉ်။

ကျတ်ဂူသည် တောင်ထိပ်တွင် အပေါက်ဝရှိပြီး အလွန်ကျယ်ဝန်းကာ ရှည်လျားလှသဖြင့်အစမှအဆုံးအထိ ရောက်ဖူးသူမရှိသေးချေ။ လွန်ခဲ့သောနှစ်အတန်ကြာက အင်္ဂလိပ်လူမျိုး မစ္စတာ နေပီယံ ဆိုသူသည် ခရီးနှစ်မိုင်အထိဝင်သွားပြီး ခရီးမဆုံးသဖြင့် ပြန်ထွက်လာခဲ့ရကာ အမေရိကန်သံရုံးမှ သံအရာရှိတစ်ဦးလည်း ခရီးငါးဖာလုံခန့် ရောက်အောင် သွားခဲ့ဖူးကြောင်း မှတ်တမ်းများအရ သိရသည်။ အဆိုပါကျတ်ဂူအတွင်း၌ အလွန်ရှေးကျသော လက်ရာဖြင့် ကျွန်းသစ်လုံးကြီးများကို အလွန်ပါးလွှာစွာ ထွင်းထုထားသော နွားစာကျင်းသဏ္ဌာန်သို့မဟုတ် လှေခွက်သဏ္ဌာန် အခေါင်းကြီးများကို မည်သည့်ခေတ်၊ မည်သည့်အခါက မည်သို့သော ပုဂ္ဂိုလ်များက မည်သည့်အသုံးအဆောင်ပစ္စည်းအဖြစ် အသုံးပြုကာ ဤနေရာတွင် ထားရစ်ခဲ့ကြသည်ကို တွေးတောကာ မသိရှိနိုင်ကြသည်မှာ ကျတ်ဂူ၏ ထူးဆန်းအံ့သြဖွယ်ရာတစ်ခုဖြစ်သည်။ ရိုးရိုးလူသားများ၏ အသုံးအဆောင်မဟုတ်ဘဲ ပရလောကသားများ၏ အသုံးအဆောင်ဖြစ်သည်ဟု ပြောဆိုကြသူများပင်ရှိသည်။

ယခင်က ကျတ်ဂူသို့သွားရောက်လေ့လာလိုသူများ ရှိသော်လည်း လုံခြုံရေးအခြေအနေအရ သွားလာရန်အခက်အခဲရှိခဲ့ပြီး ယခုအခါ ကယားပြည်နယ်တွင် လုံခြုံရေးစိတ်ချရပြီဖြစ်သည့်အပြင် လမ်းပန်းဆက်သွယ်ရေးလည်း ကောင်းမွန်တော့မည်ဖြစ်၍ လွိုင်ကော်မြို့မှ ကျတ်ဂူသို့ နာရီဝက်ခရီးသည် အပန်းဖြေ လေ့လာသူများဖြင့် စည်ကားတော့မည်မှာ မုချဖြစ်ပေသည်။ **ကြီးမြင့်နိုင်(လွိုင်ကော်)**

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ဆရာ ဆရာမများ အရည်အသွေးမြင့်မားရေး သင်တန်းဖွင့်

စစ်ကိုင်း ဇွန် ၁၃

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ဇွန် ၁၂ရက် နံနက် ၈နာရီက အသစ်ခန့်ထားသည့် ဆရာ ဆရာမများ အရည်အသွေးမြင့်မားရေး သင်တန်းဖွင့်ပွဲအခမ်းအနား ကျင်းပရာ နိုင်ငံတော်၏ ပြုပြင်ပြောင်းလဲမှုများနှင့်အညီ အမျိုးသားပညာရည်မြင့်မားရေးအတွက် ဆရာများ အရည်အသွေးသည် အရေးပါပြီး ဆရာများသည် မိမိအလုပ်ကို တန်ဖိုးထားကာ ကြိုးပမ်းအားထုတ်နေကြရမည်ဖြစ်ကြောင်း၊ တပည့်များ၏ စံပြပုဂ္ဂိုလ်များဖြစ်သည်နှင့်အညီ ဆရာ့ဂုဏ်ရည်ကို ထိန်းသိမ်းမြှင့်တင်သွားကြရန် လိုအပ်ကြောင်း၊ ဝန်ထမ်းကျင့်ဝတ်၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ နေထိုင်ပြီး ဘာသာရပ်ကို ကျွမ်းကျင်ပိုင်နိုင်စွာ သင်ကြားပို့ချနိုင်သော ဆရာကောင်းများအဖြစ် တက္ကသိုလ်၏လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပါဝင်ဆောင်ရွက်နိုင်စေရန် ကြိုးစားအားထုတ်ကြရမည်ဖြစ်ကြောင်း ပါမောက္ခချုပ် ဦးစိုးတင့်က ပြောကြားခဲ့သည်။

ဒုတိယပါမောက္ခချုပ်(သင်ကြားရေး) ဒေါက်တာချိုချိုမာကလည်း သင်တန်းအစီအစဉ်နှင့် ဌာနအလိုက် ဆက်လက်ဆောင်ရွက်ရမည့်လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြခဲ့ပြီး နယ်စပ်ရေးရာဝန်ကြီးဌာန၏ ခွင့်ပြုချက်အရ တက္ကသိုလ်သင်ကြားရေးဌာနများ၌ လိုအပ်လျက်ရှိသော ရာထူးနေရာများအတွက် ပညာအရည်အချင်းနှင့်ကိုက်ညီသူ ပြင်ပမှ မဟာဘွဲ့ရဆရာ ဆရာမ ၁၅ ဦး အသစ်ခန့်ထားခဲ့ပြီး အရည်အသွေးမြင့်မားရေးသင်တန်းကို ဇွန် ၁၀ ရက်မှ ၂၈ ရက်အထိ သင်ကြားပို့ချပေးမည်ဖြစ်ကြောင်းသိရသည်။ **(မန်းကိုယ်ပွား)**

ညနေပိုင်း ထမင်း/ဟင်းချက်ချိန်၊ မီးသတိပေးနှိုးဆော်ချက်

(က) ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအား ထမင်းနှင့်ဟင်းချက်ပြုတ်ခြင်းမပြုရန်။
(ခ) မီးဖိုအားသုံးစွဲပြီးပါက မီးကြွင်းမီးကျန်များ ငြိမ်းသတ်ထားရန်။
(ဂ) မီးသည်သုံးတတ်လျှင်မိတ်ဆွေ၊မသုံးတတ်လျှင်ရန်သူဖြစ်၍ ပေါ့ဆမှုမဖြစ်စေဘဲ အထူးသတိပြုသုံးစွဲရန်။ မီးသတ်ဦးစီးဌာန

ရွှေတိဂုံစေတီတော် နယုန်လပြည့်နေ့
မဟာသမယနေ့အခမ်းအနားကျင်းပမည်

လေးဆူဓာတ်ပုံရွှေတိဂုံစေတီတော်မြတ်ကြီး၌ (၁၂)လ ရာသီပွဲတော်များအနက် ၂၃-၆-၂၀၁၃ ရက်တွင်ကျရောက်သော နယုန်လပြည့်နေ့ (မဟာသမယ) နေ့ထူးနေ့မြတ်၌ ဂေါပကအဖွဲ့ဝင်များ၊ ဝန်ထမ်းများ၊ ဘာသာရေးအသင်းအဖွဲ့များစုပေါင်းပြီး မဟာသမယနေ့အခမ်းအနားကို စည်ကားသိုက်မြိုက်စွာကျင်းပပြုလုပ်ပါမည်။ အဆိုပါနေ့ထူးနေ့မြတ်၌ ရွှေတိဂုံစေတီတော် ဩဝါဒါစရိယ ဆရာတော်ကြီးများအား အရဏ်ဆွမ်းဆက်ကပ်လှူဒါန်းခြင်း၊ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခြင်းနှင့် (မဟာသမယ)နေ့ဆိုင်ရာ သိမှတ်ဖွယ်ရာ တရားတော်များနာကြားပြီး ရေစက်သွန်းချ အမျှပေးဝေရန်စီစဉ်ထားရှိကြောင်း၊ ရဟန်းရှင်လူ ပြည်သူအများ ပါဝင်လှူဒါန်း ကုသိုလ်ပြုနိုင်ကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့

နှင်းဆီကုန်းဘိုးဘွားရိပ်သာကြီး
အမှတ်စဉ်(၁၁) အခြေခံသူနာပြုစုခြင်းနှင့် သက်ကြီးရွယ်အိုပြုစုစောင့်ရှောက်မှု (၆)လ သင်တန်းဖွင့်မည်။
(Basic Nursing and Old Age Care Training Course)

နှင်းဆီကုန်းဘိုးဘွားရိပ်သာကြီးရှိ ဘိုးဘွားလူနာများအား ပြုစုရာတွင် အထောက်အကူပြုရန်ဖွင့်လှစ်သော သင်တန်းဖြစ်သည်။ အနည်းဆုံး (၉)တန်းအောင် ကျား၊ မ အသက်(၁၈)နှစ်မှ (၃၀) အတွင်း အကျင့်စာရိတ္တကောင်းမွန်ကြောင်း ထောက်ခံချက်နှင့်အတူ ၂၈-၆-၂၀၁၃ရက်နောက်ဆုံးထားလျှောက်ထားရမည်။ လျှောက်လွှာပုံစံကို ရိပ်သာကြီး ဘိုးဘွားဆေးရုံတွင် ရယူနိုင်ပါသည်။ နေထိုင်စားသောက်ရေးကို စီစဉ်ပေးမည်။ ၁၁-၇-၂၀၁၃ရက် သင်တန်းစဖွင့်မည်။ **(ကန့်သတ် ၂၀ ဦးသာ)**

ဖုန်း-၅၄၆၁၉၆(လိုင်းခွဲ) ၄၁၈ထံ ဆက်သွယ်ရန်

ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးဇော်ဝင်းနိုင် (ဘ) ဦးသောင်းမြင့် ၁၂/မဘန(နိုင်)၀၀၂၀၄၁၈၏ Passport ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက ဆက်သွယ်အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၅၀၁၂၅၄၃**

လိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းမှ ၂၀၁၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ခြောက်ဘာသာဂုဏ်ထူးရှင် ၁၁ ဦး၊ ငါးဘာသာဂုဏ်ထူးရှင် ၁၆ ဦး၊ လေးဘာသာဂုဏ်ထူးရှင် ၃၃ ဦး၊ သုံးဘာသာဂုဏ်ထူးရှင် ၂၉ ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ၃၅ ဦးနှင့် တစ်ဘာသာဂုဏ်ထူးရှင် ၄၄ ဦး၊ သိပ္ပံဘာသာတွဲတွင် အောင်ချက်ရာခိုင်နှုန်း ၉၁ ဒသမ ၄ ရာခိုင်နှုန်း၊ ဝိပ္ပံဘာသာတွဲတွင် အောင်ချက်ရာခိုင်နှုန်း ၇၁ဒသမ ၄၃ရာခိုင်နှုန်း တစ်ကျောင်းလုံးစုစုပေါင်း အောင်ချက်ရာခိုင်နှုန်း ၈၉ဒသမ ၁၇ရာခိုင်နှုန်းဖြင့် အောင်ချက်မြင့်မားအောင် စွမ်းဆောင်ပေးနိုင်သည့် ကျောင်းအုပ်ဆရာမကြီး ဒေါ်မေလှရီနှင့်တကွ ဆရာ၊ ဆရာမများ အဘက်ဘက်မှပံ့ပိုးကူညီပေးကြသည့် ကျောင်းသား၊ ကျောင်းသူ မိဘပြည်သူများအား အထက(၂) ကမာရွတ်မှ မိဘဆရာအသင်းနှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့များအနေဖြင့် အထူးဝမ်းမြောက်စွာဖြင့် ဂုဏ်ပြုအပ်ပါသည်။

မိဘဆရာအသင်း၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့
အထက(၂)ကမာရွတ်

ဦးသန့်ဂုဏ်ပြုစာကြည့်တိုက်
ပန်းတနော်မြို့

ဧရာဝတီတိုင်းဒေသကြီး၊ ပန်းတနော်မြို့ဇာတိ၊ ကမ္ဘာ့ကုလသမဂ္ဂ(အတွင်းရေးမှူးချုပ်ဟောင်း) ဦးသန့်အား ဂုဏ်ပြုအမှတ်တရအနေဖြင့် ပန်းတနော်မြို့နယ်အသင်း(ရန်ကုန်)မှ ဦးဆောင်၍ ဆရာကြီး၏တပည့်ဟောင်းများ၊ စေတနာရှင်များနှင့် မြို့နယ်သူ နယ်သားများက ပေ၇၀×ပေ၄၀ သုံးထပ်စာကြည့်တိုက်အဆောက်အအုံနှင့် ကိုယ်တစ်ပိုင်းရုပ်တုအား ထုလုပ်နေရာကြေးရုပ်မှာပြီးစီးနေပြီး အဆောက်အအုံမှာ ၇၀ရာခိုင်နှုန်းခန့်ပြီးစီးနေပြီဖြစ်သော်လည်း ယခုလက်ရှိရန်ပုံငွေမှာ နည်းပါးလာပြီဖြစ်ပါ၍ လုပ်ငန်းအမြန်ပြီးစီးနိုင်ရန် ဆရာကြီးဦးသန့်အား လေးစားကြည်ညိုသူများနှင့် တပည့်များ စေတနာရှင် နယ်သူ နယ်သားများမှ ရန်ပုံငွေ ထပ်မံလှူဒါန်းနိုင်ကြပါရန် ဖိတ်ခေါ်နှိုးဆော်အပ်ပါသည်။ (စေတနာရှင်များအနေဖြင့် အောက်ပါကျောင်းသားဟောင်းနှင့် အသင်းလူကြီးများထံ လှူဒါန်းနိုင်ပါသည်။)

မြတောင်ဆရာတော် ဘဒ္ဒန္တဦးကုမာရ	ဖုန်း-၀၄၆-၃၀၃၄၇
ဦးကြူပွင့်	ဖုန်း-၀၉-၅၁၁၃၅၂၆၁
ဦးစိန်လှိုင်	ဖုန်း-၀၉-၇၃၁၂၀၆၇၃
ဦးသိန်းအောင်	ဖုန်း-၀၉-၄၃၀၆၂၈၉
ဦးဝင်းမောင်	ဖုန်း-၀၁-၅၄၄၂၀၀

အမှုဆောင်အဖွဲ့
ပန်းတနော်မြို့နယ်အသင်း(ရန်ကုန်)

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ရွှေချီရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၃/ချမ်းအေးအရှေ့၊ ဦးပိုင်အမှတ် ၅၃ ^ဆ^၊ ဧရိယာ ၀ဒသမ ၀၃၁ဧကရှိ ဦးပေါ်-မပု အမည်ဖြင့်ပိုင်ဆိုင်သော ဘိုးဘပိုင်မြေကွက်အား ဒေါ်ခင်ပြုံး(အထွေထွေကိုယ်စားလှယ်လွှဲစာရရှိသူ) ၅/ဝလန(နိုင်)၀၀၅၁၁၄ (ဘ) ဦးဘငွေကပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံရာဇဝင်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ စိတ်ချမ်းသာ

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂/ကံဘဲ့၊ မြေကွက်အမှတ် ၆၆/ခ၊ မြေကွက်တည်နေရာအမှတ်၆၊ ဇမ္ဗူရာဇ်လမ်း ဒေါ်ရင်မြိုင်အမည်ပေါက် L.(သက်ကုန်)(၂၃-၆-၄၉)ထိ မြေအား အမည်ပေါက် ဒေါ်ရင်မြိုင် ကွယ်လွန်သဖြင့် ပိုင်ဆိုင်ကြောင်းစာချုပ် ၂၁၅၀/၉၇ / ၁၅-၅-၉၇ ဖြင့် ဒေါ်ခင်မြနွယ်မှ ပိုင်ဆိုင်ခဲ့ပြီး ဒေါ်ခင်မြနွယ်နှင့် ၎င်း၏ခင်ပွန်း ဦးသန်းစိန် ကွယ်လွန်သဖြင့် ဒေါ်ယုယုစိန် ၁၂/ရကန(နိုင်)၀၄၈၉၂၂က တစ်ဦးတည်းသောသမီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကျော်ငြိမ်း . . . ငါ့ညီ
မင်းငယ်ပါသေးတယ် . . . ဟဲဟဲဟဲ

ဦးနု-ဦးကျော်ငြိမ်း တိုက်ပွဲအတွင်း
(ဗမာ့ခေတ်မိုးကြိုးရေးဆောင်းပါးများ)

မိုးကြိုးဦးအုန်းခင်

ထွက်ပြီ

နှစ်ဖက်မြင်စာအုပ်တိုက်
ဖုန်း ၀၉၅၀၅၀၆၄၁

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ ကန်လမ်း၊ ကန်ရိပ်မွန်ကွန်ဒို၊ အခန်းအမှတ်(၄၀၃)၊ ၄-လွှာ၊ အကျယ်အဝန်း(၁၁၈၇ စတုရန်းပေ)ခန့်ရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့ကို တရားဝင်လက်ဝယ်ထားပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဦးသိန်းစိုး(၁၄/ဖပန(နိုင်)၀၉၁၇၂၄)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်း ဝယ်ယူရန် စရန်ငွေတစ်ချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား (မူရင်း)များဖြင့် ကျွန်ုပ်တို့ထံလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

တရားလွှတ်တော်ရှေ့နေများ		အထက်တန်းရှေ့နေများ	
ဦးဝင်းဖေ (စဉ်-၆၂၃၄)	ဒေါ်မေရည်စိုးဦး	ဒေါ်ခိုင်ဇင်ဦး	ဒေါ်ခိုင်ခိုင်စန်း
B.A,LL.B, B.C.S,B.J.S	LL.B, D.B.L	LL.B,D.B.L	LL.B,D.B.L

စိုးစံ(လင်း) အိမ်၊ ခြံ၊ မြေ အကျိုးဆောင်ကုမ္ပဏီ
အမှတ်(ဂ၀)၊ ပထမထပ်၊ အင်းစိန်လမ်း၊ စံရိပ်ငြိမ်မှတ်တိုင်၊ ကမာရွတ်မြို့နယ်
☎ - 510760, 510940, 510950, 500643, 502517, 2304311

နယ်သတင်းနှင့် ကြော်ငြာ

မြစ်သား ရွှေတောင်(၈) ချည်မျှင်ရှည်ဝါမျိုးသန့် စံပြစိုက်ခင်း နည်းပညာပေး

မြစ်သား ဇွန် ၁၃

မြစ်သားမြို့နယ် စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန ဝါနှင့်ပိုးချည်ပညာပေးရေးနှင့် နည်းပညာဖွံ့ဖြိုးရေးဌာနခွဲမှ ဝါစိုက်တောင်သူများကို ရွှေတောင်(၈)ချည်မျှင်ရှည်ဝါ မျိုးသန့်စံပြစိုက်ခင်း နည်းပညာပေးသရုပ်ပြပွဲကို ဇွန် ၅ရက် နံနက် ၉ နာရီက ထနောင်းကုန်းကျေးရွာ တောင်သူ ဦးချစ်ထွေးပိုင် ကွင်းအမှတ်(၅၀၇)၊ ဦးပိုင်အမှတ်(၆၉) မြေကေလေးကေပေါ်တွင် စိုက်ပျိုးထားသော ရွှေတောင်(၈)ချည်မျှင်ရှည်ဝါစိုက်ခင်း၌ ကျင်းပသည်။

ရေ၊ မြေ၊ ရာသီဥတုနှင့်ကိုက်ညီပြီး အထွက်နှုန်းကောင်း၍ ဝင်ငွေပိုမိုရရှိနိုင်သည့် ဝါမျိုးများ စိုက်ပျိုးရန် တိုင်းဒေသကြီးအစိုးရအစီအစဉ်ဖြင့် ဝါစိုက်တောင်သူများကို ဝါစိုက်ပျိုးစရိတ်ထုတ်ပေးမည်ဖြစ်ကြောင်း၊ လယ်ယာဖွံ့ဖြိုးရေးဘဏ်မှာလည်း ဝါစိုက်ပျိုးစရိတ်များထုတ်ပေးမည်ဖြစ်သဖြင့် ဝါစိုက်တောင်သူများအနေဖြင့် ကြိုးစားပြီး စိုက်ပျိုးကြရန် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမိုးဦးကလည်းကောင်း၊ ကျောက်ဆည်ခရိုင် စက်မှုသီးနှံဖွံ့ဖြိုးမှုဦးစီးဌာန ခရိုင်လက်ထောက်ညွှန်ကြားရေးမှူး ဦးလင်းမြတ်က ငွေချည်(၆) ဝါမျိုးနှင့် ရွှေတောင်(၈)ချည်မျှင်ရှည်ဝါမျိုး၏အားနည်းချက်၊ အားသာချက်များကိုလည်းကောင်း၊ မြို့နယ်ဦးစီးအရာရှိ ဒေါ်စန္ဒာလင်းက ဝါစိုက်ပျိုးနည်းGAPစနစ်ဖြင့် အထွက်တိုးနှုန်းတိုးတက်ရရှိရေးနှင့် ရွှေတောင်(၈)ဝါမျိုးအကြောင်းများ ရှင်းလင်းပြောကြားပြီး ဒုတိယဦးစီးမှူး ဦးဝင်းကိုက ရွှေတောင်(၈)ဝါမျိုး၏ အပင်တည်ဆောက်ပုံနှင့် သွင်ပြင်လက္ခဏာများကို ဟောပြောရာ တက်ရောက်လာကြသောဝါစိုက်တောင်သူများက မေးမြန်းမှုများကို ပြန်လည်ဖြေကြားခဲ့သည်။

ရွှေတောင်(၈)ချည်မျှင်ရှည်ဝါကို ရွှေတောင် ဝါပိုးချည်ပညာပေးရေးဌာနနှင့် နည်းပညာဖွံ့ဖြိုးရေးဌာန မျိုးသန့်ခြံမှ သုတေသနပြုလုပ်စမ်းသပ်ထုတ်လုပ်သောဝါဖြစ်ပြီး ငွေချည်(၆) ချည်မျှင်ရှည်ဝါမျိုးထက် စုပ်စားပိုးဒဏ် ပိုမိုခံနိုင်ရည်ရှိပြီး ဝါထွက်နှုန်းမှာ ချည်မျှင်(၆)ဝါမျိုးနှင့် တစ်တန်းတည်းထွက်ရှိသဖြင့် ဆေးဖျန်းရမှုသက်သာပြီး ကုန်ကျစရိတ်လည်း သက်သာကာ ဌာနမျိုးသန့်ခြံများမှ ဖြန့်ဖြူးရောင်းချပေးသွားမည်ဖြစ်သည်။ မြစ်သားမြို့နယ် ဝါနှင့်ပိုးချည်ပညာပေးရေးနှင့်နည်းပညာဖွံ့ဖြိုးရေးဌာနခွဲအနေဖြင့် မြို့နယ်အတွင်း ၂၀၁၃-၂၀၁၄ ခုနှစ် မိုးကြိုချည်မျှင်ရှည်ဝါစိုက်ပျိုးရာသီတွင် ၄၉၅၉ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး ရွှေတောင်(၈) ချည်မျှင်ရှည်ဝါ ၁၀ဧက စမ်းသပ်စိုက်ပျိုးထားလျက်ရှိသည်။ မိုး၊ မိုးနှောင်းတွင် ဧက ၆၇၅၀ စိုက်ပျိုးနိုင်ရန် ရည်ရွယ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(အောက်ပုံ)**

(ထွန်းထွန်းနိုင်)

ယင်းမာပင်မြို့နယ်၌ မူလတန်းကျောင်း အဆင့်တိုးမြှင့်ဖွင့်လှစ်

ယင်းမာပင် ဇွန် ၁၃

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင် ယင်းမာပင်မြို့နယ် မြို့ပေါ်ကျေးရွာတွင် အခြေခံပညာမူလတန်းကျောင်း အဆင့် တိုးမြှင့်ဖွင့်လှစ်ပွဲကို ဇွန် ၁ရက် နံနက် ၇ နာရီက အဆိုပါကျောင်းရှေ့၌ကျင်းပရာ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးစောမြင့်ဦး၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးသောင်းဟန်နှင့် ကျောင်းအကျိုးဆောင် ဦးသိန်းဇော်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ကျောင်းဆိုင်းဘုတ်ကို တိုင်းဒေသကြီး လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးသောင်းစိန်က စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

ထို့နောက် ဦးသောင်းစိန်နှင့် တာဝန်ရှိသူများက ကျောင်းဆောင်သစ်ဆောက်လုပ်ရန်အတွက် စုပေါင်းပန္နက်တင်ကြပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။

ထောက်ပံ့ပေးအပ်

ဆက်လက်ပြီး ကျောင်းအဆင့်တိုးမြှင့် ဖွင့်ပွဲအခမ်းအနားကျင်းပရာ ဦးသောင်းစိန်က အမှာစကားပြောကြားပြီး ကျောင်းဆောင်သစ်ဆောက်လုပ်ရန် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ထောက်ပံ့သော ဘိလပ်မြေအိတ် ၅၀ ကို ဦးသောင်းစိန်ကလည်းကောင်း၊ အလှူရှင် ဦးဆွေနှင့်ဇနီး ဒေါ်ကြည်အေးမိသားစုက ငွေကျပ် ၁၈၃၇၃၅၀ ကိုလည်းကောင်း၊ အလှူရှင်များ စုပေါင်းလှူဒါန်းငွေကျပ် ၁၃ သိန်းကို ကျေးရွာအုပ်ချုပ်ရေးမှူး ဦးအောင်စိုးထိုက်ကလည်းကောင်း အသီးသီး ထောက်ပံ့ပေးအပ်ကြသည်။

ထို့နောက် ကျောင်းသား ကျောင်းသူများအတွက် ကျောင်းဝတ်စုံ၊ ဗလာစာအုပ်များနှင့် ပုံနှိပ်စာအုပ်များကို တာဝန်ရှိသူများက အသီးသီး ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

ကွမ်းလုံမြို့နယ်၌ သာသနာ့နုဂ္ဂဟအသင်းဝင်ကတ်ပေးအပ်

ကွမ်းလုံ ဇွန် ၁၃

ဗုဒ္ဓဘာသာကိုသက်ဝင်ယုံကြည်ပြီး ဗုဒ္ဓအဆုံးအမခံယူသူ တိုင်းရင်းသား ၄၀၇ ဦးအား သာသနာ့နုဂ္ဂဟအသင်းဝင်ကတ်ပေးအပ်ခြင်းကို ဇွန် ၆ ရက်က ကွမ်းလုံမြို့ တုံကျက်ကျေးရွာအုပ်စုတွင် ကျင်းပသည်။

သာသနာရေးဝန်ကြီးဌာန သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနနှင့် စေတနာရှင်အလှူရှင်များက လှူဒါန်းသော ဘုရားဆင်းတုတော်အဆူ ၂၀၀၊ စိပ်ပုတီးကုံး ၂၀၀နှင့် အဝတ်အစားငါးထုပ်ကို ကွမ်းလုံမြို့ တောင်တန်းသာသနာပြုဗဟိုကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဉာဏိကနှင့် သာသနာပြုဆရာတော်များ၊ ခရိုင်သာသနာရေးမှူး ဦးနေဝင်း၊ မြို့နယ်သာသနာရေးမှူး ဦးကျော်မျိုးအောင်၊ မြို့နယ်သာသနာ့နုဂ္ဂဟအသင်းဥက္ကဋ္ဌ ဦးကျော်သန်းထွန်းနှင့်အဖွဲ့ဝင်များက ပေးအပ်ရာ တုံကျက်ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးလောက်ဟိုင်က လက်ခံယူသည်။

ကွမ်းလုံမြို့နယ်အတွင်းရှိ ဟိုလီကျေးရွာအုပ်စု၊ နမ့်ဟူးကျေးရွာအုပ်စုနှင့် စံပြကျေးရွာအုပ်စုများရှိ ဗုဒ္ဓအဆုံးအမခံယူသူ တိုင်းရင်းသားများအား သာသနာ့နုဂ္ဂဟအသင်းဝင်ကတ်၊ ဗုဒ္ဓရုပ်ပွားဆင်းတုတော်များနှင့် အခြားပစ္စည်းများကို ဆက်လက်ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

သံလွင်ဦး(IPRD)

ကလေးနာမည်ပေး
ကွန်ပျူတာပုရောဟိတ်
တိုစက္ကူဓာတာစစ်ပြီးဟောစာတမ်း(၃၄)မျက်နှာ
ကလေးနာမည်(၁၅၀)ကျော် 0931079394
095179128 0931300995
၂၂၀(ပ)ထပ်၃၇လမ်း(ထက်)ရန်ကုန်

ဝင်းသစ်မွေး 09-5117226
သစ်မွေး နံ့သာနီ၊ကျွန်း၊ ပိတောက်၊ နံ့သာဖြူ လျှော်ဖြူ ပျဉ်းကတိုး၊ မျိုးစေ့နှင့် ပျိုးပင် လိုသလောက်ရပြီ။ 501812

BILLBOARD ADVERTISING
21 AD
PATHEIN
MAWLAMYINE
LARSHIO
YANGON
YANGON - MANDALAY - HIWAY - ROAD
ပုသိမ် မော်လမြိုင် လားရှိုး ရန်ကုန်
ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး
တို့တွင် Billboard ကြော်ငြာများတပ်ဆင်နိုင်ပါသည်။
09 430 21002

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အမှတ် (၈)ရပ်ကွက်၊ မဟာဆိုရှယ်လမ်း၊ အမှတ် ၃၁ဟုခေါ်တွင်သည့် မြေကွက်တွင် ဆောက်လုပ်ထားရှိသော နှစ်ခန်းတွဲခုနစ်ထပ်တိုက်မှ အခန်းအမှတ် (A-၃)၊ သုံးလွှာဝဲဘက်တိုက်ခန်းနှင့် ယင်းတိုက်ခန်းနှင့်ဆက်စပ်ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ရှိပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသည်ဟု အဆိုပြုပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟုဆိုသူ ဒေါ်အေးသီတာ ၇/ပတန(နိုင်)၀၀၁၁၇၅ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဇနီးမောင်နှံဖြစ်သော ဦးလှထွေး ၁၂/မဘန(နိုင်)၀၉၈၅၉၁-ဒေါ်ခင်မာချို ၁၁/ဂမန(နိုင်)၀၁၄၇၈၈ တို့က အဆိုပါတိုက်ခန်းအား အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ယင်းတိုက်ခန်းနှင့်စပ်လျဉ်း၍ အကျိုးသက်ဆိုင်ခွင့်ရှိသူများသည် ယခုကြေညာသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။ သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးပြတ်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ဦးလှထွေး-ဒေါ်ခင်မာချိုတို့၏ လွှဲအပ်ညွှန်ကြားချက်အရ-

ဦးအောင်မြင့်
H.G.P, LL.B,D.B.L, D.M.L, D.I.L, D.Apsy (Advocate)
တရားလွှတ်တော်ရှေ့နေ (စဉ်-၄၁၄၇/၈၇)
အမှတ် ၂၁၃၊ မဟာဗောဂ ၁လမ်း၊ (၃)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဒုပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)

ပုဗ္ဗသီရိမြို့နယ်တရားရုံး

၂၀၁၃ခုနှစ် တရားမကြီးမှုအမှတ်-၇၀

ဦးစိုးတင့်	**နှင့်**	၁။ ဒေါ်နုစိန် ၅။ မဇင်ဇင်သင်း ၂။ ဦးကျော်လှိုင် ၆။ မသီသီလှိုင် ၃။ မဇင်ဇင်ဝင်း ၇။ မမီမီထက် ၄။ မဇင်ဇင်လင်း ကမ်းနားရပ်ကွက်၊ ကျည်တောင်ကန်အုပ်စု၊ ပုဗ္ဗသီရိမြို့နယ်။
တရားလို		**တရားပြိုင်များ**

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ ကျည်တောင်ကန်အုပ်စု၊ ကမ်းနားရပ်ကွက်နေ မဇင်ဇင်ဝင်း (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုဦးစိုးတင့်က အမွေပုံပစ္စည်းစီမံခန့်ခွဲပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးတော် အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၃ခုနှစ် ဇွန် ၂၀ရက် (၁၃၇၅ခုနှစ် နယုန်လဆန်း ၁၂ရက်) မွန်းမတည့်မီ၁၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့်စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာသွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၃ခုနှစ် ဇွန် ၆ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ပေးလိုက်သည်။

(ဝတ်မှုန်)

တွဲဖက်မြို့နယ်တရားသူကြီး(၂)၊ ပုဗ္ဗသီရိမြို့နယ်တရားရုံး

ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၇၊ လူနေရပ်ကွက်အမှတ်-FMI City (ပဒေသာပင်မြို့တော်)၊ မြေကွက်အမှတ်(Fontana Lot-17)၊ မြေအကျယ်အဝန်း(၉၃၆၀)စတုရန်းပေခန့်ရှိမြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ မိုးဦးဝါဆိုလမ်း၊ အိမ်အမှတ်(FG-17)ဟုခေါ်တွင်သော နှစ်ထပ်တိုက်အဆောက်အအုံအပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်ကို တရားဝင်အမည်ပေါက်သူ FMI Garden Development Ltd.ထံမှ စာချုပ်စာတမ်းဖြင့်ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်နန်းရွှေစိန် ၉/မရမ(နိုင်)၀၇၉၄၅၄ ထံမှ ကျွန်ုပ်၏ မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကိုပေးချေပြီးဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်း ခိုင်မာသောတရားဝင်ပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ - ဒေါ်မာလာဆွေ

တရားလွှတ်တော်ရှေ့နေ(စဉ်-၆၄၆၆)

LL.B.,H.G.P.,D.B.L.,D.M.L.,D.I.L.,D.A.Psy.

အမှတ်-၁၁၊ ဦးဘဟန်လမ်း၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။ဖုန်း-၀၉-၅၁၂၇၈၂၈

ကန့်ကွက်နိုင်ကြောင်း အများသိရှိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ အောင်ဇေယျလမ်း၊ အမှတ် ၅/၄၀ဟုခေါ်တွင်သော မြေတိုင်းရပ်ကွက်အမှတ် ၅၊ မြေကွက်အမှတ် ၄၀၊ မြေဧရိယာ ၅၅ပေ × ၂၆ပေ အကျယ်အဝန်းရှိမြေကွက်နှင့် မြေကွက်ပေါ်ရှိအဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အမည်ပေါက်ပိုင်ဆိုင်သူထံမှ အစဉ်အဆက်စာချုပ်များဖြင့် လက်ဝယ်ရရှိပိုင်ဆိုင်ထားသူ ဦးသန်းဦးနိုင် ၁၂/မဂဒ(နိုင်)၀၀၆၆၈၇က ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသည့်အတွက် အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေက စရန်ငွေပေးအပ်ထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါမြေကွက်နှင့်အဆောက်အအုံအား အရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်လိုပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ တရားဝင်စာရွက်စာတမ်းအထောက်အထား ခိုင်လုံစွာယူဆောင်ပြီး လာရောက်တွေ့ဆုံနိုင်ကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ခြင်းမရှိပါက အရောင်းအဝယ်ပြုလုပ်ခြင်းကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိရှိစေရန် အသိပေးအကြောင်းကြားအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်အေးအေးရီ LL.B	**ဒေါ်လှလှခိုင် LL.B**
တရားရုံးချုပ်ရှေ့နေ (၄၃၇၃)	**တရားရုံးချုပ်ရှေ့နေ (၅၄၁၀)**

အမှတ် ၉/၁၁၊ အခန်းအမှတ် ၂၀၁A (ဒုတိယထပ်)၊ ၃၆လမ်း(အောက်ဆုံး)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်အုန်းမြ(ဘ)ဦးရွှေဖောင် ၈/မကန(နိုင်)၀၀၈၈၆၉၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ (၄)ရပ်ကွက်၊ ကွင်းအမှတ် ၃၆၊ မြေကွက်အမှတ် ၆၉၊ အကျယ်ပေ (၆၀×၆၀)ရှိ မြေကွက်အား ကွယ်လွန်သူ ဦးလှသန်းအမည်ပေါက်ချထားပေးခဲ့၍ ပိုင်ဆိုင်ခဲ့သဖြင့် ကွယ်လွန်သူ၏ တစ်ဦးတည်းသောဇနီး ဒေါ်အုန်းမြ ၈/မကန(နိုင်)၀၀၈၈၆၉က လင်မယားနှစ်ဦးပိုင် ပိုင်းမြေကွက်ဖြစ်သည့်အတွက် အမွေဆက်ခံပိုင်ဆိုင်ခွင့်ရှိသည့်မြေဖြစ်ကြောင်း ကြေညာပါသည်။ အဆိုပါမြေနှင့်ပတ်သက်၍ အကျိုးခံစားခွင့်အရပ်ရပ်အား ကန့်ကွက်ရန်ရှိပါက စာချုပ်စာတမ်းနှင့် ပိုင်ဆိုင်မှုအထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ ဤကြေညာသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက အထက်ဖော်ပြပါမြေကွက်နှင့်ပတ်သက်၍ အကျိုးခံစားခွင့်အရပ်ရပ်အတွက် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးအောင်ဘုန်းမြင့်ကြည် LL.B
အထက်တန်းရှေ့နေ (စဉ်-၂၆၂၀၇)
အမှတ် ၉၀၅၊ မြင်းကင်းလမ်းနှင့် (၁၂)လမ်းထောင့်၊ အောင်မေတ္တာ(က)ရပ်၊ မကွေးမြို့၊
ဖုန်း-၀၉-၅၃၄၁၅၄၃၊ ၆၃၂၉၃၉

သင်ဒါတွေ ဖြစ်နေပါသလား....?
ရက်ရှည်ပျား၊ CD_4 ကျ၊ မကွရ၊ ရေယုံပေါက်၊ အနာစက်ထွက်၊ အိပ်မပျော်၊ အစားပျက်/ ဝမ်းပျက်၊ **TB ချောင်းဆိုး၊** ငှက်ဖျားနှင့် **HIV ပိုး တွေ့နေလျှင်** ရင်သား၊ သားအိမ်၊ အစာအိမ်ကင်ဆာ၊ သွေးကင်ဆာ၊ ပါးစပ်/လျှာကင်ဆာ၊ **ဆီးကျိတ်ရောင်၊ ရေပျဉ်းစွဲ၊ အသည်းရောဂါ၊**
B^+ပိုး၊ C^+ပိုးတွေ့ရှိနေလျှင်၊ **ခရုသင်း၊** တင်းတိပ်၊ ပုံ့ခြောက်၊ **အသီးတိုး၊** အဝလွန်၊ **ဆီးချို၊** သွေးတိုး၊ နှလုံးလေငန်းနှင့် **ဗိုမအားနည်းရောဂါ**ဖြစ်နေလျှင်
ဂန္ဓီရသုခဆေးတိုက်
ဃ/၂၈၉၊ သေမှာသီလမ်းမ (ဝေပုလ္လ)အနီး၊ ၀/ဥက္ကလာ၊ ရန်ကုန်။
01-691492 - 09-5010196
(နယ်မှငွေကြိုပို့ပါက ဆေးအိမ်အရောက်ပို့သည်။)

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၊ မြေကွက်အမှတ် ၇၅၇၊ ဧရိယာစတုရန်းပေ ၂၄၀၀၊ နှစ် ၆၀ဂရန်ရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ် ၇၅၇ ဣန္ဒာ-၉လမ်း၊ (၄)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်ဟုခေါ်တွင်သော အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ရောက်တရားဝင်အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်မေသက်နွယ် ၁၂/တမန(နိုင်)၀၈၈၄၅၀ထံမှ ကျွန်ုပ်မိတ်ဆွေသည် လက်ရောက်ဝယ်ယူပိုင်ဆိုင်ရန် ရောင်းဖိုးငွေအနက်မှ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ရာ ကန့်ကွက်လိုပါက ကြော်ငြာပါခုနစ်ရက်အတွင်း ခိုင်လုံသောသက်သေခံစာရွက်စာတမ်းများနှင့်တကွ လာရောက်ပြသကန့်ကွက်နိုင်ပါကြောင်း ကန့်ကွက်ရက်ကျော်လွန်ပါက အရောင်းအဝယ်အပြီးအပိုင် စာချုပ်ချုပ်ဆိုပြီး ငွေအပြေအကျေပေးချေသွားမည်ဖြစ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်မြတ်မြတ်စိုး
တရားလွှတ်တော်ရှေ့နေ (စဉ်-၇၄၆၇)
အကျိုးတူကုမ္ပဏီလီမိတက်
အမှတ် ၇၁/၃၁၊ ဌာနာလမ်း၊ ဌာနာရပ်ကွက်၊ အလုံမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၄၉၃၀၅၅၀၃၊ ၀၉-၇၃၀၄၃၁၅၂

ကြော်ငြာ

ဝမ်းနည်းကြေကွဲခြင်း

ဦးကျော်ဝင်းမောင်

အသက်(၉၃)နှစ်

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး-ဒေါ်နီနီတို့၏ဖခင် ဦးကျော်ဝင်းမောင် အသက်(၉၃)နှစ်သည် ၇-၆-၂၀၁၃ရက်(သောကြာနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

Tokyo Pipe & Excel Hotel Group မိသားစု

ဝမ်းနည်းကြေကွဲခြင်း

ဦးကျော်ဝင်းမောင်

အသက်(၉၃)နှစ်

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး-ဒေါ်နီနီတို့၏ဖခင် ဦးကျော်ဝင်းမောင် အသက်(၉၃)နှစ်သည် ၇-၆-၂၀၁၃ရက်(သောကြာနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

မာဃ ကုန်ထုတ်လုပ်မှုကုမ္ပဏီလီမိတက် မိသားစုများ

ဝမ်းနည်းကြေကွဲခြင်း

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်-ဒေါ်မြင့်မြင့်သန်းတို့၏ဖခင် ဦးကျော်အုန်း(မုံရွာ)သည် ၁-၆-၂၀၁၃ရက် (စနေနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးလှမော်ဦး-ဒေါ်တိုးတိုး
ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

ဝမ်းနည်းကြေကွဲခြင်း

ဦးကျော်အုန်း (မုံရွာ)

အသက်(၈၄)နှစ်

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်-ဒေါ်မြင့်မြင့်သန်းတို့၏ဖခင် ဦးကျော်အုန်းသည် ၁-၆-၂၀၁၃ရက် (စနေနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

Tokyo Pipe & Excel Hotel Group မိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း

သူငယ်ချင်း ဦးညီညီကြိုင် [81 B.Sc.(Geol), R.A.S.U]-ဒေါ်တင်မာလာတို့၏ဖခင် ဦးအုန်းကြိုင်(တွံတေး) နိုင်ငံခြားရေးဝန်ကြီးဌာန(ငြိမ်း)သည် ၈-၆-၂၀၁၃ရက် (စနေနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

1981 B.Sc (Geol) RASU
ကျောင်းသားဟောင်းများ

ဝမ်းနည်းကြေကွဲခြင်း

ဗိုလ်မှူးသိန်းဆွေ

(ညွှန်ကြားရေးမှူး၊ ငြိမ်း)

အသက်(၅၆)နှစ်

ဗိုလ်ကြီးသီသီဝင်း(ငြိမ်း)၏ ချစ်လှစွာသောခင်ပွန်း ဗိုလ်မှူးသိန်းဆွေ (ညွှန်ကြားရေးမှူး၊ ငြိမ်း) အသက်(၅၆)နှစ်သည် ၁၁-၆-၂၀၁၃ရက် မွန်းလွဲ ၃း၀၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဝန်ထမ်းမိသားစု
စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန
မန္တလေးတိုင်းဒေသကြီး

ဝမ်းနည်းကြေကွဲခြင်း

ဦးလှထွန်းဦး

အမှုဆောင်အင်ဂျင်နီယာ(ခ) (တူးဖော်ရေး)

M.O.G.E

အသက်(၄၅)နှစ်

ဦးလှထွန်းဦး အမှုဆောင်အင်ဂျင်နီယာ(ခ)(တူးဖော်ရေး)သည် ၈-၆-၂၀၁၃ရက် နံနက် ၅း၁၅နာရီတွင် ရန်ကုန်မြို့ အာရှတော်ဝင်အထူးကုဆေးရုံ၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

Managing Director နှင့် ဝန်ထမ်းများ
Machinery & Solutions Co., Ltd.

သတိပေး နှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ်စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်ကိုမေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက်ပိုမိုစီးနင်းခြင်း မပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ဆိုင်ကယ်များ စီးနင်းခြင်းမပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေး နှိုးဆော်အပ်ပါသည်။

နေပြည်တော်ယာဉ်စည်းကမ်း
ထိန်းသိမ်းရေး
ကြီးကြပ်မှုကော်မတီ

ဒေါ်စန်းမြင့်

လ/ထညွှန်ကြားရေးမှူး(ငြိမ်း)

ပဲခူးတိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံး

အသက်(၇၃)နှစ်

ပဲခူးမြို့နေ(ဦးမောင်ဝါး-ဒေါ်ကျင်မြိုင်)တို့၏သမီး၊ ဦးကောက်-ဒေါ်မြင့်မြင့်တို့၏ညီမ၊ အမှတ် ၉၃၊ သွန်းဘုရား ၁၀လမ်း၊ ပဲခူးမြို့နေ ဒေါ်အုန်းမြင့်၊ ဒေါ်တင်တင်လှိုင်၊ (ဦးထွန်းထွန်း)-ဒေါ်အေးအေးတင့်တို့၏အစ်မကြီး၊ တူ၊ တူမ ၁၂ ယောက်တို့၏ကြီးတော်သည် ၁၁-၆-၂၀၁၃ရက် ည ၉း၂၀နာရီတွင် အာရှတော်ဝင်ဆေးရုံ ရန်ကုန်မြို့၌ ကွယ်လွန်သွားပါ၍ ၁၂-၆-၂၀၁၃ရက် မွန်းလွဲ ၂ တွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၁၇-၆-၂၀၁၃ရက် နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါ ပဲခူးနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်စန်းမြင့်

လ/ထညွှန်ကြားရေးမှူး(ငြိမ်း)

ပဲခူးတိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံး

အသက်(၇၃)နှစ်

ဒေါ်စန်းမြင့် (လ/ထညွှန်ကြားရေးမှူး၊ ငြိမ်း၊ ပဲခူးတိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံး) သည် ၁၁-၆-၂၀၁၃ရက် ည ၉း၂၀နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဒေါ်ခင်ခင်မျိုး၊ ဒေါ်သိန်းသိန်းဦး
မွန်ပြည်နယ်စာရင်းစစ်ချုပ်ရုံး

ဝမ်းနည်းကြေကွဲခြင်း

ဗိုလ်မှူးမိုက်ကယ်မြအောင် (တပ်မတော်-လေ)(ငြိမ်း) (D.S.A-10)သည် ၁၁-၆-၂၀၁၃ရက် (အင်္ဂါနေ့)တွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ကျောင်းဆင်းသူငယ်ချင်းများ
D.S.A-9

ဝမ်းနည်းကြေကွဲခြင်း

ဗိုလ်မှူးမိုက်ကယ်မြအောင်

(တပ်မတော်-လေ) (ငြိမ်း)

(စတသ-၁၀)

အသက်(၆၈)နှစ်

ဗိုလ်မှူးမိုက်ကယ်မြအောင်(ငြိမ်း) (D.S.A-10) သည် ၁၁-၆-၂၀၁၃ရက်က ကွယ်လွန်သွားကြောင်းသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

စစ်တက္ကသိုလ်(၁၈)မှ ညီငယ်တပည့်များ

အထူးဝမ်းနည်းကြေကွဲခြင်း

ဦးရွှေဦး (Producer)

အသက်(၄၈)နှစ်

ဇီဝိတဒါန သံဃာ့ဆေးရုံ၊ သီလရှင်ဆေးရုံ တာဝန်ခံဆရာဝန် ဒေါက်တာမေသင်းဆွေ၏ခင်ပွန်း ဦးရွှေဦး (Producer Sky Net-up to Date Channel) သည် ၁၁-၆-၂၀၁၃ရက် နံနက် ၉း၄၅နာရီတွင် မန္တလေးမြို့၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဦးခင်မောင်ဌေး-ဒေါ်နွဲ့နွဲ့ မိသားစု
ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

ယာယီတပ်ရင်းမှူး ဗိုလ်မှူးဇော်နိုင်မြင့်(ခ)ဝဏ္ဏမြင့်

(ကြည်း-၃၀၃၈၇)

စစ်တက္ကသိုလ်အမှတ်စဉ်(၄၀)ဗိုလ်လောင်းသင်တန်း

အသက်(၃၇)နှစ်

ထားဝယ်မြို့၊ ကျောက်မော်ရပ်၊ မြိတ်လမ်း၊ အမှတ် ၈၁နေ ဦးဘမြင့်-ဒေါ်ချစ်ပိုတို့၏သား၊ ဦးသီဟမြင့်၊ ဒေါ်စန္ဒာမြင့်(သတ္တဗေဒဌာန၊ ထားဝယ်တက္ကသိုလ်)၊ ဦးကျော်မင်း-ဒေါ်သီတာမြင့်၊ ဒေါ်သူဇာမြင့်(ရုက္ခဗေဒဌာန၊ ထားဝယ်တက္ကသိုလ်)၊ ဒေါ်ဥမ္မာမြင့်(ခရိုင်စာရင်းစစ်ရုံး၊ ထားဝယ်မြို့)၊ ဒေါ်သန္တာမြင့်(မြင့်ရွှေပြည်)တို့၏ ဦး/မောင်၊ မသော်တာဦး(YUFL)၊ မညိမ်းပွင့်လှိုင်(စီးပွားရေးတက္ကသိုလ်)တို့၏ ဦးလေးသည် ၁၀-၆-၂၀၁၃ရက် (တနင်္လာနေ့) နံနက် ၈နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၆-၂၀၁၃ရက်(အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် မြိတ်မြို့ အမှတ်(၅)တပ်မတော်ဆေးရုံ (ခုတင်-၁၀၀)မှ ကလွင်သုသာန်သို့ တပ်မတော်ထုံးတမ်းအစဉ်အလာနှင့်အညီ သင်္ဂြိုဟ်ပြီးဖြစ်ပါ၍ ရပ်ဝေးရပ်နီးမှ မိတ်ဆွေသင်္ဂဟများအား အကြောင်းကြားသိစေအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း

မောင်ဖြိုးမင်းဦး

အသက်(၃၀)

လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်သန်းဦး-ဒေါ်သန်းသန်းအေးတို့၏သား မောင်ဖြိုးမင်းဦးသည် ၆-၆-၂၀၁၃ရက် (ကြာသပတေးနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

Tokyo Pipe & Excel Hotel Group မိသားစု

ဦးကျင်စိန်

အသက်(၈၆)နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ လှည်းတန်းလမ်း၊ အမှတ် ၁၀၆၊ ပထမထပ်(ဝဲ)နေ ဒေါ်အုန်းကြည်၏ခင်ပွန်း၊ ဦးအောင်မြင့်-ဒေါ်သန်းသန်းဝင်း၊ ဦးစိုးမြင့်-ဒေါ်အေးအေးခိုင်တို့၏ဖခင်၊ မြေးလေးယောက်တို့၏အဘိုးသည် ၁၂-၆-၂၀၁၃ရက် နံနက်၁၁း၃၀နာရီတွင်နေအိမ်၌ ကွယ်လွန်သွားပါ၍ ၁၆-၆-၂၀၁၃ရက် နံနက် ၁၁နာရီတွင်ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း

ဟာဂျီ ဦးဆူလ်တန်

(ယူနီယံ အိမ်ဆောက်ပစ္စည်း ရောင်းဝယ်ရေး)

အသက်(၇၆)နှစ်

ရန်ကုန်မြို့၊ပန်းဘဲတန်းမြို့နယ်၊အမှတ် ၂၂၃၊ ဗိုလ်ဆွန်ပက်လမ်းနေ ဟာဂျီမ ဒေါ်မဖဲ၏ခင်ပွန်းသည် ၁၂-၆-၂၀၁၃ရက် ညနေ ၄း၄၅နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော် ခံယူသွားပါသဖြင့် ၁၃-၆-၂၀၁၃ရက် မွန်းလွဲ ၁း၁၅နာရီ ဇိုဟိုရ်အပြီး ကျူလီယာဗလီမှ ရေဝေးကဘာရ်စတန်သို့ ပို့ဆောင်ဒါဖနာပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု

ကြံခင်းမြို့နယ်အသင်း(ရန်ကုန်)

ဘုရား၊ရဟန်း၊ကျောင်းဒါယကာ

ဦးအစိန် (ကြံခင်း)

အသက်(၉၆)နှစ်

ကြံခင်းမြို့၊ ရွာသစ်ရပ်၊ ဘုရင့်လမ်း၊ အမှတ် ၉၃နေ ဒေါ်စိုးလေး၏ခင်ပွန်း၊ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ အောင်မင်္ဂလာလမ်း၊ အမှတ် ၅ဃ/၂နေ ဒုတိယဗိုလ်မှူးကြီးသန်းဌေး(ငြိမ်း)-ဒေါ်ခင်ခင်ဌေးတို့၏အစ်ကိုသည် ၁၀-၆-၂၀၁၃ရက် (တနင်္လာနေ့) ည ၈း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၆-၂၀၁၃ရက်(အင်္ဂါနေ့)မွန်းလွဲ ၁နာရီတွင်ကြံခင်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများနှင့် အသင်းသူ အသင်းသားများအား အသိပေးအကြောင်းကြားအပ်ပါသည်။ အမှုဆောင်အဖွဲ့

ကြံခင်းမြို့နယ်အသင်း(ရန်ကုန်)

ဦးမောင်နီ (ပြင်စလူ)

အသက်(၉၀)

ရန်ကုန်မြို့၊လှိုင်မြို့နယ်၊(၁၆)ရပ်ကွက်၊ ဦးဖိုးမှန်လမ်း၊ အမှတ် ၈နေ ဒေါ်လိုင်းယား၏ခင်ပွန်း၊ ဒေါ်သန်းသန်းကြူ-ဦးခင်မောင်ဌေး၊ ဒေါ်စန်းမူ-ဦးဝမ်မင်းတို့၏ဖခင်၊ ဦးကြည်အောင်-ဒေါ်မိုးမိုး၊ (ဦးကြည်မောင်)၊ ဒေါ်နှင်း၊ ဒေါ်လှသိန်း၊ ဦးကြည်ငြိမ်း-ဒေါ်ဖြူဖြူအောင်၊ ဒေါက်တာထွေးထွေး - ဒေါက်တာစိန်နီ၊ ဒေါ်အေးအေးသန်းတို့၏ဦးလေး၊ မြေး ၁၁ယောက်တို့၏အဘိုးသည် ၁၂-၆-၂၀၁၃ရက် ည ၉း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၆-၂၀၁၃ရက် နံနက် ၁၀နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက်၇း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဇရပ်ဒါယိကာမကြီး

ဒေါ်သိန်းလှ

အသက်(၇၇)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ခိုင်ရွှေဝါလမ်း(ဗဟိုလမ်း)၊ အမှတ် ၈၃နေ (ဦးလှမောင် - ဒေါ်ချို)တို့၏သမီး၊ (ဦးကျော်ငြိမ်း)-ဒေါ်ညို၊ ဦးကျော်ရီ-ဒေါ်ယဉ်သိန်း၊ ဦးလှကြည်-ဒေါ်ယဉ်ငြိမ်း၊ ဦးခင်ဆွေ-ဒေါ်အေးအေးတို့၏ အစ်မကြီး၊ (ဦးသာရွှေ)၏ဇနီး၊ ဦးမောင်မောင်အေး - ဒေါ်တင်နွယ် (YUDE)၊ ဒေါ်နီနီရွှေ(ရုရှားဘာသာဌာန၊ MUFL)၊ ဦးမျိုးသန့်-(ဒေါ်ဥမ္မာရွှေ)၊ ဒေါ်ကြူကြူရွှေ၊ ဦးဇော်ဝင်း-ဒေါက်တာခင်သူဇာမော် (YU)တို့၏မိခင်၊ မောင်အောင်ကိုဟိန်း၊ မောင်မျိုးဟိန်း၊မရည်ဟန်ထူး၊မောင်ဘုန်းမြတ်လင်းတို့၏အဘွားသည် ၁၃-၆-၂၀၁၃ရက်(ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ကွယ်လွန်သွားပါ၍ ၁၅-၆-၂၀၁၃ရက်(စနေနေ့) နံနက် ၁၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁၉-၆-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာယူမည်ဖြစ်ပါသဖြင့် အထက်ဖော်ပြပါ ခိုင်ရွှေဝါလမ်း (ဗဟိုလမ်း) နေအိမ်သို့ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဒေါ်လှကျင်(ခ)ဒေါ်ရှုတင်

(မောင်မောင်ဘရားသား-ဦးထုပ်၊ အိတ်အမျိုးမျိုး)

အသက်(၆၄)နှစ်

ပဲခူးမြို့၊ ဈေးပိုင်းရပ်နေ (ဦးဂီစိန်-ဒေါ်ကျင်မြိုင်)၊ ပဲခူးမြို့၊ ရှင်စောပုရပ်ကွက်နေ (ဦးကျင်ဖုက် - ဒေါ်ကျင်ငှာ)တို့၏သမီး၊ ကိုနေဝင်းနိုင်-မမြင့်မြင့်အေး၊ ကိုမောင်မောင်လေး-မနိုင်နိုင်ထွေးလှိုင်၊ ကိုအောင်အောင်လေး-မအိသဲဖြူ၊ကိုလွင်နောင်လေး-မသန္တာရှိန်၊ ကိုစိန်လှအောင်-မသက်မာအေး၊ မောင်အောင်ကျော်မိုးတို့၏မိခင်၊မြေးခြောက်ယောက်တို့၏အဘွား၊ ပဲခူးမြို့၊ အမှတ် ၉၀၁၊ ရှင်စောပုရပ်ကွက်၊ ဆိုရှယ်လစ် ၃လမ်းနေ [ဦးတင်ကြည်(ခ)ဦးစံရွှေ]၏ဇနီးသည် ၁၂-၆-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁၂း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၆-၂၀၁၃ရက် (သောကြာနေ့)တွင် (ဦးတင်ကြည်-ဒေါ်လှကျင်)တို့၏နေအိမ်မှ မွန်းတည့် ၁၂နာရီတွင် ဆင်ဖြူကွင်းသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

ရဟန်း၊ ဇရပ်၊ ရေကန် ဒါယိကာမကြီး

ဒေါ်အဖိန်(ရွှေခိုင်သီရိ) (တောင်ကုတ်)

ရွှေတောင်ကုန်းသာသနာ့ရိပ်သာ

အထက(၁)သန်လျင် (အပူဇော်ခံဆရာမကြီး)

အသက်(၁၀၀)

ရခိုင်ပြည်နယ်၊ တောင်ကုတ်မြို့၊ ဂုတာရပ်နေ(ဦးအဖောက်-ဒေါ်သင်းကြိုင်)တို့၏တစ်ဦးတည်းသောသမီး၊ ဒေါ်ညီမကြီး(ခ)ဒေါ်အဖိန်(အထက်တန်းပြဆရာမ၊ ငြိမ်း၊ အထက-၁၊ သန်လျင်)၊ရန်ကုန်မြို့၊ ပဏ္ဍိတာရာမ ရွှေတောင်ကုန်း သာသနာ့ရိပ်သာ(ဗဟန်း)၊ ထေရဝါဒဗုဒ္ဓသာသနာပြန့်ပွားရေးအဖွဲ့၏ လမ်းညွှန်ဥသျှောင်နာယက၊ မဟာစည် သာသနာ့ရိပ်သာ၊ အမျိုးသမီးယောဂီ စောင့်ရှောက်ရေးအဖွဲ့၏ အတွင်းရေးမှူးဟောင်း၊ ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့၊ အမျိုးသမီးယောဂီစောင့်ရှောက်ရေးအဖွဲ့၊ ဟိတေသီအဖွဲ့၊ တိပိဋကနိကာယအဖွဲ့၊ ပဥ္စနိကာယအဖွဲ့၊ ထေရဝါဒဗုဒ္ဓသာသနာပြန့်ပွားရေးအဖွဲ့၊ မဟာသင်္ဃသုခအဖွဲ့၊ တောင်ကုတ်မြို့နယ်အဖွဲ့တို့ရာသက်ပန်အဖွဲ့ဝင်၊ အရှင်ဉာဏိသရ၏ရဟန်းမယ်တော်ကြီးသည် ၁၃-၆-၂၀၁၃ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁၂း၄၅နာရီတွင် အမှတ် ၃၇၁၊ ဗိုလ်ချုပ်လမ်း၊ အောင်သဇင်(၃)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၅-၆-၂၀၁၃ရက်(စနေနေ့)မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်၌မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင်ထွက်ခွာပါမည်။)ကျန်ရစ်သူမိသားစု

ရဟန်း၊ ဇရပ်၊ ရေကန် ဒါယိကာမကြီး

ဒေါ်အဖိန်(ရွှေခိုင်သီရိ) တောင်ကုတ်မြို့

လမ်းညွှန်ဥသျှောင်နာယက၊ပဏ္ဍိတာရာမရွှေတောင်ကုန်းသာသနာ့ရိပ်သာ

အထက(၁)သန်လျင် (အပူဇော်ခံဆရာမကြီး)

အသက်(၁၀၀)

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၃)ရပ်ကွက်၊ ဗိုလ်ချုပ်လမ်း၊ အမှတ် ၃၇၁နေ ဦးဝင်းမောင်(ဒု-ညွှန်မှူး၊ စိုက်ပျိုးရေး)-ဒေါ်အုံးမြိုင်(ကထိက၊ငြိမ်း)၊ ဦးအေးချို(MD-UAC Engineering Co., Ltd.)-ဒေါ်မြင့်မြင့်၊ ဦးအောင်သန်း-ဒေါ်ခင်ငြိမ်းတင့်(ကုန်သွယ်/လယ်ယာ)၊ ဦးအောင်ဟိန်း-ဒေါ်တင်တင်လှိုင် (ငွေစု/ချေး၊ သ/မ)တို့၏အဘွား၊ မြစ် ၁၂ယောက်၊ တီတစ်ယောက်တို့၏အဖီးသည် ၁၃-၆-၂၀၁၃ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁၂း၄၅နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၅-၆-၂၀၁၃ရက် (စနေနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ရဟန်းဒါယိကာမကြီး

ဒေါ်ခင်မြ အသက်(၈၈)နှစ်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၆)အနောက်ရပ်ကွက်၊ ဇမ္ဗူသီရိ ၂လမ်းအရှေ့၊ အမှတ် ၄၉၉နေ ဦးအေးချို (အငြိမ်းစားရဲဝန်ထမ်း)၏ဇနီး၊ ဒေါ်တင်တင်ချို (အထက-၁၊ သာကေတ၊ ငြိမ်း)၊ ဒုတိယဗိုလ်မှူးကြီးမျိုးချို(ငြိမ်း) (စက်မှုဝန်ကြီးဌာန)-ဒေါ်ခင်မာညို၊ ဦးတင်မောင်ချို(Uniteam Marine)-ဒေါ်သင့်သင့်စိမ်းတို့၏မိခင်၊ မြေးငါးယောက်၊ မြစ်သုံးယောက်တို့၏အဘွားသည် ၁၂-၆-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) ည ၁၀း၅၀နာရီတွင် သုခကမ္ဘာအထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၄-၆-၂၀၁၃ရက် (သောကြာနေ့) ညနေ ၅နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်စောကြင်(ဂျောင်ဝိုင်းကြီး)

အသက်(၉၇)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ဂျောင်ဝိုင်းကြီးကျေးရွာနေ ဦးမောင်ငယ်-ဒေါ်လှခင်တို့၏သမီး၊ ဦးဘရှင်-ဒေါ်ခါ(ခနောင်တို)တို့၏သမီးချွေးမ၊ (ဦးကျော်အုံ-ဒေါ်အေးကြိုင်)၊ ဒေါ်အေးစိန်တို့၏အစ်မ၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၁)တိုးချဲ့ရပ်ကွက်၊ တိုက် ၄၂၊ E(3)၊ မဟာမြိုင်အိမ်ရာနေ(ဦးသောင်း)၏ဇနီး၊(ဦးမြင့်ဆွေ-ဒေါ်ကြည်ကြည်)၊ (ဦးစိုးမြင့်သောင်း-ဒေါ်ဝင်းကြည်)၊ဦးအောင်မြင့်-ဒေါ်နွဲ့နွဲ့ရီ(မြင်းခြံ)၊ ဦးထိန်ဝင်း-ဒေါ်ခင်စန်းရီ၊ ဦးမျိုးခင်-ဒေါ်အေးအေးချိန်၊ ဒေါ်သင်းသင်းရီ(ရုံးအုပ်၊ ဒဂုံတက္ကသိုလ်၊ သင်တန်းရေးရာဌာန)၊ ဦးမောင်မောင်ကြည်တို့၏မိခင်၊ မြေး ၂၀၊ မြစ် ၁၈ယောက်၊ တီတစ်ယောက်တို့၏အဘွားသည် ၁၃-၆-၂၀၁၃ရက် (ကြာသပတေးနေ့)နံနက် ၇း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၆-၂၀၁၃ရက် မွန်းတည့် ၁၂နာရီတွင်ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ [ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ တိုက် ၄၂၊ E(3)၊ မဟာမြိုင်အိမ်ရာမှကားများ နံနက် ၁၀း၄၅နာရီတွင်ထွက်ခွာပါမည်။] ကျန်ရစ်သူမိသားစု

ဗိုလ်ကြီးကျော်သူရ

ကြည်း-၄၆၆၃၈(အပတ်စဉ်-၄၉)

အသက်(၂၇)နှစ်

တောင်ကြီးမြို့၊ ရတနာသီရိရပ်၊ နယ်မြေ(၇)၊ မြဝတ်ရည်လမ်း၊ အမှတ် (ရ/၅၆၂)နေ ဦးသန်းထွန်း-ဒေါ်ညွှန့် (ရှေ့ဆောင် ဘက်ထရီဆိုင်)တို့၏သား၊ ကိုဇော်မင်းထိုက်၊ ကိုဇော်မင်းထွန်း-မဌေးဌေး၊ ကိုဇော်မင်းဌေး၊ ကိုကျော်ဇေယျ-မတင်မိမိခိုင်တို့၏ညီသည် ၉-၆-၂၀၁၃ရက် (တနင်္ဂနွေနေ့) ည ၉း၅၅နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၁-၆-၂၀၁၃ရက်(အင်္ဂါနေ့)တွင် မင်္ဂလာဒုံစစ်သင်္ချိုင်းသို့ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

ဦးလှမြင့်

ငွေသိန်း(ရေစစ်)

အသက်(၉၀)

ရန်ကုန်မြို့၊ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ၄၀၈(B)၊ ရူပါရုံလမ်း၊ (၄၇)ရပ်ကွက်နေ ဒေါ်မြစိန်၏ခင်ပွန်း၊ ကိုအောင်မိုးကျော်-မခင်ညို၊ ကိုခင်မောင်ကျော်၊ ဦးဉာဏဇေ (ဖားအောက်တောရ)၊ မမော်မော်ဝင်း၊ မစုစုလှိုင်တို့၏ဖခင်၊ မြေးသုံးယောက်တို့၏အဘိုးသည် ၁၃-၆-၂၀၁၃ရက် နံနက် ၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၆-၂၀၁၃ရက် မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဦးစိန်ဝင်း

မြို့နယ်ပညာရေးမှူး(ငြိမ်း)

လက်ပံတန်း

လှည်းကူး(အထက)

ကန်တော့ခံဆရာကြီး

အသက်(၇၃)နှစ်

မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကိုင်မြို့နယ်၊ ကြက်မှျားရွာနေ(ဦးသာမျှင်-ဒေါ်သွယ်)တို့၏သား၊ ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့၊ အနောက်မင်းလမ်းနေ (ဦးကျော်-ဒေါ်သိန်းနု)တို့၏သားသမက်၊ ဦးဆန်းပေါ်-ဒေါ်တင်ထွေး၊ ဦးတင်အောင် (မြို့နယ်ပညာရေးမှူး၊ တောင်ငူ) - ဒေါ်စမ်းစမ်းတို့၏အစ်ကို၊ ဦးမောင်မောင်ဦး-ဒေါ်ချိုချိုရွှေ၊ဦးမောင်မောင်အေး-ဒေါ်ခင်လေးချို၊ ဦးမောင်မောင်ကြည်၊ ဦးအေးကျော်ဌေး-ဒေါ်တင်မသက်၊ ဦးမောင်မောင်ဌေး-ဒေါ်ဖြူဖြူဝင်း၊ ဦးမောင်မောင်မျိုး-ဒေါ်ဝင်းဝင်းမော်၊ ဦးမောင်မောင်ထွေး-ဒေါ်ကြူကြူအေးတို့၏ဖခင်၊ မြေး ၁၆ယောက်၊ မြစ်တစ်ယောက်တို့၏အဘိုးသည် ၁၃-၆-၂၀၁၃ရက်(ကြာသပတေးနေ့) နံနက် ၁၀နာရီတွင် ကွယ်လွန်သွားပါ၍ ၁၅-၆-၂၀၁၃ရက် (စနေနေ့) မွန်းတည့် ၁၂နာရီတွင် လှည်းကူးမြို့မသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု

ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ မြန်မာ့အလင်းသတင်းစာတိုက်၊ ရန်ကုန်-မန္တလေးလမ်းဟောင်း၊ ခရေပင်လမ်းခွဲ၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်တွင် ထုတ်ဝေသည်။ နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ မေးလ် mmalin.npt @ gmail.com၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ ကြော်ငြာ ၀၁-၅၄၅၈၃၄။ R /488

အင်းလေးကန်ရေရှည်တည်တံ့ရေး အကျိုးဆက်စပ်ပတ်သက်သူများနှင့် ညှိနှိုင်းဆောင်ရွက်သွားမည်

နေပြည်တော် ဇွန် ၁၃

အင်းလေးကန်ရေရှည်တည်တံ့ရေးနှင့် သဘာဝပတ်ဝန်းကျင်အခြေအနေများ ထိန်းသိမ်းရေးကော်မတီ အစည်းအဝေးကို ယနေ့နံနက် ၉ နာရီခွဲတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန သစ်တောဦးစီးဌာန အင်ကြင်းခန်းမ၌ကျင်းပရာ ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်း **(ယာပုံ)**က အင်းလေးကန်သည် မြန်မာနိုင်ငံအတွက် ရှည်လျားသော သမိုင်းအစဉ်အလာနှင့်ယဉ်ကျေးမှုအမွေအနှစ်တစ်ခုဖြစ် အင်းလေးကန် ရေရှည်တည်တံ့ရေးနှင့် သဘာဝပတ်ဝန်းကျင် အခြေအနေများ ထိန်းသိမ်းရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ပီပီပြင်ပြင်ဆောင်ရွက်သွားဖို့လိုကြောင်း၊ အင်းလေးကန် တဖြည်းဖြည်းတိမ်ကောလာပြီး ပတ်ဝန်းကျင်အခြေအနေများ ယိုယွင်းလာခြင်းသည် နှစ်ပေါင်းများစွာကတည်းက ဖြစ်ပေါ်ခဲ့သော အကြောင်းအကျိုးများကို အခြေခံလာခြင်းဖြစ်ကြောင်း၊ ခြုံငုံသုံးသပ်ရလျှင် လူမှုစီးပွားရေးအခြေအနေ၊ သဘာဝပတ်ဝန်းကျင်အခြေခံများ ပြောင်းလဲလာမှုနှင့် ရာသီဥတုပြောင်းလဲမှုတို့ကြောင့် ဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် ၂၀၁၀ ခုနှစ် နွေရာသီတွင် ရာသီဥတုပြောင်းလဲမှုကြောင့်အင်းလေးကန်နှင့်ဒေသနေတိုင်းရင်းသားများ ထိခိုက်ခဲ့မှုအခြေအနေများ ဖြစ်ပေါ်ခဲ့၍ အင်းလေးကန်ရေရှည်တည်တံ့ရေးနှင့် သဘာဝပတ်ဝန်းကျင်အခြေအနေများ ထိန်းသိမ်းရေးအမျိုးသားအဆင့်ကော်မတီကို ဖွဲ့စည်းပြီး အင်းလေးကန် ရေရှည်

တည်တံ့ရေးနှင့် သဘာဝပတ်ဝန်းကျင်အခြေအနေများ ထိန်းသိမ်းရေး ငါးနှစ်လုပ်ငန်းစီမံချက်ရေးဆွဲ၍ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြောင်း၊ စီမံချက်တွင် ဇုန်များခွဲခြားဆောင်ရွက်သော မဟာဗျူဟာချမှတ်ပြီး လုပ်ငန်းခေါင်းစဉ်ကြီး ငါးရပ်နှင့် လုပ်ငန်းအမယ်ပေါင်း ၃၅ ခုကို သတ်မှတ်ရေးဆွဲ၍ အကောင်အထည်ဖော်လျက်ရှိကြောင်း။

စာမျက်နှာ ၅ ကော်လံ ၃ ○

မြန်မာဝူရှူးရွှေဆုမှန်း လေ့ကျင့်နေ

သတင်း-ညီမြတ်သော်တာ၊ ဓာတ်ပုံ-စိုးညွန့်

ဝူရှူးအားကစားနည်းဆိုသည်နှင့် အရှေ့တောင်အာရှအဆင့်၊ အာရှအဆင့်သာမက ကမ္ဘာ့အဆင့်အထိ ထိုးဖောက်အောင်မြင်နေသည့် မြန်မာအားကစားသမားများ၏ ပုံရိပ်များမှာ မြန်မာအားကစား ပရိသတ်များနှင့် ရင်းနှီးကျွမ်းဝင်ပြီးဖြစ်သည်။ မြန်မာဝူရှူးအားကစားသမားများမှာ ဆီးဂိမ်းပြိုင်ပွဲတွင် ရွှေ၊ ငွေ၊ ကြေး ဆုတံဆိပ်များလည်း မလွတ်တမ်းရယူနိုင်သည့် အားကစားအဖွဲ့ဖြစ်သည်။

နှစ်ပေါင်း ၄၄ နှစ်အကြာတွင် မြန်မာ့မြေပေါ်တွင် တစ်ကျော့ပြန် ပြန်လည်ကျင်းပမည့် (၂၇)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် အောင်မြင်မှုများရရှိရေးအတွက် ပြင်းပြင်းထန်ထန်လေ့ကျင့်ပြင်ဆင်မှုများ ပြုလုပ်လျက်ရှိသည်။ ဆီးဂိမ်းပြိုင်ပွဲကို ယှဉ်ပြိုင်ရန်အတွက် မြန်မာဝူရှူးအဖွဲ့သည် ပဏာမလက်ရွေးစင်ကစားသမား ၂၈ ဦးဖြင့် လေ့ကျင့်ပြင်ဆင်လျက်ရှိသည်။ ထောက်လုအားကစားနည်း၌ အမျိုးသား ကိုးဦး၊ အမျိုးသမီး ငါးဦး၊ ဆန်ဆိုအားကစားနည်း၌ အမျိုးသား ၁၁ ဦး၊ အမျိုးသမီး သုံးဦးတို့ကို ရွေးချယ်ထားပြီး တရုတ်နည်းပြလေးဦး၊ မြန်မာနည်းပြများဖြစ်သည့် ဦးခင်စိုး၊ဦးဟာဟုန်း၊ ဒေါ်ဆွေဆွေသန့်နှင့် ဦးမင်းမင်းထွန်းတို့က လေ့ကျင့်ပေးလျက်ရှိသည်။

မြန်မာဝူရှူးအဖွဲ့သည် ဆီးဂိမ်းပြိုင်ပွဲအတွက် ပြင်ဆင်မှုအနေဖြင့် တရုတ်နိုင်ငံတွင် သုံးလကြာ ပူးတွဲလေ့ကျင့်မှုများ သွားရောက် ပြုလုပ်မည်ဖြစ်သည်။

စာမျက်နှာ ၅ ကော်လံ ၁ ◆

မြန်မာဝူရှူးအားကစားသမား အောင်စည်သူ။

နွေစပါးတစ်ကေလျှင် တင်း ၂၀မှ တင်း ၃၀ အထိပိုမိုထွက်ရှိ စပါးစိုက်တောင်သူများစပါးလည်းပို၊ ဈေးလည်းရ၍ဝမ်းသာ

ရန်ကုန် ဇွန် ၁၃

သတင်းမှတ်စု-အောင်သန်း (မင်္ဂလာတောင်ညွန့်)

နွေစပါးများ ဈေးကောင်းရနေသော်လည်း စားသုံးသည့် နွေဆန်များကတော့ ဈေးအနည်းငယ်ကျဆင်းလာသည်။ မေလအတွင်းက စပါးတင်း ၁၀၀လျှင် ငွေကျပ် ၃၇၀၀၀၀ အမြင့်ဆုံးဈေးရှိရာမှ ယခုဇွန်လ ဒုတိယပတ်အတွင်း ငွေကျပ် ၄၁၂၅၀၀ အထိ ဆန်စက်ပိုင်ရှင်များ၊ ကုန်သည်ကြီးများက ဈေးပေးကာ ဝယ်ယူသိုလှောင်ကြသဖြင့် ငွေကျပ်လေးသောင်းကျော်ပိုမြင့်တက်လာခြင်းဖြစ်သည်။ နည်းမှန်စနစ်မှန် စိုက်ပျိုးမှုများကြောင့် ယခင်နှစ်ကထက် နွေစပါးတစ်ကေလျှင် တင်း ၂၀မှ တင်း ၃၀ အထိ ပိုမိုထွက်ရှိခဲ့သဖြင့် စပါးစိုက်တောင်သူများမှ စပါးလည်း ပိုထွက်၊ ဈေးလည်းမြင့်လာသဖြင့် ဝမ်းမြောက်ဝမ်းသာ ဖြစ်နေကြကြောင်း ရန်ကုန်မြို့ လမ်းမတော်မြို့နယ် ဝါးတန်းလမ်းရှိ မြန်မာနိုင်ငံဆန်စပါး ကုန်သည်များအသင်း (ကုန်စည်ဒိုင်) မှ သိရှိရသည်။

"ဆန်ဈေး အနည်းငယ်သာကျတာပါ၊အများကြီးကျတာမဟုတ်ပါဘူး။ ဆန်ကို မိုးတွင်းမှာအများကြီးဝယ်မလှောင်ရဲဘူးလေ။ အစိုဓာတ်ရှိတော့ အထားအသိုမတတ်ရင် အဝါဖောက်ပြီး အရှုံးပေါ်သွားမှာမို့ပါ။ မနှစ်က ဒီလိုအချိန်မျိုးမှာ နွေရာသီထပ်(ရှယ်)တို့ ငွေကျပ် ၁၅၈၀၀ အမြင့်ဆုံးရှိခဲ့ပြီး ဒီနေ့အမြင့်ဆုံးက တစ်အိတ်ကို ငွေကျပ် ၁၇၇၀၀ ရှိတော့ မနှစ်ကထက် တစ်အိတ်ကို ငွေကျပ် ၁၉၀၀လောက်ပိုသေးတယ်" ဟု ဈေးကျသည်ဆိုသော်လည်း မနှစ်ကထက်စာရင် ဈေးမြင့်ပါသေးကြောင်း ကုန်စည်ဒိုင်အတွင်းရေးမှူး ဦးတင်ဦးက ပြောသည်။

ရွှေဘိုပေါ်ဆန်းကတော့ ဈေးမကျ၊ လူကြိုက်များသည်၊ စားသောက်ဆိုင်ကြီးများနှင့် ဟိုတယ်ကြီးများက

စာမျက်နှာ ၉ ကော်လံ ၃ ●

ယနေ့ မာတိကာ

ပုစွန်ရောဂါကျရောက်မှု ကွင်းဆင်းစစ်ဆေး ဆောင်ရွက်လျက်ရှိ စာ - ၂

သေဆုံးကျွဲသား စားမိသူများ ဆေးရုံတက် ကုသရ စာ - ၅

ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးနှင့် အများပြည်သူဝန်ဆောင်မှုမီဒီယာ(၃) ဆောင်းပါး စာ - ၆

၂၀၁၄ ပညာသင်နှစ် ဘွဲ့လွန်ဆေးပညာသင်တန်းများ ဝင်ခွင့်အတွက် လျှောက်လွှာများခေါ်ယူ စာ - ၇

၂၀၁၃ MNL အမှတ်ပေးပြိုင်ပွဲ ပြန်လည်စတင်မည် စာ - ၁၁

လိုင်စင်မဲ့ဆိုင်ကယ်များ ပြေးဆွဲနေသည့်အတွက် ဆိုက်ကားဆရာတို့ စားဝတ်နေရေးအခက်ကြုံ စာ - ၁၂

ပုဂံယဉ်ကျေးမှု အမွေအနှစ်ဒေသ ဇုန်ဝင်ကြေးများ တိုးမြှင့်မည် စာ - ၁၃

ကြော်ငြာအချပ်ပိုပါရှိ

ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် ကြော်ငြာစာမျက်နှာ အချပ်ပို (က)မှ (ဃ)အထိ ပါရှိပါသည်။

Switch to the power of design

:hager

A Leading European Manufacturer

Sole Distributor: စူပါ ပါဝါလျှပ်စစ်

Super Power Electric Industry Co., Ltd.

ရွှေဂုံပဒေသာ၊ ကမ္ဘာအေးဘုရားလမ်းနှင့် ရွှေဂုံတိုင်လမ်းဒေါင့်၊ ဗဟန်းမြို့နယ်။ Tel: 01 552594, 558386, 558422